



mgyoe.com SAMPLE BOOK

# ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာ ပြဿနာများ

ဦးဇော်မင်း ၊နတ်မောက်၊

(ဒုတိယအကြိမ်)



mgyoe.com

mgyoe.com SAMPLE BOOK

- ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ ၂၀၁၂ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတို့ ပေါ်ထွက်လာပြီးနောက် မြေယာပြဿနာများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရသည်။ လယ်ယာမြေ ဥပဒေ၏ မပြည့်စုံမှု၊ ပြဋ္ဌာန်းချက်အချို့သည် တောင်သူတို့၏ သဘော သဘာဝနှင့် လိုက်လျောညီထွေ မဖြစ်မှု၊ ဗဟိုအဆင့်မှ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန် ရှင်းလင်းမပေးနိုင်မှု၊ လယ်/စီအဖွဲ့ အဆင့်ဆင့်၏ အားနည်းမှု စသည်တို့ကြောင့် လယ်ယာမြေ ဥပဒေကို ကိုင်တွယ်ကျင့်သုံးရာတွင်လည်းကောင်း၊ လယ်ယာမြေ ပြဿနာများ ဖြေရှင်းရာတွင်လည်းကောင်း အခက်အခဲများ ရှိနေသည်ကို မြင်တွေ့နေရပါသည်။ ယခုစာအုပ်တွင် ပါဝင်သော ဆောင်းပါး အများစုသည် လယ်ယာမြေ ဥပဒေ၏ အားနည်းချို့ယွင်းမှုများ၊ ယင်းကြောင့် ဖြစ်ပေါ်နေသော ပြဿနာများကို ဦးတည် ဆွေးနွေး တင်ပြထားပါသည်။
- တောင်သူလယ်သမားများအတွက် အထောက်အကူပြုနိုင်စွမ်း နည်းပါးနေသည့်အပြင် ဝန်ထုပ်ဝန်ပိုးများ ပါဝင်နေသော၊ မြေယာစီမံခန့်ခွဲနိုင်ရေးအတွက် အားနည်းချက်များ ပါရှိနေသော ၂၀၁၂ လယ်ယာမြေ ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိပြီး တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ခွင့် အခွင့်အရေးများအတွက် အပြည့်အဝ အာမခံပေးနိုင်သည့် ဥပဒေအဖြစ် ပြင်ဆင်နိုင်ရေး ထည့်သွင်း စဉ်းစားသင့်သည့် အချက်များကို စာရေးသူ ရှုမြင်သည့် ရှုထောင့်မှ မီးမောင်းထိုး တင်ပြထားခြင်း ဖြစ်ပါသည်။

Wisdom House

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေရဲ့ ရည်ရွယ်ရင်းက အခြေအနေ အချိန်အခါအရ နိုင်ငံတော် အဖွဲ့အစည်းတွေ၊ အစိုးရဌာန၊ အသင်းအဖွဲ့တွေနဲ့ ကုမ္ပဏီတွေက အများပြည်သူအကျိုးငှာ မြေသိမ်းဖို့အကြောင်း ပေါ်ပေါက်လာရင် အသိမ်းခံရသူတွေရဲ့ နစ်နာဆုံးရှုံးမှုတွေ၊ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို တရားနည်းလမ်းကျအောင် ဥပဒေနဲ့အညီ စိစစ်ဖြေရှင်းပေးနိုင်ရေး၊ မြေသိမ်းယူတဲ့ကိစ္စရပ်တွေမှာ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အစိုးရကိုယ်စား ကိုင်တွယ် ဆောင်ရွက်ရမယ့် တာဝန်ခံ အရာရှိတွေ ခန့်အပ်နိုင်ရေး၊ မြေသိမ်းအရာရှိရဲ့ အခွင့်အာဏာ သတ်မှတ် တာဝန်ပေးနိုင်ရေး၊ သိမ်းယူတဲ့မြေအတွက် ထိုက်သင့်တဲ့ လျော်ကြေးတွေ၊ နစ်နာကြေးတွေ ဆုံးဖြတ် တွက်ချက်ပြီး အကျိုးစီးပွား သက်ဆိုင်သူတွေကို မြန်မြန်ဆန်ဆန် လျော်ကြေးပေးချေနိုင်ရေး၊ သိမ်းယူမြေကို ဆိုင်ရာဌာန အဖွဲ့အစည်းဆီ စနစ်တကျလက်ရောက်လွှဲပြောင်း အပ်နှံနိုင်ရေးတို့အတွက် နည်းလမ်း၊ လုပ်ထုံးလုပ်နည်းတွေ စနစ်တကျ ရှိစေရေးတို့ကို ရည်ရွယ်ပြဋ္ဌာန်းခဲ့တာဖြစ်ကြောင်း တွေ့ရပါတယ်။

*မြေသိမ်းသည့်အခါတွင်* **မှ**

- ၁၉၆၃ သီးစားချထားရေး ဥပဒေအရ မြေယာစနစ် တော်လှန်ရေး ဆိုတဲ့ အဟုန်ကြောင့် လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့် ရရှိစေရမယ်ဆိုတဲ့ မူဝါဒထွန်းကားလာပါတယ်။ မြေယာမှုခင်း ဖြစ်ရင်လည်း ပိုင်ဆိုင်မှုကို ဦးစားမပေးဘဲ လုပ်ကိုင်မှုကိုသာ ဦးစားပေးပြီး မြေကို ဘယ်သူ လုပ်နေသလဲ၊ လက်ရှိလက်ငုတ် ဘယ်သူလဲ ဆိုတဲ့ လုပ်ကိုင်နေတဲ့ အခြေအနေအရသာ မူတည်စဉ်းစား ဆောင်ရွက်ပေးပါတယ်။ ဘိုးဘပိုင်တွေ ဘာတွေ လုံးဝ ထည့်သွင်းမစဉ်းစား မသုံးသပ်တော့တာကြောင့် ပိုင်ဆိုင်မှုအစား လုပ်ကိုင်မှုအတွက်သာ ဆုံးဖြတ်ပေးတဲ့လမ်းကြောင်း ဖြစ်လာပါတယ်။

*ဘိုးဘပိုင် လယ်ယာမြေများတွင် ပိုင်ဆိုင်မှု အခွင့်အရေး*
*ကျန်ရှိပါသေးသလား* **မှ**

mgyoe.com

mgyoe.com SAMPLE BOOK

- မြေပိုင်မြေ ရထားတယ် ဆိုတိုင်း မြေခွန်ကင်းလွတ်ခွင့် မရနိုင်ပါဘူးလို့ ပြောရပါမယ်။ နိုင်ငံတော်နဲ့ အခွန်အာဏာပိုင် အရာရှိက အခုချပေးတဲ့ မြေအမျိုးအစားကို မြေခွန်ကင်းလွတ်ခွင့်ပြုတယ်လို့ အတိအလင်း တရားဝင် ကြေညာ သတ်မှတ်ထားချက်တွေ၊ အမိန့်တွေ မရှိခဲ့ရင် ယင်းမြေအတွက် ထိုက်သင့် မြေခွန် ထမ်းဆောင်ဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။ တိုင်းကျိုးပြည်ကျိုးနဲ့ သာသနာအတွက် ချပေးတဲ့ အပိုင်ဂရန်တွေမှာ ဖော်ပြထားသလို ယခုကိစ္စရပ် အသုံးပြုနေသမျှ မြေခွန်လွတ်ငြိမ်းခွင့်ပြုသည်လို့ တရားဝင်ဖော်ပြ သတ်မှတ်ပေးမှ မြေခွန်လွတ်ငြိမ်းခွင့် ရရှိနိုင်ပါတယ်။ မိမိတို့ကို ချပေးတဲ့ ပိုင်ဆိုင်ခွင့်ရမြေမှာ အဲဒီလို သတ်မှတ်ပေးချက် မရှိရင်တော့ အစိုးရ သတ်မှတ်တဲ့ မြေခွန်ကို ထမ်းဆောင်ဖို့ အချက်က အားသာမှာ ဖြစ်ပါတယ်။

*လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (**Land Holder's Right**) နှင့်*
*ဘိုးဘပိုင်မြေ၊ အပိုင်ဂရန်မြေများ မြေခွန်ကင်းလွတ်ခွင့် ရ မရ* မှ

- အောက်မြန်မာပြည် မြေခွန်တော် ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းတွေ ပြဋ္ဌာန်းခါစမှာ တစ်ပြည်လုံး စနစ်ကျနတဲ့ ကြေးတိုင်စိုက်ခြင်း၊ မြေမျိုးအတန်းအစားအလိုက် မြေခွန်နှုန်းထားတွေ သတ်မှတ်ကောက်ခံခြင်းမပြုရသေးပါဘူး။ မြေကိုအသုံးချပြီး စိုက်ပျိုးလုပ်ကိုင် နေထိုင်နေတဲ့သူ အားလုံးထံက အခွန်တော် မလစ်လပ်လေရအောင် အချို့နေရာတွေမှာ မြေခွန်၊ အချို့နေရာတွေမှာ သီးနှံခွန်၊ အချို့နေရာမှာ လူခွန်တွေ ကောက်ခံရာမှာ scheduled town စာရင်းဝင်မြို့အဖြစ် သတ်မှတ်ထားတဲ့ မြို့တွေမှာ နေထိုင်သူတွေကိုတော့ အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က)နဲ့ အထက်မြန်မာပြည် မြေခွန်တော်စည်းမျဉ်းအမိန့်ဆင့်ဆိုချက် (၁၈၄) အရ လူခွန်မထမ်းဆောင်စေရပါဘူး။ လူခွန်အစား မြေခွန်ကိုသာ ထမ်းဆောင်စေပါတယ်။

*လူခွန်တော်နှင့် **The SCHEDULED TOWN** စာရင်းဝင်မြို့* မှ

- တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေမှာ တောင်သူလယ်သမားတွေ ရရှိနိုင်တဲ့ အခွင့်အရေးတွေဟာ ဘယ်ကိစ္စရပ်တွေအတွက် ဘယ်သို့သော အချက်တွေက ဘယ်လိုနည်းလမ်းနဲ့ ရနိုင်တဲ့ အခွင့်အရေး ဖြစ်တယ်လို့ ဖော်ပြမထားမှု၊ တောင်သူလယ်သမား အခွင့်အရေးဆိုရာမှာ ဘယ်လိုအချက်တွေ၊ အခွင့်အလမ်းတွေ ပါဝင်တယ် ဆိုတာကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထားမှု မရှိခြင်းနဲ့ ယင်းအခွင့်အရေးတွေအတွက် ဥပဒေရဲ့ ဘယ်သို့သော အကာအကွယ် အစောင့်အရှောက်ကို ဘယ်လိုအခါမှာ ဘယ်လိုနည်းတွေနဲ့ ရရှိနိုင်မယ် ဆိုတဲ့ အချက်တွေကို ရှင်းရှင်းလင်းလင်း မဖော်ပြထားခြင်းဟာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်တဲ့ ဥပဒေရဲ့ အားနည်းချက် ဖြစ်ပါတယ်။

*တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး လာလုလုငေး* မှ

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE

စာအုပ် ၁၇၆

# ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာ ပြဿနာများ

## ဦးဇော်မင်း ၊နတ်မောက်၊

ဒုတိယအကြိမ်

WISDOM HOUSE

၀၉-၂၅၄၁၄၈၅၆၈၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀၄၁၈၅၇၇။

Wisdom House Publishing Facebook Page ကို

@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။

https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ |
| ဒုတိယအကြိမ် | ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊<br>အခန်း (၂၀၄)၊ တိုက် (၈၇၅-၈၇၆)၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)၊<br>အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးငွေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ကျပ် [redacted] ကျပ် [redacted] ၁၂၀၀၀ |

၃၃၀

ဇော်မင်း၊ ဦး (နတ်မောက်)

ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေဥပဒေဆိုင်ရာ ပြဿနာများ /

ဦးဇော်မင်း (နတ်မောက်) - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၂၁။

၂၇၅ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေဥပဒေဆိုင်ရာ ပြဿနာများ (ဒုတိယအကြိမ်)


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးဇော်မင်း (နတ်မောက်)

အဖ နတ်မောက်ဦးဘုန်းကျော်၊ အမိ ဒေါ်အေးရီ (ညီညက်) တို့မှ ရန်ကုန်မြို့ စမ်းချောင်းရပ်တွင် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မူလတန်းနှင့် အလယ်တန်းပညာများကို မြို့မအမျိုးသား အထက်တန်းကျောင်း [အထက (၂)၊ ဒဂုံ]၊ အထက်တန်းပညာကို အထက (၂) ကြည့်မြင်တိုင်နှင့် အထက (၁) တာမွေတို့တွင် သင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဓာတုဗေဒ) ရရှိသည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ယဉ်မင်းလတ် (ရန်ကုန်တက္ကသိုလ်)၊ ကိုဇော် (နတ်မောက်) ကလောင်အမည်များဖြင့် ဝတ္ထုများ စတင် ရေးသားခဲ့ပြီး ၁၉၇၄ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ရေးသားခဲ့သော စိမ့်မြိုင်က စောင်းသမား ဝတ္ထုတိုကို ဒါရိုက်တာ မောင်တင်ဦးနှင့် ၁၉၇၆ ၌ ရုပ်ရှင်ရိုက်ကူးခဲ့သည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ရာထူးဖြင့် ၁၉၇၆ တွင် ဝင်ရောက်အမှုထမ်းသည်။ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ခရိုင်မြေစာရင်းဦးစီးမှူးအဖြစ် နမ့်ခမ်း၊ ဖျာပုံ၊ ကျိုက်လတ်မြို့နယ်များတွင် လည်းကောင်း၊ ဗဟိုမြေယာကော်မတီ (ရှင်းလင်းရေး) ဌာနခွဲ၊ လယ်ယာသန်းခေါင်စာရင်း စီမံကိန်းရုံးနှင့် အောက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာနများတွင် လည်းကောင်း၊ ဖျာပုံခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်များတွင် လည်းကောင်း အမှုထမ်းခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာန၌ ဒု-ပြည်နယ်ဦးစီးမှူး၊ ၂၀၀၆ ခုနှစ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မြေယာစီမံဌာနခွဲ၌ ဒုတိယညွှန်ကြားရေးမှူး၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး၊ ၂၁၁၁ မှ ၂၀၁၂ အထိ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ နိုဝင်ဘာလတွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

၁၉၉၀-၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ လယ်ယာသန်းခေါင်စာရင်း ဘာသာရပ်များကို F.A.O Fellowship Program ဖြင့် သွားရောက်

mgyoe.com

mgyoe.com SAMPLE BOOK
သင်ကြားခဲ့သည်။ ၂၀၀၇ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ဌာနတာဝန်ဖြင့် လေ့လာရေး သွားရောက်ခဲ့သည်။

အငြိမ်းစား ယူခဲ့ပြီးနောက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးတွဲ၍ တောင်သူအသိအမြင်ဖွင့် မြေယာဥပဒေ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို နယ်လှည့် ဆောင်ရွက်ရင်း မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မြေယာစီမံခန့်ခွဲမှု ပညာပေးဆောင်းပါးများကို ကိုဇော် (နတ်မောက်) ကလောင်အမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသား တင်ပြလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် Wisdom House စာအုပ်တိုက်မှ 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ'စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။

ယခုအခါ ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေး အစီအစဉ် (UN-HABITAT) အောက်ရှိ LAMP (Land Administration and Management Program) စီမံကိန်းတွင် Land Management Consultant အဖြစ် ဆောင်ရွက်ရင်း တိုက်အမှတ် (၄/၄)၊ အခန်း (၁၄)၊ ရွှေအုန်းပင်အိမ်ရာ အမှတ် (၄)၊ အမှတ် (၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ

◆ စာရေးသူ၏ အမှာစာ က
၁။ မြေသိမ်းသည့်အခါတွင် ၁
၂။ လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Land Holder's Right) နှင့်
ဘိုးဘပိုင်မြေ၊ အပိုင်ဂရန်မြေများ မြေခွန်ကင်းလွတ်ခွင့် ရ မရ ၁၉
၃။ ဘိုးဘပိုင် လယ်ယာမြေများတွင် ပိုင်ဆိုင်မှု အခွင့်အရေး
ကျန်ရှိပါသေးသလား ၄၉
၄။ လူခွန်တော်နှင့် The SCHEDULED TOWN စာရင်းဝင်မြို့ ၅၉
၅။ မြေယာမှုခင်းများ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဗဟိုလယ်/စိ၏
ညွှန်ကြားချက်များ ပြည့်စုံရန် လိုအပ်ခြင်း အပိုင်း (၁) ၆၉
၆။ မြေယာမှုခင်းများ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဗဟိုလယ်/စိ၏
ညွှန်ကြားချက်များ ပြည့်စုံရန် လိုအပ်ခြင်း အပိုင်း (၂) ၈၅
၇။ မြေယာမှုခင်းများ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဗဟိုလယ်/စိ၏
ညွှန်ကြားချက်များ ပြည့်စုံရန် လိုအပ်ခြင်း အပိုင်း (၃) ၉၇
၈။ ပုဒ်မ ၃ (က) လယ်ယာမြေ ဆိုသည့် စကားရပ်တွင်
အကျုံးဝင် မဝင် သတ်မှတ်ပေးရန်ကိစ္စ ၁၁၇
၉။ လ-န/၃၉ မှသည် လယ်ယာမြေ ပုဒ်မ ၃၀ သို့ ၁၂၇
၁၀။ လယ်ယာမြေ ဥပဒေတွင် တောင်တန်းဒေသ တိုင်းရင်းသားများအတွက်
တောင်ယာလုပ်ပိုင်ခွင့် မပါရှိသေးပါ ၁၃၉
၁၁။ မရှက်ဘူးလား မကြောက်ဘူးလား၊ အပြောကြူးတဲ့ မင်းညီနောင်
တို့လယ်ဆည်က မောင် ၁၅၁
၁၂။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး လာလုလုငေး ၁၅၉

mgyoe.com

mgyoe.com SAMPLE BOOK

၁၃။ လယ်ယာမြေ ပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်း မရှိသည့်အပြင်
တောင်သူလယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့်များအတွက်
ပြည့်စုံလုံလောက်မှု မရှိသည့် ၂၀၁၂ လယ်ယာမြေ ဥပဒေ ၁၈၃

၁၄။ မြေကြီးမြေပုံနှင့် မြေစာရင်း မှန်ကန်ရေး
ဦးစားပေး ဆောင်ရွက်ပေးရန် လို ၂၃၉

၁၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းမှု၊
နေထိုင်မှုအတွက် နိုင်ငံတော်အစိုးရထံမှ လျှောက်ထား ရရှိနိုင်သည့်
မြေအမျိုးအစားများ ၂၅၁

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာစာ

Wisdom House စာပေမှ ထုတ်ဝေခဲ့သော စာရေးသူ၏ ပထမစာအုပ်ဖြစ်သည့် 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ' စာအုပ်သည် မြေယာ စီမံခန့်ခွဲရေးနှင့် စပ်ဆိုင်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဗဟုသုတ ဆည်းပူးသူများနှင့် စာရေးသူ၏ On Line ပေါ် ရေးသားတင်ပြမှုများကို အဆက်မပြတ် ဖတ်ရှုအားပေးနေသည့် မိတ်ဆွေများအတွက် အထိုက်အလျောက် စိတ်ကျေနပ်မှု ဖြစ်စေ၍ ပညာဗဟုသုတ ရရှိစေခဲ့မည်ဟု ယုံကြည်ပါသည်။ ၎င်းတို့၏ အားပေးတိုက်တွန်းမှုဖြင့်ပင် ယခု ဒုတိယစာအုပ် 'ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာ ပြဿနာများ' ကို ထပ်မံထုတ်ဝေရပါသည်။

စာရေးသူသည် မြေယာစီမံခန့်ခွဲရေးကဏ္ဍတွင် အဓိက Institution တစ်ခု ဖြစ်သော ကြေး/မြေဌာနမှ သက်ပြည့်အငြိမ်းစားယူပြီးစဉ်မှစ၍ NGO များ၊ တောင်သူလယ်သမားကွန်ရက်များ၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စများအတွက် ဆောင်ရွက်နေကြသော အသင်းအဖွဲ့များ၏ ဖိတ်ခေါ်မှုဖြင့် တောင်သူ အသိအမြင်ဖွင့် Land Laws & Land Right Awareness Training and Workshop များတွင် ကူညီဆောင်ရွက်ပေးလာခဲ့သည်။ နိုင်ငံ တစ်နံတစ်လျားသို့ သွားရောက်ရင်း တွေ့ကြုံလာရသည့် လယ်ယာမြေ ဥပဒေ၏ အကျိုးမသက်ရောက်မှုများ၊ တောင်သူများ၏ မြေယာ ပြဿနာများကို Facebook တွင်လည်းကောင်း၊ တောင်သူကြီးများ (The FARMER) ဂျာနယ်တွင်လည်းကောင်း ရေးသား တင်ပြခဲ့ပါသည်။

မြေယာပြဿနာ ဆိုသည်မှာ မူလကပင် သိမ်မွေ့ ရှုပ်ထွေးတတ်သည့် သဘောသဘာဝ ရှိပြီး ဖြစ်သည်။ မြေယာမှုခင်းများတွင် ယင်း



mgyoe.com

mgyoe.com SAMPLE BOOK

မြေနှင့် ပတ်သက် မှုရှိနေကြသော ညီအစ်ကို မောင်နှမချင်း၊ ဆွေမျိုး မိဘ ညီနောင်သားချင်း အချင်းချင်း၊ မြေရှင်နှင့် ၎င်း၏ ငယ်မွေးခြံ ပေါက် လူရင်းမိတ်ရင်း (သီးစား/သူရင်းငှား/အဖက်ချသမား) အချင်း ချင်း ဖြစ်တတ်လေ့ရှိပြီး သူစိမ်းတစ်ရံဆံ ပါဝင်မှု အလွန်နည်းပါးပါ သည်။ ၎င်းတို့အချင်းချင်းအကြား ဖြစ်စဉ်နှင့် ဇာစ်မြစ်ကို အမှန် ရရှိ အောင် ဖော်ထုတ်နိုင်သည်နှင့်အမျှ မှန်ကန်တရားမျှတသော ဆုံးဖြတ် ချက် ချမှတ်နိုင်သည်ဖြစ်ရာ စိတ်ဝင်စားစရာ ကောင်းသလို ခြေလှမ်း မမှားအောင် သတိပြုရသည့် အချက်များ၊ အတွေ့အကြုံ ဝမ်းစာနှင့် သမ္မာ လိုအပ်ချက်များလည်း ရှိနေပါသည်။

တရားမျှတသော ဆုံးဖြတ်ချက် ဆိုသည်မှာ တည်ဆဲဥပဒေနှင့် အညီ မျှတမှန်ကန်အောင် ဆုံးဖြတ်ခြင်းကို ဆိုလိုရင်း ဖြစ်သည်။ ယခင် က မြေယာပြဿနာများကို ဖြေရှင်းရာတွင် ၁၉၅၃ လယ်/နိုင်ဥပဒေ၊ ၁၉၆၃ သီးစားချထားရေး ဥပဒေ၊ ဗဟိုမြေယာကော်မတီ ညွှန်ကြား ချက်တို့တွင် ပြဋ္ဌာန်းထားချက်များကို ဆရာသမားများ၏ လမ်းညွှန်မှု နှင့် မိမိအတွေ့အကြုံ ပေါင်းစပ် ခြိုင့် သုံးသပ်၍ ယင်းဘောင်များ အတွင်း လိုက်နာဆောင်ရွက်ရုံဖြင့် လုံလောက်နိုင်ပါသည်။ သို့သော် ၂၀၁၂ တွင် အထက်ပါ ဥပဒေများကို ရုပ်သိမ်း၍ ၂၀၁၂ လယ်ယာ မြေ ဥပဒေ၊ ၂၀၁၂ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတို့ ပေါ်ထွက်လာပြီးနောက် မြေယာပြဿနာများ ပိုမိုရှုပ်ထွေး လာသည်ကို တွေ့ရသည်။ လယ်ယာမြေ ဥပဒေ၏ မပြည့်စုံမှု၊ ပြဋ္ဌာန်း ချက် အချို့သည် တောင်သူတို့၏ သဘောသဘာဝနှင့် လိုက်လျော ညီထွေ မဖြစ်မှု၊ ဗဟိုအဆင့်မှ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန် ရှင်းလင်းမပေးနိုင်မှု၊ လယ်/စီအဖွဲ့ အဆင့်ဆင့်၏ အား နည်းမှု စသည်တို့ကြောင့် လယ်ယာမြေ ဥပဒေကို ကိုင်တွယ်ကျင့်သုံး ရာတွင် လည်းကောင်း၊ လယ်ယာမြေ ပြဿနာများ ဖြေရှင်းရာတွင် လည်းကောင်း အခက်အခဲများ ရှိနေသည်ကို မြင်တွေ့နေရပါသည်။

ယခုစာအုပ်တွင် ပါဝင်သော ဆောင်းပါးအများစုသည် လယ်ယာ မြေ ဥပဒေ၏ အားနည်းချို့ယွင်းမှုများ၊ ယင်းကြောင့် ဖြစ်ပေါ်နေသော ပြဿနာများကို ဦးတည်ဆွေးနွေး တင်ပြချက်များ ဖြစ်ပါသည်။ ပထမ အကြိမ် အစိုးရသက်တမ်းကာလအတွင်းကပင် ပြည်သူ့ခေတ်၊ ပြည်သူ့ အရေးနှင့် The Farmer ဂျာနယ်တို့မှတစ်ဆင့် ဝေဖန် ထောက်ပြ ရေးသားခဲ့သော ဆောင်းပါးများ၊ မှတ်စုများအနက်မှ ယနေ့အထိ အံဝင်



mgyoe.com

mgyoe.com
SAMPLE BOOK

နေသေးသော ဆောင်းပါးတချို့ကို ရွေးချယ်၍လည်းကောင်း၊ လူသိနည်းသည့် ဘိုးဘပိုင်မြေများဆိုင်ရာ ကိစ္စရပ်များ၊ On Line ပေါ်တွင် တင်ပြခဲ့ဖူးသော ဆောင်းပါးများထဲမှ သင့်လျော်ရာတချို့ကို ပြင်ဆင်ဖြည့်စွက်၍လည်းကောင်း စုစည်း ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

အဓိကအားဖြင့် တောင်သူလယ်သမားများအတွက် အထောက်အကူပြုနိုင်စွမ်း နည်းပါးနေသည့်အပြင် ဝန်ထုပ်ဝန်ပိုးများ ပါဝင်နေသော၊ မြေယာစီမံ ခန့်ခွဲနိုင်ရေးအတွက် အားနည်းချက်များ ပါရှိနေသော ၂၀၁၂ လယ်ယာမြေ ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေ ရှိပြီး တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ခွင့် အခွင့်အရေးများအတွက် အပြည့်အဝ အာမခံပေးနိုင်သည့် ဥပဒေအဖြစ် ပြင်ဆင်နိုင်ရေး ထည့်သွင်း စဉ်းစားသင့်သည့် အချက်များကို စာရေးသူ ရှုမြင်သည့် ရှုထောင့်မှ မီးမောင်းထိုးပြခြင်းပင် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဤသို့ မြေယာဥပဒေဆိုင်ရာ ဆောင်းပါးများ ရေးသားနိုင်ရန်အတွက် စာရေးသူ ဝန်ကြီးများရုံး ဗဟိုမြေယာကော်မတီ (ရှင်းလင်းရေး) ဌာနခွဲတွင် အမှုထမ်းစဉ်က မြေယာ စီမံခန့်ခွဲမှု ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မြေယာမှုခင်းကိစ္စရပ်များကို နားလည် တတ်ကျွမ်းအောင် ပညာ ဖြန့်ဝေ မြေတောင်မြှောက် လမ်းညွှန် သွန်သင်မှု ပေးခဲ့သော ဗ-ယ-က ဗဟိုမြေယာကော်မတီ (ရှင်းလင်းရေး) ဌာနမှူးများ ဖြစ်သည့် ကျေးဇူးရှင်ဆရာများ ဖြစ်ကြသော ဦးသန်းဆွေ (ညွှန်ချုပ်-ငြိမ်း)၊ ဦးထွန်းတင် (ညွှန်မှူး-ကွယ်လွန်)၊ ဦးကြည်ရှိန် (ညွှန်မှူး-ငြိမ်း) တို့ကို လည်းကောင်း၊ သင်ဆရာမြင်ဆရာ အပေါင်းတို့ကို လည်းကောင်း အထူး ကျေးဇူးတင် ဂါရဝပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးဇော်မင်း (နတ်မောက်)


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မြေသိမ်းသည့်အခါတွင်

မြေသိမ်းဥပဒေမှာ အနှစ်သာရရှိတဲ့ တစ်ချက်ကတော့ မြေသိမ်းခံရမယ့် ကာယကံရှင်တွေကို ဗိုပိုတို့မြေအတွက် အခွင့်အရေး တောင်းဆိုခွင့်၊ ကန့်ကွက်နိုင်ခွင့်အတွက် ပြဋ္ဌာန်းပေးခဲ့တဲ့ ပုဒ်မ ၅ (က) ဖြစ်ပါတယ်။ မြေသိမ်းယူခံရရင် အကျိုးစီးပွား ဆုံးရှုံးနစ်နာနိုင်တဲ့ ဘယ်သူမဆို ပြန်တမ်း ၄ (၁) ထွက်ပြီး ရက် ၃၀ အတွင်း မြေသိမ်းဆည်းမှုကို ကန့်ကွက်နိုင်ခြင်း၊ လျော်ကြေး တောင်းခံနိုင်ခြင်း အခွင့်အရေးကို ဖော်ပြ ပြဋ္ဌာန်းထားတဲ့ ဥပဒေ ပုဒ်မ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြေသိမ်းသည့်အခါတွင်

မြေသိမ်းဥပဒေနဲ့ ပတ်သက်လို့ လေ့လာ ဖတ်ရှုသင့်တဲ့ စာအုပ်တွေ ထိုက်သင့်သလောက် ထွက်ထားတာ ရှိပါတယ်။ တိုင်းမင်းကြီးဟောင်း ဦးမျိုးထွန်းတို့၊ ဆရာဦးအောင်မြတ်ကျော် (ဦးကျော်) တို့ ရေးထားတဲ့ စာအုပ်တွေ ရှိသလို ဆရာဦးမောင်မောင်ညွှန့် စီစဉ် ထုတ်ဝေတဲ့ ၁၈၉၄ မြေသိမ်းဥပဒေ မြန်မာပြန်ဟာလည်း အသုံးတည့်တဲ့ စာအုပ်တွေ ဖြစ်ပါတယ်။

ကျွန်တော်လည်း မြေသိမ်းမှတ်စု စာတမ်း တစ်စောင် ရေးထားတာ ရှိပါတယ်။ အဲဒီ မှတ်စုကို FSWG၊ Eco Dev၊ Myanmar Equility၊ PIN၊ Spectrum စတဲ့ NGO တွေရဲ့ ဖိတ်ခေါ်မှုနဲ့ Land Law Awareness Training တွေမှာ ထည့်သွင်း ပညာပေး ဟောပြောလာခဲ့တာ ကြာပြီ ဖြစ်ပါတယ်။ စာအုပ်တော့ မထုတ်ဖြစ်သေးပါဘူး။ ရှိနေတဲ့ စာအုပ်တွေနဲ့ လုံလောက်နေတာ တွေ့ရလို့ပါ။

ဟိုတစ်လောကလေးကတော့ မိတ်ဆွေတစ်ဦးက မြေသိမ်းကိစ္စရပ်နဲ့ ပတ်သက်လို့ အချက် လေးချက်လောက် မေးလာတဲ့အတွက် ကျွန်တော် ပြုစုထားတဲ့ မြေသိမ်းဥပဒေမှတ်စုထဲက ထုတ်နုတ်ပြီး ပြန်ဖြေပေးခဲ့ရပါတယ်။ ကျွန်တော် ဖြေပေးခဲ့တဲ့ အကြောင်းအချက်ကလေးကို အများပြည်သူ သိသင့်တယ် ထင်လို့ အခုဆောင်းပါးကလေးနဲ့ အသိပညာ ဖြန့်ဝေရခြင်း ဖြစ်ပါတယ်။

- ပထမ မေးခွန်းက '၁၈၉၄ မြေသိမ်းဥပဒေအရ မြေသိမ်းဆည်းတဲ့အခါ ဘယ်လို အကြောင်းပြချက်နဲ့ မြေသိမ်းနိုင်ပါသလဲ၊ အများပြည်သူအကျိုးငှာ ဆိုတဲ့ စကားရပ်မှာ ဘယ်လို ကိစ္စရပ်တွေ ပါဝင်ပါသလဲ' ဆိုပြီး ဖြစ်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

- ဒုတိယ မေးခွန်းက 'မြေသိမ်းခြင်းကို ဘယ်သူတွေက ကန့်ကွက်လွှာ တင်သွင်းခွင့် ရှိသလဲ သိချင်ကြောင်းနဲ့ အသိမ်းခံရတဲ့မြေပေါ်မှာ အစဉ်အဆက် နေထိုင်လာပေမဲ့ ပိုင်ဆိုင်မှု သက်သေ မပြနိုင်သူတွေအနေနဲ့ သူတို့မြေ သိမ်းဆည်းခံရတဲ့နေရာမှာ ကန့်ကွက်လွှာ တင်သွင်းခွင့် ရှိ မရှိ ရှိတယ် ဆိုရင် ဘယ်ဥပဒေ အကိုးအကားအရ ပြုလုပ်ခွင့် ရှိပါသလဲ' ဆိုတဲ့ မေးမြန်းချက် ဖြစ်ပါတယ်။
- တတိယ မေးခွန်းက 'မြေသိမ်းပြန်တမ်း ၄ (၁) နဲ့ ပြန်တမ်း ၆ (၁) ဘယ်လို ကွာခြားမှု ရှိပါသလဲ' ဆိုတာနဲ့
- နောက်ဆုံး စတုတ္ထ မေးခွန်းကတော့ 'မြေသိမ်းယူရာမှာ မြေသိမ်းဥပဒေ ပုဒ်မ ၁၇ မှာ အဆောတလျင် သိမ်းယူခြင်း (urgency) ဆိုပြီး တွေ့ရှိနေရမှုအပေါ် အနက်ဖွင့်ဆိုချက်နဲ့ ဥပဒေမှာ ဘယ်လို ဖော်ပြ ပြဋ္ဌာန်းထားတယ် ဆိုတာ သိလိုကြောင်း'တို့ ဖြစ်ပါတယ်။

မေးခွန်းကလေးတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ၁၈၉၄ မြေသိမ်းဥပဒေတစ်ရပ်လုံးရဲ့ မြားမြောင်ရှုပ်ထွေးလှတဲ့ လုပ်ငန်းစဉ်တွေထဲက အချက်လေးချက်မျှသာ ဖြစ်လို့ အဲဒီမေးခွန်းတွေရဲ့ အဖြေ သိရုံလောက်နဲ့ မြေသိမ်းဥပဒေတစ်ရပ်လုံးကို နားလည်သဘောပေါက်ဖို့တော့ ခဲယဉ်းပါတယ်။ သို့သော် သူ့အတိုင်းအထွာနဲ့သူ ထိုက်သင့်တဲ့တန်ဖိုး ရှိနေတဲ့အတွက် အထက်ပါ မေးခွန်းတွေအပေါ် ခြုံငုံ ဖြေကြား ရှင်းလင်းခဲ့တာကလေးကို ဗဟုသုတအလို့ငှာ တင်ပြပေးရခြင်း ဖြစ်ပါတယ်။

## မြေသိမ်းယူခြင်း

နိုင်ငံတော်ရဲ့ ခေတ်ကာလအလိုက် ဖြစ်ပေါ် တည်ရှိနေတဲ့ လိုအပ် တောင်းဆိုချက်နဲ့ အခြေအနေ အချိန်အခါအရ ပေါ်ပေါက်လာတဲ့ စီမံကိန်း လိုအပ်ချက်တွေအရ နိုင်ငံတော် အဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေအနေနဲ့ မိမိတို့ရဲ့ စီမံကိန်း လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ မြေနေရာ ရရှိရေးအတွက် တောင်သူလယ်သမားတွေ လုပ်ကိုင် စိုက်ပျိုးနေတဲ့ လယ်ယာမြေတွေကို ဖြစ်ဖြစ်၊ မြေလွတ်မြေလပ်နဲ့ မြေရိုင်းတွေကို ဖြစ်ဖြစ်၊ မြို့မြေ၊ ရွာမြေတွေ အပါအဝင် စားကျက်မြေ၊ သစ်တောကြိုးဝိုင်းမြေတွေကို ဖြစ်ဖြစ် မလွှဲမရှောင်သာ သိမ်းယူ ဆောင်ရွက်ရလေ့ရှိပါတယ်။ အဲသလို သိမ်းယူရာမှာ အများပြည်သူ အကျိုးငှာ (public purposes) ဆိုတဲ့ စကားရပ်ကို အသုံးပြုလေ့ ရှိပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါကြောင့် မြေသိမ်းယူခြင်းဟာ ပုဂ္ဂိုလ်ရေးရာဆန္ဒ တစ်ခုခု ဒါမှမဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ရဲ့ အကျိုးစီးပွားအတွက် မဟုတ်မူဘဲ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ အများပြည်သူတွေရဲ့ အကျိုးအလို့ငှာသာ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အများပြည်သူအကျိုးငှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ အများပြည်သူတွေရဲ့ အကျိုးအလို့ငှာသာ မြေသိမ်းခြင်း ပြုဖို့ ဖြစ်ပါတယ်။ အများပြည်သူအကျိုးငှာ မြေသိမ်းဆည်းဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းတွေ၊ ခံယူကျင့်သုံးရမယ့် သဘောထားတွေကို မြန်မာနိုင်ငံ မြေသိမ်းလက်စွဲ ဥပဒေ 1894 Burma Land Acquisition Act နဲ့ The Burma Land Acquisition Manual, 1947 တို့မှာ အသေးစိတ် ဖော်ပြပြဋ္ဌာန်းထားခဲ့ပေမဲ့ မြေသိမ်းယူတဲ့ဌာန၊ အဖွဲ့အစည်းတွေနဲ့ မြေသိမ်းယူပေးတဲ့ တာဝန်ခံ အရာရှိတွေက ဥပဒေနဲ့အညီ စနစ်တကျ လိုက်နာ ဆောင်ရွက်ခဲ့မှု မရှိသလောက် ဖြစ်ပြီး များစွာ အားနည်းခဲ့ပါတယ်။

ဒါကြောင့်သာလျှင် ယခင်ခေတ်ရဲ့ အမွေဆိုးအဖြစ် မတရား မြေသိမ်းဆည်းခဲ့ခြင်း ဆိုတဲ့ နာမည်ပျက်စာရင်းဝင်နေတဲ့ ရှင်းဖို့ ခက်ခဲလှတဲ့ အရှုပ်အထွေးတွေ အခု အစိုးရသစ်လက်ထက်တိုင် ကျန်ရှိနေခဲ့ရတာ ဖြစ်ပါတယ်။ အမှန်အားဖြင့် မြေသိမ်းဥပဒေနဲ့အညီ ဥပဒေပါ ပြဋ္ဌာန်းချက်တွေအတိုင်း တရားမျှတစွာနဲ့ ပွင့်လင်းမြင်သာစွာ စနစ်တကျ ဆောင်ရွက်ခဲ့မယ် ဆိုရင် အခုလောက် ပြဿနာပေါင်း သောင်းခြောက်ထောင် ပေါ်ပေါက်လာနိုင်စရာ အကြောင်း မရှိဘူးလို့ ယူဆပါတယ်။

## မြန်မာနိုင်ငံ မြေသိမ်းလက်စွဲဥပဒေပါ မြေသိမ်းဆည်းရာ၌ ခံယူကျင့်သုံးရသည့် သဘောထားများ

- အသုံးပြုရန် မလိုအပ်သေးဘဲ ကြိုတင် မြေသိမ်းဆည်းထားမှု မပြုရေး၊ လိုအပ်၍ သိမ်းဆည်းပါကလည်း လိုအပ်သည့် ဧရိယာ အတိုင်းအတာ ပမာဏကိုသာ သိမ်းဆည်းရေး၊
- မြေသိမ်းရာတွင် စိုက်ပျိုးမြေကောင်းများအစား စိုက်ပျိုးမှုအတွက် အကျိုးမဖြစ်ထွန်းသည့် မြေများ၊ မြေလွတ် မြေရိုင်းများကိုသာ ဦးစားပေး သိမ်းဆည်းရေး၊
- ပြည်သူများကို မြေရယူလိုသည့် အဖွဲ့အစည်း/ဌာနဆိုင်ရာ၏ သဘောထား တစ်ဖက်တည်းဖြင့် အနိုင်ကျင့် သိမ်းဆည်းသည့်အသွင် မရှိစေရဘဲ

mgyoe.com

mgyoe.com
SAMPLE BOOK

သိမ်းယူမည့်မြေကို အများပြည်သူ သိရှိရန် အသိပေး ကြေညာစေခြင်း၊ လျော်ကြေး တောင်းခံခွင့်ပေးခြင်း၊ သိမ်းယူမြေနှင့် အကျိုးသက်ဆိုင်သူ၊ မြေတွင် အကျိုးခံစားခွင့် ရှိသူ ကာယကံရှင်များက ကန့်ကွက်နိုင်ခွင့်၊ ငြင်းဆိုနိုင်ခွင့် အခွင့်အရေးများ ပေးထားခြင်း၊ မြေပိုင်ရှင်များသို့ ထိုက်သင့်သော နစ်နာကြေးနှင့် လျော်ကြေးများကို ဥပဒေနှင့်အညီ စနစ်တကျ ပေးလျော်စေခြင်း၊ လျော်ကြေး ပမာဏနှင့် ဧရိယာ အနည်းအများ အပေါ် ကျေနပ်မှု မရှိပါက တရားရုံး၏ အဆုံးအဖြတ် ခံယူခွင့် ပေးထားခြင်း၊

- အများပြည်သူ အကျိုးမဖြစ်စေသော လုပ်ငန်းအတွက် မြေမသိမ်းဆည်းရန် ဖော်ပြထားခြင်း၊
- မြေသိမ်းလုပ်ငန်းကို ထင်သာမြင်သာ ရှိစေရန် ပြည်သူသို့ အသိပေးကြေညာခြင်း၊ ပွင့်လင်းစွာ ညှိနှိုင်းမှု ရှိစေခြင်း၊
- မြေသိမ်းဆည်းရာတွင် နိုင်ငံတော်အတွက် ကုန်ကျစရိတ် အနည်းဆုံးနှင့် ပြဿနာ ဖြစ်ပွားမှု အနည်းဆုံး ဖြစ်စေမည့် မြေများကိုသာ သိမ်းဆည်းစေခြင်း၊
- စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များ၊ သုသာန် စသည်တို့ ပါဝင်နေပါက ယင်းတို့ကို ချန်လှပ်သိမ်းယူရန်နှင့် ချန်လှပ်ထားရန် မဖြစ်နိုင်၍ သိမ်းယူပေးရန် ဖြစ်လျှင် ယင်းတို့ကို ဖျက်သိမ်း ပြောင်းရွှေ့ပေးရာတွင် ကုန်ကျစရိတ်တို့ကို သိမ်းယူမည့်ဌာန၊ အဖွဲ့အစည်းမှ တာဝန်ခံစေခြင်း၊
- မြေသိမ်းဆည်းရန် ပြန်တမ်းများ ထုတ်ပြန်ရာ၌ မသိမ်းသင့်သည့် မြေအစိတ်အပိုင်းများ ပါဝင်လာကြောင်း စိစစ် တွေ့ရှိပါက ပြန်လည် နုတ်ပယ်ပေးခြင်း

စသဖြင့် မြေလက်ရှိအသုံးပြုနေသူ နိုင်ငံသားတွေအတွက် နစ်နာမှု မရှိဖို့ ပြဋ္ဌာန်းပေးထားတဲ့အချက်တွေ ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေမှာ ပါရှိတာ တွေ့ရပါတယ်။

## မြေသိမ်းဥပဒေ၏ ရည်ရွယ်ချက် (Scope and Object)

၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေရဲ့ ရည်ရွယ်ရင်းက အခြေအနေ အချိန်အခါအရ နိုင်ငံတော် အဖွဲ့အစည်းတွေ၊ အစိုးရဌာန၊ အသင်းအဖွဲ့တွေနဲ့ ကုမ္ပဏီတွေက အများပြည်သူအကျိုးငှာ မြေသိမ်းဖို့အကြောင်း ပေါ်ပေါက်လာရင် အသိမ်းခံရ

mgyoe.com

mgyoe.com
SAMPLE BOOK

သူတွေရဲ့ နစ်နာဆုံးရှုံးမှုတွေ၊ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို တရားနည်းလမ်းကျအောင် ဥပဒေနဲ့အညီ စိစစ်ဖြေရှင်းပေးနိုင်ရေး၊ မြေသိမ်းယူတဲ့ကိစ္စရပ်တွေမှာ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အစိုးရကိုယ်စား ကိုင်တွယ် ဆောင်ရွက်ရမယ့်တာဝန်ခံအရာရှိတွေ ခန့်အပ်နိုင်ရေး၊ မြေသိမ်းအရာရှိရဲ့ အခွင့်အာဏာ သတ်မှတ် တာဝန်ပေးနိုင်ရေး၊ သိမ်းယူတဲ့မြေအတွက် ထိုက်သင့်တဲ့ လျော်ကြေးတွေ၊ နစ်နာကြေးတွေ ဆုံးဖြတ်တွက်ချက်ပြီး အကျိုးစီးပွား သက်ဆိုင်သူတွေကို မြန်မြန်ဆန်ဆန် လျော်ကြေး ပေးချေနိုင်ရေး၊ သိမ်းယူမြေကို ဆိုင်ရာဌာန အဖွဲ့အစည်းဆီ စနစ်တကျ လက်ရောက်လွှဲပြောင်း အပ်နှံနိုင်ရေးတို့အတွက် နည်းလမ်း၊ လုပ်ထုံးလုပ်နည်းတွေ စနစ်တကျ ရှိစေရေးတို့ကို ရည်ရွယ်ပြဋ္ဌာန်းခဲ့တာ ဖြစ်ကြောင်း တွေ့ရပါတယ်။ အက်ဥပဒေ ပုဒ်မ ၃ နဲ့ ညွှန်ကြားချက် (၂) မှာ ဖော်ပြထားပါတယ်။

## အများပြည်သူအကျိုးငှာ မြေသိမ်းခြင်း

မြေသိမ်းယူတဲ့အခါ 'အများပြည်သူအကျိုးငှာ' ဆိုတဲ့ စကားရပ်ကို သုံးပါတယ်။ ဘယ်လို ကိစ္စရပ်တွေက အများပြည်သူအကျိုးငှာလို့ ဆိုလိုချင်သလဲ ဆိုတာ သိစေချင်ပါတယ်။

အက်ဥပဒေပုဒ်မ ၃ နဲ့ ညွှန်ကြားချက် (၂) မှာ ဖော်ပြထားပါတယ်။

## အများပြည်သူအကျိုးငှာ (public purpose) ဆိုသည်မှာ

အများပြည်သူအကျိုးငှာ ဆိုတဲ့ စကားရပ်မှာ စက်ရုံ၊ အလုပ်ရုံ၊ တာတမံ၊ မြောင်း၊ လမ်း၊ တံတား၊ စက်မှုဇုန်၊ သတ္တုတွင်းမြေ၊ တပ်ရင်းတပ်ဖွဲ့ စတာတွေအတွက် သာမက ကျေးရွာမြေ၊ မြို့မြေ တိုးချဲ့ရေး အပါအဝင် ဖြစ်ကြောင်း မြေသိမ်းပုဒ်မ ၃ (စ) မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

> 3 (f) The expression {public purpose} includes the provision of village-sites in districts in which the Governor shall have declared by notification in the Gazette that it is customary for the Government to make such provision:

အများပြည်သူအကျိုးငှာ ဖြစ်မှသာ မြေသိမ်းယူခွင့် ရှိတဲ့အတွက် ရှေးယခင်ခေတ်များမှာတော့ အချို့သော မြေသိမ်းခံရသူတွေအနေနဲ့ အစိုးရက မိမိတို့မြေကို သိမ်းယူတာဟာ အများပြည်သူအကျိုးငှာ ဆိုတဲ့ စကားရပ်နဲ့ မကိုက်ညီ


mgyoe.com

mgyoe.com SAMPLE BOOK
ကြောင်း အငြင်းပွား ကန့်ကွက်မှုတွေ ရှိခဲ့ပါတယ်။ အများပြည်သူအကျိုးငှာ ဖြစ် မဖြစ်ကို တရားရုံးချုပ်တိုင် ရောက်ရှိ ဆုံးဖြတ်ပေးခဲ့ရတဲ့ စီရင်ထုံးတွေ ပေါ်ထွက်ခဲ့တာ တွေ့ရပါတယ်။

အများပြည်သူအကျိုးငှာ ဆိုတာက စည်ပင်သာယာလမ်းတွေ ချဲ့ထွင်ဖို့၊ နယ်မြေဒေသ တစ်ခုခုအတွင်း နေထိုင်လျက် ရှိတဲ့ ပြည်သူတို့ရဲ့ လုံခြုံရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စတာတွေ မြှင့်တင်ဖို့ ဆောင်ရွက်မှု စီမံကိန်းတွေဟာ အများပြည်သူအကျိုးငှာ ဖြစ်ကြောင်း ဖော်ပြထားတာ လေ့လာတွေ့ရှိခဲ့ပါတယ်။

## အကျိုးသက်ဆိုင်သူ (person interested)

၁၈၉၄ ခုနှစ် မြေသိမ်း ဥပဒေရဲ့ အဓိက လုပ်ငန်းတစ်ရပ်က မြေသိမ်းခံရမှုအတွက် နစ်နာဆုံးရှုံးမှုတွေကို စုံစမ်းစစ်ဆေး ချင့်ချိန် တွက်ဆပြီး အကျိုးစီးပွားသက်ဆိုင်သူတွေကို နစ်နာကြေး၊ လျော်ကြေးတွေ မြန်မြန်ဆန်ဆန် ပေးချေနိုင်ရေး ဖြစ်ပါတယ်။ မြေသိမ်းလျော်ကြေး၊ နစ်နာကြေး ပေးချေနိုင်ဖို့အတွက် ဆက်စပ်တဲ့ အကျိုးထိခိုက်သက်ဆိုင်သူတွေ စာရင်းကို မြေသိမ်းလုပ်ငန်းတိုင်းမှာ စနစ်တကျ ကောက်ယူ ပြုစုရပါတယ်။ မြေသိမ်းခြင်းကို ကန့်ကွက်နိုင်ခွင့် ရှိသူတွေ၊ လျော်ကြေး တောင်းခံခွင့် ရှိသူတွေကို အကျိုးသက်ဆိုင်သူများလို့ သတ်မှတ်ပါတယ်။

1894. Land Acquisition Act ပုဒ်မ ၃ (ခ) မှာ အကျိုးသက်ဆိုင်သူ (person interested) ဆိုတာက မြေသိမ်းခံရတဲ့အတွက် လျော်ကြေးနဲ့ အကျိုးခံစားခွင့် တောင်းခံနိုင်သူတွေ ဖြစ်ပါတယ်။ မြေသိမ်းဥပဒေအရ မြေသိမ်းခံရလို့ သက်သာခွင့် ရရှိနိုင်သူ၊ ထိခိုက်နိုင်သူတို့ဟာ မြေမှာ အကျိုးသက်ဆိုင်သူ ဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။

> Person interested includes all person claiming an interest in compensation to be made on account of the Acquisition of Land under this act and a person shall be deemed to be interested in an easrment affecting the land. [section 3(b)]

အကျိုးသက်ဆိုင်သူကို အဓိပ္ပာယ် ဖွင့်ဆိုရာမှာ တစ်ဦးတစ်ယောက်ဟာ ပိုင်ဆိုင်မှု အထောက်အထား မရှိပေမဲ့၊ တစ်နည်း ပိုင်ရှင်အဖြစ် အသိအမှတ်ပြု


mgyoe.com

mgyoe.com SAMPLE BOOK

မခံရပေမဲ့ ယင်းမြေပေါ်မှာ အမှန်နေထိုင်သူ ဖြစ်ကြောင်း ခိုင်လုံ မှန်ကန်ရင် အဲဒီမြေနဲ့ ပတ်သက်ပြီး ၎င်းပုဂ္ဂိုလ်ဟာ အကျိုးသက်ဆိုင်သူ ဖြစ်တယ်လို့ ဖွင့်ဆိုကြတာ တွေ့ရပါတယ်။

## မြေသိမ်းပြန်တမ်း ၄ (၁) နှင့် ပြန်တမ်း ၆ (၁)

အကျိုးသက်ဆိုင်သူတွေနဲ့ မြေသိမ်းယူခြင်းအပေါ် အရေးဆိုခွင့်ရှိသူတွေကို ၁၈၉၄ မြေသိမ်းဥပဒေလုပ်ငန်းစဉ်တွေမှာ အလေးထား အသိပေးရတဲ့ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ထားပါတယ်။ မြေသိမ်းလုပ်ငန်းတိုင်းမှာ အများပြည်သူကို ပြန်တမ်းနှစ်ဆင့် ထုတ်ပြန် ကြေညာရပါတယ်။ ပြန်တမ်း ၄ (၁) နဲ့ ပြန်တမ်း ၆ (၁) ဖြစ်ပါတယ်။

ပြန်တမ်း မူကြမ်းတွေကို မြေစာရင်းဌာနက ရေးပေးရလေ့ ရှိပါတယ်။

## ပြန်တမ်း ၄ (၁)

ပထမဦးစွာ မြေသိမ်းဖို့ သင့် မသင့် ပဏာမ စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်နိုင်အောင် သိမ်းယူမယ့်မြေ အကြောင်းအရာနဲ့ လျော်ကြေး ပေးချေရမယ့် အနေအထားတွေ၊ မြေနဲ့ အကျိုးသက်ဆိုင်သူတွေကို စိစစ်ဖို့အတွက်ရယ်၊ ဆိုင်ရာအရာရှိကို အခွင့်အမိန့်အာဏာ အပ်နှင်းဖို့အတွက်ရယ် Publication of Preliminary notification and power of officers thereupon မြေသိမ်း အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ ၁ အရ Preliminary Notification လို့ ခေါ်တဲ့ မြေကို အလိုရှိကြောင်း Land is needed for a public purpose ပြန်တမ်း ထုတ်ရပါတယ်။ ပြန်တမ်း ၄ (၁) လို့ ခေါ်ပါတယ်။ နိုင်ငံတော်ပြန်တမ်းနဲ့ ထုတ်ပြန်ရတဲ့အတွက် ပြည်သူကို ပွင့်လင်းမြင်သာစွာ အသိပေးခြင်းလို့ ဆိုနိုင်ပါတယ်။

## ပြန်တမ်း ၄ (၁) ၏ ရည်ရွယ်ချက်

မြေသိမ်းပြန်တမ်း ၄ (၁) ထုတ်ပြန် ကြေညာရခြင်းရဲ့ ရည်ရွယ်ချက် နှစ်ရပ် ရှိပါတယ်။

မြေသိမ်းဥပဒေ ညွှန်ကြားချက် အပိုဒ် (၁၀) [Land Acquisition Direction (10)] မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

(က) သိမ်းယူရန် အဆိုပြုထားသောမြေ၏ အမှန်အတိုင်းအတာ အကျယ်အဝန်းကို သိရှိရန်၊ မြေပုံ ရရှိရန်အတွက် မြေပေါ် ဝင်ရောက်၍ တရားဝင် တိုင်းတာခြင်းနှင့် နယ်နမိတ် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်၊ မြေသိမ်းကော်လိပ်တော် ခန့်အပ် တာဝန်ပေးနိုင်ရန်၊

( ခ ) သိမ်းယူမည့်မြေနှင့် အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူများအတွက် သင့်လျော်သော အခွင့်အရေး၊ လျော်ကြေးများ တောင်းခံ ရရှိနိုင်ရန် သို့မဟုတ် သိမ်းယူခြင်းကို သဘောမတူက ကန့်ကွက်နိုင်စေရန်

တို့ ဖြစ်ပါတယ်။

ပြန်တမ်း ၄ (၁) ဟာ မည်သည့်အရပ်ဒေသက အတိုင်းအတာ ခန့်မှန်းဧရိယာ ပမာဏ မည်မျှ ရှိတဲ့ မြေကို အများပြည်သူအကျိုးငှာ ဘယ် ဌာန/အဖွဲ့အစည်းအတွက် အလိုရှိကြောင်း ကြေညာချက် ဖြစ်ပါတယ်။ သိမ်းယူလိုတဲ့မြေနဲ့ ပတ်သက်တဲ့ မြေပုံ (plan) ရရှိရေးနဲ့ မြေပေါ်လက်ရှိ ဖြစ်မှုတွေ၊ မြေပေါ်သီးနှံ စိုက်ပျိုးထားမှုနဲ့ အဆောက်အအုံ တည်ရှိမှု အခြေအနေတွေ၊ ယင်းတို့အပေါ် အကျိုးခံစားခွင့် ရှိသူတွေ၊ မြေနဲ့ သက်ဆိုင်သူတွေရဲ့ အရေးဆိုချက်တွေ၊ ကန့်ကွက်ချက်တွေ၊ ကန့်ကွက်ချက်တွေအပေါ် စိစစ်မှုတွေ၊ သိမ်းယူဖို့ သင့်လျော်ခြင်း ရှိ မရှိ သုံးသပ်ချက်တွေ စတဲ့ အချက်အလက် အပြည့်အစုံ ပါရှိတဲ့ Preliminary Investigation အစီရင်ခံစာ တင်ပြနိုင်ဖို့အလို့ငှာ မြေပေါ်ကို လိုအပ်တာတွေ ဝင်ရောက်စုံစမ်းနိုင်ရေးအတွက် ပြန်တမ်း ၄ (၁) ထုတ်ပြန်ရတာ ဖြစ်ပါတယ်။ ပြန်တမ်း ၄ (၁) အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ ဒါမှမဟုတ် မထုတ်ပြန်သေးဘဲလျက် မြေပေါ်ကို ဝင်ရောက် တိုင်းတာခြင်း၊ စစ်ဆေးခြင်း မပြုရပါဘူး။ ပြုရင် ဥပဒေနဲ့ ညီညွတ်ခြင်း မရှိပါဘူး။ မြေပိုင်ရှင်က ပိုင်နက် ကျူးလွန်မှုနဲ့ တောင် ပြန်တရားစွဲတာ ခံသွားရနိုင်ပါတယ်။

## ပြန်တမ်း ၄ (၁) အရေးပါမှု

ပြန်တမ်း ၄ (၁) ထုတ်ပြန် မကြေညာသေးဘဲ မြေပေါ်မှာ တိုင်းတာခြင်းတွေ၊ နယ်နိမိတ် သတ်မှတ်ခြင်းတွေ၊ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းတွေ ပြုခွင့်မရှိသေးပါဘူး။ ပြန်တမ်း ၄ (၁) ကြေညာခြင်းဟာ တစ်ဖက်မှာ မြေပိုင်ရှင်တွေ၊ ကာယကံရှင်တွေရဲ့ အခွင့်အရေးအတွက် အရေးဆိုခွင့်၊ တောင်းခံခွင့်တွေကို

mgyoe.com

mgyoe.com SAMPLE BOOK

အသိပေးခြင်း ဖြစ်သလို တစ်ဖက်မှာလည်း အစိုးရ/ဌာန/အဖွဲ့အစည်းက မြေပေါ်ကို ဝင်ရောက်ခွင့်၊ မြေတိုင်းတာနိုင်ခွင့်၊ မြေပေါ် တူးဆွနိုင်ခွင့်၊ မြေပေါ် စွဲကပ်နေတဲ့ အရာဝတ္ထုတွေကို ဖယ်ရှားနိုင်ခွင့်နဲ့ နယ်နိမိတ်မျဉ်းဆွဲခွင့်၊ နယ်ခြားမျဉ်း အမှတ်အသား ပြုလုပ်ခွင့်၊ နယ်နိမိတ် သတ်မှတ်ခွင့်၊ နယ်နိမိတ်မျဉ်း တစ်လျှောက်ရှိ ခြုံနွယ်သစ်ပင်၊ သီးပင်စားပင်တွေ၊ စိုက်ပျိုးထားဆဲ သီးနှံတွေကို ခုတ်လှဲ ဖယ်ရှားနိုင်ခွင့်တွေ ရရှိစေဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် မသိမ်းသင့်တဲ့မြေတွေ ပါ မပါ စိစစ် နုတ်ပယ်ခြင်း၊ ကန့်ကွက်မှုတွေကို စုံစမ်း စစ်ဆေးခြင်း၊ အကျိုး သက်ဆိုင်သူစာရင်း ကောက်ခံပြုစုခြင်း၊ မြေပေါ်ရှိ မြေအသုံးချထားမှု၊ သီးနှံစိုက်ပျိုးထားမှုအရ လျော်ကြေးတွက်ချက်ခြင်း စတဲ့ မြေသိမ်းကိစ္စရပ်တွေ ဆက်လက်လုပ်ကိုင်နိုင်ရေးအတွက် တာဝန်ခံအရာရှိ ခန့်အပ်နိုင်ဖို့ ဖြစ်ပါတယ်။

ပြန်တမ်း ၄ (၁) ဟာ မြေကို သိမ်းယူဖို့ အလိုရှိကြောင်း ကြေညာချက်သာ ဖြစ်ပြီး မြေနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးဖို့ကိစ္စတွေအတွက် preliminary investigation ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးသာ ရှိပါတယ်။ မြေကို မသိမ်းနိုင်သေးပါဘူး။ ပြန်တမ်း ၄ (၁) ထုတ်ကာမျှနဲ့ မြေသိမ်းနိုင်တဲ့အခွင့် မရသေးပါဘူး။ မြေသိမ်းဥပဒေပုဒ်မ ၄ (၁) အရ အများအကျိုး ဖြစ်ဖြစ်၊ ကုမ္ပဏီအတွက် လိုအပ်ချက်ကြောင့် ဖြစ်ဖြစ် သိမ်းယူဖို့ ကြေညာထားတဲ့ မြေတစ်စုံတစ်ရာနဲ့ အကျိုးသက်ဆိုင်သူ တစ်ဦးဦးက ကြေညာချက် ထုတ်ပြန်ပြီး ရက်ပေါင်း ၃၀ အတွင်း မြေသိမ်းခြင်းကိစ္စအပေါ် ကန့်ကွက်နိုင်ပါတယ်။

## ပြန်တမ်း ၆ (၁)

ပြန်တမ်း ၄ (၁) ထုတ်ပြန်ပြီးနောက် ဆောင်ရွက်ဖွယ် လုပ်ငန်းတွေ ပြီးစီးတဲ့အခါ ဒုတိယဆင့် ထပ်မံထုတ်ပြန်ရတဲ့ ပြန်တမ်းကတော့ မြေသိမ်းဥပဒေ ပုဒ်မ (၆)၊ ပုဒ်မခွဲ (၁) အရ အဆိုပါ မြေကို သိမ်းယူဖို့ ရည်ရွယ်ကြောင်း Declaraton of intended Acquisition ကြေညာချက်ပြန်တမ်း ဖြစ်ပါတယ်။

ပြန်တမ်း ၆ (၁) ဟာ မြေသိမ်းသင့် မသင့် နိုင်ငံတော်ရဲ့ အပြီးသတ်အဆုံးအဖြတ် ရပြီးမှ ထုတ်ပြန်ခြင်း ဖြစ်တဲ့အတွက် အငြင်းမပွားနိုင်တဲ့ သက်သေခံချက် (Conclusive Evidence) ဖြစ်ပြီး အဲဒီအမိန့်ကို ဘယ်တရားရုံးမှာမှ အယူခံဝင်ခွင့် မရှိဘူးလို့ ဆိုပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

## ပြန်တမ်း ၆ (၁) ထုတ်ပြန်ပြီးမှ မြေသိမ်းနိုင်သည်

ပြန်တမ်း ၆ (၁) ဟာ အစိုးရအဖွဲ့အကြီးအကဲ ဘုရင်ခံ (governor) (သမ္မတ) ရဲ့ မြေသိမ်းဖို့ သဘောတူကြောင်း approval ရရှိပြီးမှ ထုတ်ပြန်ရတဲ့ ပြန်တမ်း ဖြစ်ပါတယ်။ ၆ (၁) ထွက်ပြီးမှ မြေသိမ်းလုပ်ငန်း ဆောင်ရွက်ရပါတယ်။ ဒါကြောင့် ၆ (၁) ထုတ်ပြန်နိုင်ရေးကို စနစ်တကျ ဆောင်ရွက်ရပါတယ်။

- ပြန်တမ်း ၆ (၁) ကြေညာချက်က ကွင်းအမှတ်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်၊ ဧရိယာကေနှင့် နယ်နိမိတ် အလားအလာ လေးရပ် ဖော်ပြရာမှာ အမှားအယွင်းမရှိ တိကျမှန်ကန်ဖို့ အရေးကြီးပါတယ်။
- ပြန်တမ်း ၆ (၁) ဟာ ပြန်တမ်း ၄ (၁) လို ဖော်ပြပါ မြေကို သိမ်းယူဖို့ အလိုရှိတယ်လို့ သွေးတိုးစမ်းတဲ့အဆင့် မဟုတ်တော့ဘဲ ယင်းမြေကို သိမ်းယူဖို့ ရည်ရွယ်လိုက်ပြီ၊ ဆုံးဖြတ်လိုက်ပြီ ဆိုတဲ့ အဆင့်ကို အများပြည်သူဆီ အသိပေး ကြေညာတာ ဖြစ်တဲ့အတွက် မြေအကြောင်းအရာနဲ့ ဧရိယာ အမှား မခံပါဘူး။ မသိမ်းတဲ့မြေတွေကို ထည့်သွင်းကြေညာတာ၊ မှားယွင်း ပါဝင်တာ မဖြစ်စေရပါဘူး။ သိမ်းယူမယ့် မြေဧရိယာအတွက် ပြန်တမ်း ၄ (၁) လို ခန့်မှန်း Approximate Area လို့ မသုံးရတော့ပါဘူး။ ဧက အတိအကျ (definite area) ကိုသာ ဖော်ပြရပါတယ်။
- ပြန်တမ်း ၄ (၁) အရ မြေသိမ်းအမှုတွဲမှာ သတ်မှတ်ချက်တွေနဲ့အညီ ပြည့်စုံအောင် ဆောင်ရွက်ပြီးရင် ပုဒ်မ ၆ အရ ၆ (၁) ပြန်တမ်းထုတ်ပြန်နိုင်ဖို့ မြေသိမ်း ကော်လိပ်တော်ဟာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရဲ့ ကန့်ကွက်ရန် မရှိကြောင်း၊ အတည်ပြု ထောက်ခံကြောင်း ဆုံးဖြတ်ချက်ကို ရယူပြီး စစ်ဆေး တွေ့ရှိရတဲ့ အချက်တွေအပြင် အောက်ပါ အချက်အလက်တွေ ပါရှိတဲ့ သီးခြား အစီရင်ခံစာနဲ့အတူ မြေသိမ်းအမှုတွဲကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ဆီကို ပေးပို့ တင်ပြဖို့ ဖြစ်ပါတယ်။

  (က) မြေကို အလိုရှိတဲ့ ဌာန/အဖွဲ့အစည်း အမည်၊

  ( ခ ) သိမ်းယူလိုတဲ့ မြေကို အများပြည်သူအကျိုးအတွက် ဘယ်လို အသုံးပြုမှာ ဖြစ်ကြောင်း ဖော်ပြချက် အကျဉ်းချုပ်၊


mgyoe.com

mgyoe.com
SAMPLE BOOK

(ဂ) သိမ်းယူဖို့အတွက် သိမ်းယူမယ့် ဌာန/အဖွဲ့အစည်းရဲ့ အုပ်ချုပ်မှုဆိုင်ရာ ခွင့်ပြုချက် ရပြီး မပြီး၊ မြေသိမ်း လျော်ကြေးနဲ့ မြေသိမ်းခြင်းကို ဆောင်ရွက်ပေးရာမှာ ကုန်ကျတဲ့ စရိတ်တွေအတွက် မြေသိမ်းလိုတဲ့ ဌာနက တာဝန်ခံ မခံနဲ့ မြေအလိုရှိတဲ့ ဌာနက တာဝန်ယူထားပြီး မပြီး၊

(ဃ) ပုဒ်မ ၆ အရ ထုတ်ပြန်ကြေညာချက်နဲ့ ဖော်ပြထားတဲ့ မြေဧရိယာထဲမှာ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့မြေတွေ ပါဝင်ခြင်း ရှိ မရှိ၊

(င) အများပြည်သူအတွက် သိမ်းဆည်းပေးဖို့ လိုအပ် မလိုအပ်၊

(စ) သိမ်းဆည်းမယ့် မြေ/အဆောက်အအုံတွေအတွက် လျော်ကြေးပေးနိုင်မယ့် အခြေအနေ ရှိ မရှိ။

- ဘုရင်ခံ သို့မဟုတ် အစိုးရအဖွဲ့ရဲ့ အတည်ပြုချက် ရရှိတဲ့အခါ ပြည်ထဲရေး ဝန်ကြီးဌာနကနေ ပြန်တမ်း ၆ (၁) ကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်း ကြေညာ ထုတ်ပြန်ပေးရပါတယ်။
- မြေသိမ်းဥပဒေမှာ ပြဆိုထားချက်က ကော်လိပ်တော်ကနေ ပြန်တမ်း ၆ (၁) ထုတ်ပြန်ခွင့်ရဖို့ မြေပေါ် စစ်ဆေးတွေ့ရှိချက်တွေ၊ ကန့်ကွက်ချက်တွေအပေါ် ညှိနှိုင်း ဖြေရှင်းမှုတွေ၊ လျော်ကြေး ပေးဖို့ အစီအစဉ်တွေကို အမှုတွဲထဲမှာ အစီရင်ခံစာနဲ့ အစိုးရအဖွဲ့အထိ အဆင့်ဆင့် တင်ပြရာမှာ ဘုရင်ခံ (နိုင်ငံတော် သမ္မတ) ဟာ မြေသိမ်းရန် အလိုရှိတယ်လို့ ပြန်တမ်း ၆ (၁) ထုတ်ပြန် သဘောတူ ခွင့်ပြုကြောင်း၊ မိမိရဲ့အာဏာကို မသုံးစွဲမီ အဲဒီလို သိမ်းယူခြင်းဟာ ဆိုခဲ့တဲ့အတိုင်း အများပြည်သူအကျိုးငှာ တိုးတက်အောင် ဆောင်ရွက်ဖို့အတွက် သို့တည်းမဟုတ် မြို့ရွာစီမံကိန်းအရ တည်ဆောက်ခြင်းတွေ ပြုလုပ်ဖို့အတွက် လိုအပ်တယ်လို့ ကိုယ်တိုင် ကျေနပ်ပြီး ဖြစ်ရမယ်လို့ ဆိုထားပါတယ်။

## ပြန်တမ်း ၆ (၁) ၏ အနှစ်သာရ

အများပြည်သူအကျိုးအတွက် ဒါမှမဟုတ် နိုင်ငံတော် အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရက စဉ်းစားပြီး ကျေနပ်ရင် ရည်ရွယ်ထားတဲ့ မြေကို သိမ်းယူဖို့

mgyoe.com

mgyoe.com
SAMPLE BOOK

ပုဒ်မ ၆ အမိန့်ကြေညာချက် (Decleration of Intended Acquisition of Land) ကို ထုတ်ပြန်ရကြောင်း အထက်မှာ ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါ အမိန့်ကြော်ငြာစာဟာ မြေသိမ်းကြောင်း အပြီးသတ် သက်သေခံချက် (The deleration is conclusive as well as authoritative) ဒါမှမဟုတ် အငြင်းမပွားနိုင်တဲ့ သက်သေခံချက် (Conclusive Evidence) ဖြစ်လို့ အစိုးရက မြေကို နည်းလမ်းတကျ သိမ်းယူပြီး ဖြစ်တယ်လို့ ဆိုနိုင်တယ်။

ပုဒ်မ ၆ (၁) ထုတ်ပြန်ပြီးမှသာ မြေသိမ်းကော်လိပ်တော်အနေနဲ့ ၆ (၁) ကြေညာချက်မှာ ဖော်ပြပါရှိတဲ့အတိုင်း ဆိုင်ရာ နို့တစ်စာတွေကို မြေပေါ်မှာရယ်၊ မြေတည်ရှိရာရပ်ကွက် ဒါမှမဟုတ် ကျေးရွာမှာရယ် အဲဒီမြေကို လက်ရှိရယူထားသူတွေ ရှိရင် သူတို့တွေနဲ့ မြေမှာ အကျိုးသက်ဆိုင်တယ်လို့ ယုံကြည်ရသူ ဒါမှမဟုတ် အကျိုးသက်ဆိုင်သူရဲ့ ကိုယ်စားလှယ်တွေဆီ ပေးပို့အကြောင်းကြားပြီး ၆ (၁) ပြန်တမ်း ကြေညာပြီးတော့ ၁၅ ရက် ကုန်ဆုံးတဲ့အခါ မြေကို လက်ရောက်သိမ်းယူကြောင်း အမိန့်ချမှတ်ပြီး အလိုရှိတဲ့ ဌာနဆီ လွှဲပြောင်း ပေးအပ်နိုင်ပါတယ်။ ၁၅ ရက်ကာလကို တွက်ချက်ရာမှာ ကြော်ငြာစာ အတည်ပြုရက်နဲ့ ကြားနာရက်တွေကို ထည့်သွင်း ရေတွက်ခြင်း မပြုရပါဘူး။

ကန့်ကွက်မှုနဲ့ လျော်ကြေးကိစ္စ ဆုံးဖြတ်ပြီးမှသာ (လျော်ကြေးပေးချေခြင်း၊ လျော်ကြေး သတ်မှတ်ချက်ကို ကမ်းလှမ်းခြင်း၊ လျော်ကြေးကို ကာယကံရှင်က လက်မခံတဲ့အခါ တရားရုံးသို့ လွှဲခြင်း စတာတွေ ဆောင်ရွက်ပြီးမှသာ) မြေကို Taking Possession လက်ရောက် သိမ်းခွင့် ရရှိပါတယ်။ ခမြနဲ့ စပ်လျဉ်းတဲ့ ကြွေးမြီတာဝန် အရပ်ရပ်နဲ့ ကင်းလွတ်ပြီးမှသာ အစိုးရမြေအဖြစ် ရောက်ရှိပါတယ်။

## မြေသိမ်းခြင်းကို ကန့်ကွက်ခြင်း၊ လျော်ကြေးတောင်းခွင့် ရှိခြင်း

မြေသိမ်း ဥပဒေမှာ အနှစ်သာရ ရှိတဲ့ တစ်ချက်ကတော့ မြေသိမ်းခံရမယ့် ကာယကံရှင်တွေကို မိမိတို့မြေအတွက် အခွင့်အရေး တောင်းဆိုခွင့်၊ ကန့်ကွက်နိုင်ခွင့်အတွက် ပြဋ္ဌာန်းပေးခဲ့တဲ့ ပုဒ်မ ၅ (က) ဖြစ်ပါတယ်။ မြေသိမ်းယူခံရရင် အကျိုးစီးပွား ဆုံးရှုံးနစ်နာနိုင်တဲ့ ဘယ်သူမဆို ပြန်တမ်း ၄ (၁) ထွက်ပြီး ရက် ၃၀ အတွင်း မြေသိမ်းဆည်းမှုကို ကန့်ကွက်နိုင်ခြင်း၊ လျော်ကြေး တောင်းခံနိုင်ခြင်း အခွင့်အရေးကို ဖော်ပြ ပြဋ္ဌာန်းထားတဲ့ ဥပဒေ ပုဒ်မ ဖြစ်ပါတယ်။ အဲဒီမြေနဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ပတ်သက်ပြီး အကျိုးခံစားခွင့် ရှိသူတွေ အနေနဲ့ မြေသိမ်းယူခြင်းဟာ အမှန်တကယ် အများပြည်သူအကျိုးငှာ မဟုတ်ခြင်း၊ သိမ်းယူဖို့ မလိုအပ်ခြင်းတွေကို ကန့်ကွက်နိုင်ပြီး ကြားနာစစ်ဆေးရာမှာ သူတို့ရဲ့ ကန့်ကွက်ချက် မှန်ကန်ကြောင်းတွေ့ရှိရရင် အစိုးရက ပြန်လည် ပြင်ဆင်နိုင်ဖို့နဲ့ အကယ်၍ မြေသိမ်းခံရမယ်ဆိုရင်လည်း ထိုက်တန်တဲ့ လျော်ကြေး တောင်းခံရရှိစေဖို့ ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။

Notification ထုတ်ပြန်ပြီး ရက် ၃၀ အတွင်း အဲဒီမြေ သိမ်းခြင်းအတွက် ကန့်ကွက်ချက်တွေကို ကော်လိပ်တော်အရာရှိထံ စာနဲ့ ရေးသားတင်ပြ လျှောက်ထားနိုင်ပါတယ်။ အဆိုပါ ကန့်ကွက်မှုကို ကော်လိပ်တော်က အထောက်အထားတွေ တောင်းခံစိစစ် ကြားနာစစ်ဆေးရာမှာ မြေသိမ်းခံရမယ့်သူကိုယ်တိုင် ဒါမှမဟုတ် ကိုယ်စားလှယ် ဒါမှမဟုတ် ရှေ့နေက အထောက်အထားတွေနဲ့ ထွက်ဆိုတင်ပြနိုင်ပါတယ်။ ကန့်ကွက်ချက်တွေကို မြေသိမ်းဥပဒေ ပုဒ်မ ၁၁ ကနေ ၁၄ အထိ ပြဋ္ဌာန်းချက်တွေနဲ့အညီ မြေသိမ်း ကော်လိပ်တော်က စစ်ဆေးဆောင်ရွက်မှာ ဖြစ်ပါတယ်။

### ကန့်ကွက်ချက်ကို စစ်ဆေးခြင်း

ကန့်ကွက်ချက်တွေကို ကော်လိပ်တော်က စုံစမ်းကြားနာရာမှာ အောက်ပါအချက်တွေကို ပေါ်လွင်အောင် စိစစ်ဖို့ မြေသိမ်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တို့မှာ ဖော်ပြထားတာ တွေ့ရပါတယ်-

(က) မြေသိမ်းလိုခြင်းသည် အများပြည်သူအကျိုးငှာ သိမ်းဆည်းရန် ဟူသော ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိ၊

(ခ) မြေသိမ်းပေးရန် အမှန် လိုအပ်ခြင်း ရှိ မရှိ၊

(ဂ) သိမ်းဆည်းလိုသော မြေဧရိယာသည် သက်ဆိုင်ရာ ဌာန / အဖွဲ့အစည်းမှ အမှန်တကယ် အသုံးပြုရန် လိုအပ်သော ဧရိယာထက် ပို၍ အဆိုပြုထားခြင်း ဟုတ် မဟုတ်၊

(ဃ) မြေအမျိုးအစားချင်း အတူတူ ဖြစ်ပါက လွယ်ကူရှင်းလင်းမှု အရှိဆုံး၊ ပြဿနာ အနည်းဆုံး၊ အငြင်းပွားမှုဖြစ်ဖွယ် အနည်းဆုံး၊ အစိုးရမှ ပေးလျော်ရန်နှင့် ဖြေရှင်းရန် ငွေကြေး အကုန်အကျ အနည်းဆုံး ဖြစ်စေမည့်မြေ ဟုတ် မဟုတ်၊



mgyoe.com

mgyoe.com SAMPLE BOOK

(င) မြေပေါ်တွင် သာသနာ အဆောက်အအုံများ၊ သုသာန် စသည်တို့ ပါဝင်ပါက ရှောင်ရှား ချန်လှပ်သင့် မသင့်၊

(စ) အလိုရှိသော နေရာဒေသ၌ သိမ်းလိုသည့်မြေနှင့် အလားတူမြေ သို့ မဟုတ် ပိုကောင်းသော မြေကို ဤမြေကို သိမ်းယူရခြင်းထက် ပို၍ အဆင်ပြေခြင်း၊ ပြဿနာ ဖြစ်ပွားမှု နည်းခြင်း၊ အကုန်အကျ နည်းခြင်း တို့ဖြင့် ရရှိနိုင်မှု ရှိ မရှိ

စတာတွေကို ကန့်ကွက်မှုတွေအပေါ် ကြားနာ စစ်ဆေးစဉ်မှာပဲ မှတ်တမ်းတင် ဆောင်ရွက်ရပါတယ်။

## ၁၈၉၄ မြေသိမ်းဥပဒေက မတရား မြေသိမ်းခွင့် ပေးထားသလား

မြေသိမ်းဥပဒေရဲ့တရားကိုယ်က အများပြည်သူအကျိုးငှာလို့ မြေသိမ်းဆည်းရာမှာ စည်းလွတ်ဝါးလွတ် သိမ်းချင်သလို သိမ်းနိုင်တဲ့သဘော ပြဋ္ဌာန်းထားတာ မတွေ့ရှိရပါဘူး။ မြေသိမ်းဥပဒေအမိန့် ဆင့်ဆိုချက် (၇) မှာ မြေသိမ်း ဆောင်ရွက်တဲ့ အရာရှိတွေအနေနဲ့ ဥပဒေက ခွင့်ပြုထားချက်ထက် ကျော်လွန် ဆောင်ရွက်ခြင်း မပြုဖို့က အရေးကြီးဆုံးအချက် ဖြစ်ကြောင်း (It is most important that officers purporting to proceed under the Act should not exceed the legal powers which it confers. Dir-7) လို့ ဖော်ပြထားတဲ့အတွက် အခုခေတ် လူအများ ယူဆနေသလို မြေသိမ်းဥပဒေဟာ ပြည်သူတို့ရဲ့ မြေကို အစိုးရ အာဏာပိုင်တွေက လုပ်ချင်သလို လုပ်ခွင့်၊ သိမ်းချင်သလို သိမ်းခွင့် ပေးထားတဲ့ ဥပဒေတစ်ရပ် မဟုတ်ကြောင်း တွေ့ရပါတယ်။

အစိုးရအနေနဲ့ မြေတစ်ရပ်ကို အလိုရှိလို့ သိမ်းယူဖို့ ခိုင်လုံတဲ့ အကြောင်းအချက် ပေါ်ပေါက်နေပေမဲ့ မြေသိမ်းရာမှာ မလိုလားအပ်ဘဲ ပြည်သူနဲ့ ထိပ်တိုက်ရင်ဆိုင် ပြဿနာ မပေါ်ပေါက်စေဖို့ အခြေခံစဉ်းစား ဆောင်ရွက်ရမယ့် အချက်တွေကို မြေသိမ်းနည်း ဥပဒေ ၃ (Rule 3) မှာရယ်၊ ညွှန်ကြားချက်အပိုဒ် (၁၃) (Direction 13) မှာရယ် ပြဋ္ဌာန်းထားတာတွေကို ကြည့်ခြင်းအားဖြင့် မြေသိမ်းဥပဒေဟာ ပြည်သူတို့ရဲ့မြေကို အစိုးရနဲ့ အာဏာပိုင်တွေက တစ်ဖက်သတ် အနိုင်ကျင့် ရယူနိုင်တဲ့ ဥပဒေ မဟုတ်ကြောင်း သုံးသပ် တွေ့ရှိရပါတယ်။

မြေသိမ်းဥပဒေမှာ အဓိကအားဖြင့် ဖော်ပြထားချက်တွေကို လေ့လာကြည့်မယ် ဆိုရင်-


mgyoe.com

mgyoe.com SAMPLE BOOK

- မြေသိမ်းလိုပါက သိမ်းဆည်းသင့်သည့် မြေကိုသာ သိမ်းဆည်းရန်၊
- အများပြည်သူအကျိုးအတွက် ဖြစ်မှသာ သိမ်းရန်၊
- လိုအပ်သည့် ဧရိယာ အတိုင်းအတာကိုသာ သိမ်းယူရန်၊ လိုအပ်သည်ထက် ပိုမသိမ်းရန်၊
- မြေသိမ်းခံရသော ပြည်သူများ၏ ရသင့်ရထိုက်သော နစ်နာကြေး၊ သီးနှံလျော်ကြေး၊ မြေလျော်ကြေးနှင့် ရုတ်တရက် လက်မဲ့ ဖြစ်စေခြင်းကြောင့် အခြား ပျက်စီး ထိခိုက်နစ်နာမှုများအတွက် လျော်ကြေး၊ အခွင့်အရေးများကို ထိုက်တန်စွာ ခံစားခွင့် ရရှိရေး ဦးစားပေးရန်၊
- အများပြည်သူအကျိုး မဖြစ်ထွန်းသည့်ကိစ္စများအတွက် သိမ်းဆည်းခြင်းကို ခွင့်မပြုရန်၊
- မြေသိမ်းခြင်းကြောင့် အစိုးရတွင် ဝန်မပိစေရန်၊
- မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုနှင့် ပြဿနာ ဖြစ်ပွားမှုမှ ရှောင်လွှဲရန်၊
- မလွှဲမရှောင်သာမှသာ လိုအပ်သည့် အတိုင်းအတာကို ဥပဒေနှင့်အညီ စနစ်တကျ သိမ်းဆည်းရန်

စတဲ့အချက်တွေကို အထူးဂရုပြု ဖော်ပြထားကြောင်း မြေသိမ်းဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေမှာ တွေ့ရှိရပါတယ်။

## အဆောတလျင် မြေသိမ်းယူခြင်း (Special Power in Cases of Urgency)

အများပြည်သူအကျိုးငှာ တစ်စုံတစ်ရာသော မြေကို အရေးတကြီး လိုအပ်တဲ့အတွက် အဆောတလျင် အလျင်အမြန် မြေသိမ်းရတဲ့ အခြေအနေတွေ ရှိနိုင်ပါတယ်။ အောက်ပါ အခြေအနေတွေအတွက် အလျင်အမြန် မြေသိမ်းပေးရန်လို့ မြန်မာနိုင်ငံ မြေသိမ်းဥပဒေ ပုဒ်မ ၁၇ မှာ ဖော်ပြထားပါတယ်-

- လှေ၊ သင်္ဘောများ သွားလာနိုင်သော မြစ်တွင်းရေကြောင်း ရုတ်တရက် ပြောင်းလွဲခြင်း၊
- သို့မဟုတ် မခန့်မှန်းနိုင်သော အရေးပေါ် ကိစ္စကြောင့် ရထား သွားလာမှုအတွက် အရေးတကြီး လိုအပ်ခြင်း၊
- သို့မဟုတ် မြစ်ကမ်းနံဘေး သို့မဟုတ် တောင်ကြားလမ်းစခန်း အရေးပေါ်ပြုလုပ်ရန် လိုအပ်ခြင်း သို့မဟုတ် ဆက်သွယ်ရေးလမ်းကြောင်း အဆင်ပြေစေရေးအတွက် လိုအပ်ခြင်း၊



mgyoe.com

mgyoe.com SAMPLE BOOK

● သို့မဟုတ် တပ်မတော်အတွက် အရေးတကြီး လိုအပ်ခြင်း တို့အတွက် လိုအပ်တဲ့မြေကို အလျင်အမြန် သိမ်းယူခွင့် ရှိပါတယ်။

သို့ပေမဲ့ အဆောတလျင် သိမ်းဆည်းဖို့ အခြေအနေ သဘာဝ (the nature of urgency) ဟုတ် မဟုတ် ဆိုတာက နိုင်ငံတော်အစိုးရကသာ အဆုံးအဖြတ် ပြုရမယ့်အချက် ဖြစ်ကြောင်း ဥပဒေမှာ ဖော်ပြထားပါတယ်။

ပုဒ်မ ၁၇ (၁) မှာ ဖော်ပြထားတာက အရေးတကြီး လိုအပ်လို့ အဆောတလျင် သိမ်းယူနိုင်တဲ့ မြေအမျိုးအစားဟာ ထွန်ယက်စိုက်ပျိုးခြင်း မပြုနိုင်တဲ့ မြေတွေ သို့မဟုတ် မြေရိုင်းတွေ (waste land or arable land) သို့မဟုတ် (unsuitable for ploughing) မြေတွေသာ ဖြစ်ရပါတယ်။ အစိုးရက ဘယ်ဝန်ထုပ်ဝန်ပိုးမှ မတင်ဘဲ ကင်းကင်းလွတ်လွတ် သိမ်းယူနိုင်မယ့်မြေ (free from all encumbrances) ဖြစ်မှသာ ၁၇ (၁) အရ လျော်ကြေး မပေးဘဲ အလျင်အမြန် သိမ်းယူနိုင်ပါတယ်။ မြေသိမ်းရာမှာ လယ်ယာမြေတွေ ပါဝင်လာရင် မြေသိမ်း ဥပဒေအရသာ မဟုတ်တော့ဘဲ လယ်ယာမြေ ဥပဒေအရပါ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မြေကို အရေးတကြီး အလျင်အမြန် သိမ်းဆည်းပေးရမယ့် ကိစ္စရပ်တွေမှာ မြေသိမ်း အက်ဥပဒေ ပုဒ်မ ၅ (က) ပါ ပြဋ္ဌာန်းချက်တွေနဲ့ သက်ဆိုင်ခြင်း မရှိစေရ ဆိုတဲ့ အချက်ကို ပြန်တမ်း ၄ (၁) မှာ ထည့်သွင်း ဖော်ပြရပါတယ်။ ကျန်အခြား မြေသိမ်းကိစ္စရပ်တွေမှာ ထည့်သွင်း ဖော်ပြဖို့ မလိုပါဘူး။ ၅ (က) ပါ ပြဋ္ဌာန်းချက်တွေနဲ့ သက်ဆိုင်ခြင်း မရှိစေရလို့ ထည့်သွင်း ကြေညာလိုက်တဲ့အတွက် Collector ဟာ လျော်ကြေး ပေးချေဖို့အတွက် ဆုံးဖြတ်ချက် မချမှတ်ရပေမဲ့ (လျော်ကြေး မပေးရသေးပေမဲ့) ပုဒ်မ ၄ (၁) အရ နို့တစ်စာကို ထုတ်ပြန်ပြီးတော့ ပုဒ်မ ၉ အရ ၁၅ ရက် ကုန်ဆုံးတာနဲ့ ထွန်ယက် မစိုက်ပျိုးနိုင်မယ့် မြေ ဒါမှမဟုတ် စိုက်ပျိုးမှုအတွက် အသုံးမပြုနိုင်တဲ့ မြေရိုင်း (waste land or arable land) ကို ကန့်ကွက်ချက်တွေ ကင်းကင်းရှင်းရှင်းနဲ့ နိုင်ငံတော်အစိုးရရဲ့ ကြိုတင်ခွင့်ပြုချက် ရယူပြီး ကော်လိပ်တော်အရာရှိက လက်ရောက် သိမ်းယူပြီး တာဝန်ရှိတဲ့ ဦးစီးဌာန၊ အဖွဲ့အစည်းဆီ လွှဲပြောင်း ပေးအပ်နိုင်ပါတယ်။

အဆောတလျင် သိမ်းယူနိုင်တဲ့မြေဟာ ထွန်ယက် စိုက်ပျိုးခြင်း မပြုနိုင်တဲ့ မြေ ဒါမှမဟုတ် မြေရိုင်းတွေ (Waste Land or Arable Land) သာ ဖြစ်ရမယ်။ အထက်ပါ မြေမျိုး မဟုတ်ရင် အဆောတလျင် သိမ်းယူခွင့် မရှိပါဘူး။ (ဘဏ္ဍာတော်မင်းကြီးရုံးရဲ့ ၈-၆-၆၅ ရက်စွဲပါစာအမှတ် ၂၉၂။ ၃၅၂။ မသ-၁၃။ ၆၄)



mgyoe.com

mgyoe.com SAMPLE BOOK

အထက်က တင်ပြခဲ့တာတွေက ကျွန်တော့်မိတ်ဆွေ မေးခဲ့တဲ့ မေးခွန်းတွေအတွက် အကျဉ်း ဖြေဆိုခြင်းသာ ဖြစ်ပြီး ၁၈၉၄ မြေသိမ်းဥပဒေနဲ့အညီ စနစ်တကျ လုပ်ဆောင်ရတဲ့ မြေသိမ်း လုပ်ထုံးလုပ်နည်း တစ်စိတ်တစ်ပိုင်းကိုသာ ဖွင့်ဆို ရှင်းပြခြင်း ဖြစ်ပါတယ်။ ဟိုဘက်ခေတ်က မြေသိမ်းဆည်းမှုတွေကို အထက်ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ခဲ့သလား ဆိုတဲ့ မေးခွန်းကိုတော့ အခုမှ မေးမနေကြပါတော့နဲ့ခင်ဗျား။


mgyoe.com

mgyoe.com SAMPLE BOOK

# လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Land Holder's Right) နှင့် ဘိုးဘပိုင်မြေ၊ အပိုင်ဂရန်မြေများ မြေခွန်ကင်းလွတ်ခွင့် ရ မရ

---

မြေပိုင်မြေ ရထားတယ် ဆိုတိုင်း မြေခွန် ကင်းလွတ်ခွင့် မရနိုင်ပါဘူးလို့ ပြောရပါမယ်။ နိုင်ငံတော်နဲ့ အခွန်အာဏာပိုင်အရာရှိက အခု ချပေးတဲ့ မြေအမျိုးအစားကို မြေခွန် ကင်းလွတ်ခွင့် ပြုတယ်လို့ အတိအလင်း တရားဝင် ကြေညာသတ်မှတ်ထားချက်တွေ၊ အမိန့်တွေ မရှိခဲ့ရင် ယင်းမြေအတွက် ထိုက်သင့်မြေခွန် ထမ်းဆောင်ဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

---

mgyoe.com

mgyoe.com SAMPLE BOOK

# လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Land Holder's Right) နှင့် ဘိုးဘပိုင်မြေ၊ အပိုင်ဂရန်မြေများ မြေခွန်ကင်းလွတ်ခွင့် ရ မရ

ဘိုးဘပိုင်မြေအကြောင်းကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ကျွန်တော် ရေးခဲ့ဖူးပါတယ်။ ကျွန်တော့်ရဲ့ မှတ်စုကလေးတွေ စုစည်းပြီး ၂၀၁၆ ဖေဖော်ဝါရီလအတွင်းမှာ ထုတ်ဝေခဲ့တဲ့ 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ' စာအုပ်မှာလည်း ဘိုးဘပိုင်မြေ အမည်ပြောင်း ဆောင်ရွက်တဲ့ နည်းလမ်းများ စာစုကို ထည့်သွင်းပေးထားခဲ့ပါသေးတယ်။ အခုလည်း ဘိုးဘပိုင်မြေအတွက် ထပ်ဖြည့်စရာကလေးတွေ ဖြည့်စွက်ပြီး new version စတင်ရေးနေဆဲမှာ ပြည်သူ့အရေးဂျာနယ်မှာ ဦးမိုယ်း-လယ်ဝန် ဆိုတဲ့ ကလောင်ရှင်က ဘိုးဘပိုင်မြေအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးသားတင်ပြလိုက်တာ တွေ့ရပါတယ်။ အချို့နေရာတွေမှာ ကျွန်တော် တင်ပြမှာတွေနဲ့ အကြောင်းအရာ ထပ်သွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ဘိုးဘပိုင်မြေ ရေးလက်စကို ရပ်ဆိုင်းလိုက်ပါတယ်။

ဒါပေမဲ့ မိတ်ဆွေတွေဆီကနေ အပိုင်ဂရန်မြေတို့၊ ဘိုးဘပိုင်မြေတို့နဲ့ ပတ်သက်ပြီး အပိုင်ရသူအနေနဲ့ မြေခွန် ပေးဆောင်ရသလား မဆောင်ရဘူးလား၊ အပိုင်မြေကို မြေခွန် သတ်မှတ်ထားသလား၊ ကင်းလွတ်ခွင့် ပေးသလား ဆိုတဲ့ မေးခွန်းနဲ့ ဘိုးဘပိုင်မြေ ဒါမှမဟုတ် အပိုင်ဂရန်မြေကို အစိုးရက ပြန်သိမ်းလို့ ရ မရ ဆိုတဲ့ issue တွေ တက်လာပါတယ်။ တစ်ယောက်လောက်က မေးတာမဟုတ်တော့ဘဲ တော်တော်များများက မေးလာတော့ ဘိုးဘပိုင်မြေကိစ္စ ပြန်ကိုင်ရပါတယ်။ ဦးမိုယ်း-လယ်ဝန်ရဲ့ ဆောင်းပါးမှာ ပါပြီးသား အချို့အချက်တွေကို



mgyoe.com

mgyoe.com
SAMPLE BOOK

တော့ အကြောင်းအရာ မထပ်အောင် ချန်လှပ်ခဲ့ပါတယ်။ သူ ရေးခဲ့တာနဲ့ အခု တင်ပြချက် ပေါင်းစပ်ပြီး ဖတ်ကြည့်ကြရင် အကျိုးရှိပါလိမ့်မယ်။

ဘိုးဘပိုင်မြေ ပြန်သိမ်းလို့ ရ မရ ဆိုတာကတော့ အထက်မှာ ကျွန်တော် ဖော်ပြခဲ့တဲ့ 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ' စာအုပ်မှာ 'ဂရန် ဆိုသည်မှာ'နဲ့ 'အစိုးရမြေမှ နှင်ထုတ်ခြင်း' ဆောင်းပါးတို့မှာ ရေးသား တင်ပြထားပြီး ဖြစ်ပါတယ်။ အပိုင်ဂရန်မြေတွေ၊ ဘိုးဘပိုင်မြေတွေကို အပိုင်ပေးခဲ့တဲ့အမိန့် ပယ်ဖျက်ပြီး အစိုးရက ပြန်သိမ်းလို့ ရပါတယ်။ မြေပေါ်က နှင်ထုတ်လို့ ရပါတယ်လို့ပဲ အကျဉ်းချုပ် ပြောလိုပါတယ်။ အကျယ်ကို အထက်ပါ စာအုပ်မှာ ဖတ်ရှု လေ့လာနိုင်ပါတယ်။

အခု ဦးစားပေး တင်ပြမယ့်အချက်က အပိုင်ဂရန် ပေးထားတဲ့ မြေတွေနဲ့ ဘိုးဘပိုင်မြေတွေ မြေခွန် ကင်းလွတ်ခွင့် ရ မရ ဆိုတဲ့အချက်ကို ဇောင်းပေး တင်ပြသွားပါမယ်။ ရေးမှာက အခွန်ကိစ္စရပ် ဖြစ်ပေမဲ့ အထက်မြန်မာပြည်မှာ ဘိုးဘပိုင်လို့ ခေါ်ပြီး အောက်မြန်မာနိုင်ငံမှာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့်ရမြေ (ဝါ) Landholder's Right အခွင့်အရေးရမြေလို့ ခေါ်ကြတဲ့ Freeholds Land တွေအကြောင်း သိအောင် ရှင်းပြဖို့ ဆိုတာက မြန်မာနိုင်ငံရဲ့ မြေယာပိုင်ဆိုင်ခွင့် နည်းလမ်းတွေကို အရင်ဆုံး သိဖို့ လိုအပ်တဲ့အတွက် မြန်မာ့မြေယာစနစ် ရာဇဝင် အကျဉ်းတော့ ပြန်ပြောရဦးမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး စတင် ရှင်းပြချင်တာက မြန်မာဘုရင်ခေတ်မှာ တည်ရှိခဲ့တဲ့ မြေပိုင်ဆိုင်ခွင့် အမျိုးအစားတွေ ဖြစ်ပါတယ်။

ပုဂံဝန်ထောက်မင်း ဦးတင်ရဲ့ 'မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း' ဖော်ပြချက်အရတော့-

(၁) ရှင်ဘုရင်နှင့် ဆိုင်သော အရာတော်မြေ လေးမျိုး၊
(၂) အရာတော်မြေနှင့် စပ်ယှက် ဆက်သွယ်သောမြေ သုံးမျိုး၊
(၃) ဘိုးဘပိုင်မြေ သုံးမျိုး၊
(၄) ဘိုးဘပိုင် မြေနှင့် စပ်ယှက်ဆက်သွယ်သောမြေ လေးမျိုး၊
(၅) ဝတ္တကံမြေ သာသနာမြေ သုံးမျိုး

ဆိုပြီး မြေပိုင်ဆိုင်ခွင့်တွေ ခွဲခြားထားပါတယ်။ အမျိုးအစား တစ်ခုစီမှာ ဆင့်ပွား ကွဲပြားသွားတာတွေက မနည်းလှပါဘူး။ ဥပမာ- ဘုရင်နှင့်ဆိုင်သော အရာတော်မြေခေါင်းစဉ်အောက်မှာ နန်းစဉ်အရာတော်မြေ၊ စုံသေအမွေပြတ်မြေ၊ သိမ်းစုမြေ၊ ယွန်းပေါင်ပါမြေ စသဖြင့် ထပ်မံ ခွဲထားတဲ့အပြင် သီးသန့်ဘုရင့်စားမြေ၊


mgyoe.com

mgyoe.com SAMPLE BOOK

မင်းညီမင်းသားစားမြေ၊ ကျွန်းမြေတို့ ရှိပါသေးတယ်။ အရာတော်နဲ့ စပ်ယှက်ဆက်သွယ်တဲ့ မြေအမျိုးအစားတွေမှာ အမှုထမ်းတွေကို လစာရိက္ခာအစား ချပေးတဲ့ 'အစားပေး'မြေ၊ မြို့စားရွာစားတို့အတွက် ရာထူးအရ ပါလာတဲ့ 'အကိုင်စား' မြေ၊ မြို့သူကြီး ရွာသူကြီးတွေ ချထား စားသောက်ဖို့ ပေးတဲ့ 'အကြီးစားမြေ'ဆိုပြီး ခွဲပြန်ပါတယ်။ (အင်္ဂလိပ်ခေတ်မှာ ပေးတဲ့ သူကြီးစားမြေသဘောမျိုးပါ။)

ဝတ္တကံမြေအောက်မှာလည်း ဘုရားနဲ့ ဆိုင်တဲ့ ဝတ္တကံမြေ၊ ပိဋကတ်နဲ့ဆိုင်တဲ့ ဝတ္တကံမြေ၊ ကျောင်းနဲ့ဆိုင်တဲ့ ဝတ္တကံမြေလို့ ခွဲခြားပါတယ်။ ဘိုးဘပိုင်မြေအောက်မှာ 'ဓားမဦးချမြေ'၊ 'မင်းပေးမြေ'နဲ့ 'ငွေဝယ်ငွေပေါင်မြေ' ဆိုပြီး ခွဲထားတဲ့ အပြင် စပ်ယှက် ဆက်နွယ် အမျိုးအစားတွေကိုလည်း အဲဒီအောက်မှာ ထပ်ခွဲပါသေးတယ်။

အဲဒီလို မြေပိုင်ဆိုင်ခွင့် အမျိုးမျိုး ခွဲခြားထားတဲ့ မြန်မာ့မြေယာစနစ်မှာ အခု ကျွန်တော် တင်ပြ ဆွေးနွေးမယ့် မြေပိုင်ဆိုင်ခွင့်စနစ်က ဘိုးဘပိုင်မြေ ဖြစ်ပါတယ်။ ဘိုးဘပိုင်မြေကို မူလ သုံးမျိုး၊ ဆက်နွယ်အမျိုးအစား လေးမျိုး၊ ပေါင်း ခုနစ်မျိုး ကွဲပြား တည်ရှိတာ တွေ့ရပါတယ်။

## မူလ ဘိုးဘပိုင်မြေ သုံးမျိုး

(၁) **ဓားမဦးချမြေ။** ဘယ်သူမျှ လုပ်ကိုင်ခြင်း မရှိသေးတဲ့ မြေလွတ်မြေရိုင်းတွေကို ဆိုင်ရာ မြေတိုင်းတောကဲတွေထံ တိုင်ကြား ပြောဆိုပြီးတော့ ခုတ်ထွင် တီကျင်းပြီး ဘေးဘိုးစဉ်ဆက် ဓားမဦးချ စိုက်ပျိုး လုပ်ကိုင်လာတဲ့ မြေမျိုး ဖြစ်ပါတယ်။ သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့် ရပါတယ်။ မနုကျယ်ဓမ္မသတ် အလိုအရတော့ ဘယ်သူမျှ အတည်တကျ မလုပ်ကိုင်သေးတဲ့ မြေကို မူလခုတ်ထွင် အတည်တကျ လုပ်ကိုင်ခဲ့သူဟာ ၁၀ နှစ်တိုင်တိုင် အဆက်မပြတ် လက်ရှိထားခဲ့ရင် အခြား ဘယ်သူ့ကိုမျှ ပိုင်ဆိုင်ခွင့် မရှိစေရဘဲ လုပ်ကိုင်ရင်းသူသာ ထာဝရ ပိုင်ဆိုင်ခွင့် ရှိစေတဲ့မြေ ဖြစ်ပါတယ်။

(၂) **မင်းပေးမြေ။** အထက်က အရာတော်မြေမှာ ဖော်ပြခဲ့တဲ့ အမှုထမ်းတွေကို လစာရိက္ခာ အစားချပေးတဲ့ အစားပေးမြေနဲ့ မတူပါဘူး။ လစာရိက္ခာအစား မဟုတ်ဘဲ ဘုရင်ကိုယ်တိုင် သီးခြား လက်ရောက်ပေးအပ်ချီးမြှင့်မြေ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

(၃) ငွေဝယ်ငွေပေါင်မြေ။ ဓားမဦးချမြေ၊ မင်းပေးမြေတွေကို လက်ရှိဆက်ခံပိုင်ဆိုင်သူတို့က ရောင်းချ ပေါင်နှံတာက စပြီး အဆိုပါမြေရဲ့ မူလအခွင့်အရေးအတိုင်း ဝယ်ယူသူ၊ အပေါင်ခံသူတို့က သားစဉ်မြေးဆက် ဆက်လက် ပိုင်ဆိုင်ခွင့်ရတဲ့ မြေမျိုး ဖြစ်ပါတယ်။

## ဘိုးဘပိုင်နှင့် ဆက်နွှယ်သောမြေ လေးမျိုး

ဘိုးဘပိုင်မြေနဲ့ စပ်ယှက် ဆက်သွယ်တဲ့ မြေ လေးမျိုးက နေစားမြေ၊ စားမြေ၊ သူရဲမိုးမြေ၊ အသည်မြေတို့ ဖြစ်ပါတယ်။

(၁) နေစားမြေ။ နေစားမြေ ဆိုတာက နေရန်မြေ၊ စားရန်မြေ နှစ်မျိုးအတွက် ပေးကမ်းချထားတဲ့မြေ ဖြစ်ပါတယ်။ စစ်ပွဲတွေမှာ ရတဲ့ လူမျိုးခြား သုံ့ပန်းတွေ၊ နိုင်ငံမှာ အခြားသော နယ်မြေတွေက လူတွေကို လုပ်ကိုင်သူမရှိသေးတဲ့ မြေရိုင်း၊ အရာတော်မြေ၊ ဝတ္တကံမြေနဲ့ အကြောင်းအားလျော်စွာ စွန့်ခွာလက်လွှတ်ထား စောင့်ရှောက်မှု ကင်းမဲ့တဲ့ မြေတွေ၊ လွတ်လပ်တဲ့ မြေတွေမှာ နေထိုင်၊ လုပ်ကိုင်စားသောက်ဖို့အတွက် ချထားပေးတဲ့ မြေမျိုး ဖြစ်ပါတယ်။

(၂) စားမြေ။ နေမြေ စားမြေ ချထားခံရသူတွေနဲ့ အလားတူတဲ့ လူတွေကို လုပ်စားဖို့ ချထားတဲ့မြေတွေ ဖြစ်ပါတယ်။ ယင်းမြေကိုလည်း သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့် ရပါတယ်။

(၃) သူရဲသူမိုးမြေ။ သူရဲမိုးမြေကတော့ ကင်းမြို့တွေမှာ အစောင့်အနေ ချထားတဲ့ မြန်မာစစ်တပ်များ၏ ရဲမက် စစ်သည်တွေက လယ်ယာ တီထွင်လုပ်ကိုင်ခဲ့တဲ့ မြေမျိုး ဖြစ်ပါတယ်။ မြို့စောင့်တပ်တွေ နေပြည်တော် ပြန်ထွက်ခွာသွားတဲ့အခါ မြို့ရွာနေလူတို့ ဝင်ရောက် လုပ်ကိုင်နိုင်ပါတယ်။ သို့ပေမဲ့ စစ်သည်တွေ ပြန်ရောက်လာတဲ့အခါ ရဲမက်တွေက ပြန်လည် လုပ်ကိုင်ပါတယ်။ စစ်တပ်ကို မြို့စောင့်မထားတဲ့အခါ မြို့ခံရွာခံလူတို့က သားမြေးစဉ်ဆက် လုပ်ကိုင်နိုင်ပါတယ်။

(၄) အသည်မြေ၊ ဘုံမြေ။ အသည် ဆိုတာက မင်းမှုထမ်း မဟုတ်တဲ့သူတွေ ဖြစ်ပါတယ်။ အရပ်သားတွေ ဖြစ်ပြီး အခြားမြို့ရွာက လာသူတွေ မဟုတ်ဘဲ ဆိုင်ရာမြို့ရွာမှာ မြို့ရွာ တည်ထောင်စ ကနဦး မူလကတည်းက နေထိုင် ပေါက်ဖွားလာသူတွေ ဖြစ်ပါတယ်။ အဲဒီလူတွေ မူလ

mgyoe.com

mgyoe.com SAMPLE BOOK

ကတည်းက လုပ်ကိုင်ပြီး စားသောက် အသက်မွေးလာတဲ့မြေကို အသည်မြေလို့ ခေါ်ပါတယ်။ အသည်သားတွေနဲ့သာ ဆိုင်တဲ့ ရွာက ပိုင်တဲ့မြေကို ခေါ်တာ ဖြစ်ပါတယ်။ ဆိုလိုတာက ယင်းမြေကို ကျေးရွာက ပိုင်ပြီး အသည်တွေသာ စိုက်ပျိုးလုပ်ကိုင်ခွင့် ရှိတဲ့ မြေတွေ ဖြစ်ပါတယ်။

[အင်္ဂလိပ်ခေတ်မှာတော့ အထက်မြန်မာပြည် မြေနှင့်အခွန်တော် စည်းမျဉ်း ဥပဒေ ပြဋ္ဌာန်းခါစမှာ အမိန့် ဆင့်ဆိုချက် (၂၈၈) ကနေ (၂၉၁) အထိကို ယင်းမြေတွေအတွက် Communal Tenures ဒေသန္တရမြေ ပိုင်ဆိုင်နည်းလို့ အမည်တပ် ညွှန်ကြားခဲ့ပေမဲ့ ၁၉၃၀ ပြည့်နှစ်လောက်မှာ ယင်းအပိုင်းကို Upper Burma Land & Revenue Manual: Direction ကနေ ပယ်ဖျက်ခဲ့ပြီး မပါ တော့တာ တွေ့ရပါတယ်။]

## ဗြိတိသျှတို့ သတ်မှတ်လိုက်သည့် မြေယာပိုင်ဆိုင်မှုစနစ်

အထက်ပါအတိုင်း မြေအမျိုးအစားတွေ ပိုင်ဆိုင်ခွင့်တွေ အသေးစိတ် သတ်မှတ် ပြီး ခွဲခန့်စီရင် အုပ်ချုပ်လာတဲ့ မြန်မာ့မြေယာပိုင်ဆိုင်မှုစနစ်နဲ့ သဘောသဘာဝ ဟာ အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်ပြီးချိန်မှာ အောက်ပါအတိုင်း ပြောင်း လဲသွားပါတော့တယ်။

**အထက်မြန်မာနိုင်ငံ**

(က) ဘိုးဘပိုင်မြေ၊

( ခ ) အရာတော်မြေ။

**အောက်မြန်မာနိုင်ငံ**

(က) လက်ဝယ်ထားရှိပိုင်ခွင့်ရှိသောမြေ၊

( ခ ) အစိုးရမြေ။

အင်္ဂလိပ်ဟာ မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲခဲ့ပါတယ်။ ၁၈၂၄-၁၈၂၆ ပထမစစ်ပွဲအပြီး ရခိုင်နဲ့ တနင်္သာရီ၊ ၁၈၅၂ ဒုတိယစစ်ပွဲအပြီး ပဲခူး၊ မုတ္တမနယ်တွေကို သိမ်းပိုက်ခဲ့ပြီးနောက် အဲဒီ ကိုလိုနီနယ်တွေကို စုစည်းပြီး ၁၈၆၂ ခုနှစ်မှာ ဗြိတိသျှ မြန်မာပြည်လို့ ခေါ်တွင်တဲ့ အိန္ဒိယဘုရင်ခံချုပ် လက် အောက်က အောက်မြန်မာပြည်ကို ဖွဲ့စည်းပါတယ်။

၁၈၇၆ ခုနှစ်မှာ အောက်မြန်မာပြည်မှာ ရှိတဲ့ စိုက်ပျိုးလုပ်ကိုင်တဲ့ မြေတွေ၊ မြို့ရွာမြေတွေ၊ မြေလွတ်မြေရိုင်းတွေကို စနစ်တကျ ကြီးကြပ်အုပ်ချုပ် စီမံနိုင်ဖို့ အတွက်နဲ့ မြေခွန်နဲ့ အခွန်အရပ်ရပ် ကောက်ခံစည်းကြပ်နိုင်ဖို့အတွက် အောက်



mgyoe.com

mgyoe.com
SAMPLE BOOK

မြန်မာပြည် မြေနဲ့ အခွန်တော် ဥပဒေကို ပြဋ္ဌာန်းပါတယ်။ အင်္ဂလိပ်က သူ သိမ်းယူ ရရှိတဲ့ အောက်မြန်မာပြည်က မြေတွေ အားလုံးကို ဗြိတိသျှအစိုးရပိုင် (ဧကရီ ဘုရင်မကြီးပိုင်) ဖြစ်ကြောင်း ကြေညာ သတ်မှတ်ပါတယ်။ လယ်ယာမြေ အပါအဝင် မြေအားလုံးရဲ့ ပင်ရင်းပိုင်ရှင်ဟာ အစိုးရ ဆိုတဲ့သဘော သက်ဝင်စေ ပါတယ်။ မြေပိုင်ဆိုင်ခွင့်ကို အဓိက နှစ်မျိုးနှစ်စားသာ ခွဲလိုက်ပါတယ်။ (၁)အစိုးရ မြေနဲ့ (၂) လက်ဝယ်လက်ရှိ ထားပိုင်ခွင့်ရှိမြေ (Land Holder's Right) တို့ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ မြန်မာမင်း အုပ်ချုပ်နေတဲ့ အထက်မြန်မာပြည်မှာ တော့ ရှေ့မှာ တင်ပြခဲ့သလို မြေပိုင်ဆိုင်ခွင့် အမျိုးအစား များပြားစွာ တည်ရှိ နေတာမို့ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်ရဲ့ မြေပိုင်ဆိုင်ခွင့်စနစ်တွေ ကွဲပြားနေပါတယ်။

၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး အထက်မြန်မာနိုင်ငံကို ပါ သိမ်းယူလိုက်တဲ့အခါမှာတော့ မြန်မာဘုရင်တွေ ကျင့်သုံးနေတဲ့ မြေပိုင်ဆိုင်ခွင့် မြေယာလုပ်ပိုင်ခွင့်ပြုတဲ့ စနစ်ကို ဗြိတိသျှတို့ သိမြင်လာရပါတယ်။ မြေယာ အုပ်ချုပ်ခြင်းအတွက် အောက်မြန်မာပြည် မြေနှင့်အခွန်ဥပဒေကို အထက်မြန်မာ ပြည်အတွက် ဆက်သုံးဖို့ မပြဋ္ဌာန်းတော့ဘဲ မြန်မာဘုရင်တွေရဲ့ မြေယာအုပ်ချုပ် မှု ပုံသဏ္ဌာန်တွေကို မှီးပြီး Upper Burma Land and Revenue Regulation (အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း) ကို ၁၈၈၉ မှာ ပြဋ္ဌာန်းပါတယ်။ အဲဒီဥပဒေအရ အထက်မြန်မာပြည်ကိုလည်း မြေနှစ်မျိုးသာ ခွဲလိုက်ပါတယ်။ အရာတော်မြေ (state land) နဲ့ ဘိုးဘပိုင်မြေလို့ ခွဲခြားပါတယ်။ ဘုရင့်မြေ၊ မင်းပေးမြေ၊ အမှုထမ်းမြေ၊ ယွန်းပေါင်ပါမြေ စသဖြင့် သိမ်မွေ့ ရှုပ်ထွေးလှတဲ့ မြေပိုင်ဆိုင်ခွင့်တွေ ရှိနေတဲ့ အထက်မြန်မာပြည်အဖို့ အရာတော်မြေနဲ့ အရာ တော် မဟုတ်တဲ့ မြေတွေကို မြေပိုင်ဆိုင်ခွင့် ခွဲတဲ့အခါ လွယ်ကူဖို့အတွက် အထက် မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေ ပုဒ်မ ၂၃ မှာ အရာတော်မြေ ဆိုတာ ဘယ်မြေတွေ ပါတယ် ဆိုပြီး ပြဋ္ဌာန်းလိုက်ပါတယ်။

ပုဒ်မ ၂၃။ အရာတော်မြေ ဆိုသည်မှာ အစိုးရမင်းတို့ ပိုင်သည့် မြေ သို့မဟုတ် စီမံချထားနိုင်သည့် မြေကို ဆိုလိုသည့်အပြင် ၎င်းတွင် အောက်ပါ မြေများ ပါဝင်သည်-

(က) ဘုရင်ပိုင်မြေ (Royal Land) များ၊

(ခ) မင်းမှုထမ်းတို့အား ရာထူးအရ ဖြစ်စေ၊ လစာရိက္ခာအတွက် ဖြစ်စေ၊ သူကောင်းပြု ချီးမြှင့်ထားသည့် မြေများ၊


mgyoe.com

mgyoe.com SAMPLE BOOK

(ဂ) မြစ်၊ ချောင်းမြောင်းအတွင်းရှိ ကျွန်းများ၊ မြေနုကျွန်းများ၊ သောင်မြေများ၊
(ဃ) မြေရိုင်းနှင့် ကြိုးဝိုင်းသစ်တောများ၊
(င) ခုတ်ထွင်စိုက်ပျိုးလုပ်ကိုင် လက်ရှိထားခဲ့သော်လည်း မြေကို စွန့်ခွာသွားသည့်အပြင် ယခု ဥပဒေ ပြဋ္ဌာန်းပြီး နှစ်နှစ်အတွင်း ယင်းမြေ ပိုင်ဆိုင်ခွင့်အတွက် လျှောက်ထားခြင်းမပြုသည့် မြေများ။

အထက်ဖော်ပြပါ မြေအားလုံးဟာ အစိုးရတော်မြေ (state land) လို့ ဖွင့်ဆိုတဲ့အတွက် ဘုရင် ပိုင်တဲ့ မြေတွေ၊ ဘုရင် ချပေးပိုင်ခွင့် ရှိတဲ့ မြေတွေ၊ ဘုရင် ပေးခဲ့တဲ့ မြေတွေ အားလုံး အစိုးရတော်မြေထဲ ရောက်သွားပါတယ်။ အသည်မြေတွေ၊ ဘုံမြေတွေလည်း အစိုးရတော်မြေထဲ ရောက်သွားပါတယ်။

အထက် မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ပုဒ်မ ၂၄ နဲ့ ၂၄ (က) အရ မူလမြေပိုင်ဆိုင်ခွင့် ရထားသူတွေဟာ အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ ပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း မြန်မာဘုရင်တွေလက်ထက်က ရရှိထားတဲ့ မြေပိုင်ဆိုင်ခွင့်အတိုင်း မိမိတို့ဆိုင်ရာဆိုင်ခွင့် ဆက်လက် ရရှိလိုကြောင်း၊ မြေခွန်လွတ် ဒါမှမဟုတ် လျှော့ပေါ့အခွန်နဲ့ လက်ရှိ ထားပိုင်ခွင့် ရလိုကြောင်း လုံလောက်တဲ့ အချက်အလက် အထောက်အထားတွေနဲ့ လျှောက်ထားစေပါတယ်။ လျှောက်ထားမှုကို အခွန်အရာရှိတွေက စိစစ်ပြီး လျှောက်ထားမြေကို ဘိုးဘပိုင်မြေအဖြစ် ဆက်လက် ပိုင်ဆိုင်ခွင့်ပေးခြင်း၊ အစိုးရတော်မြေအဖြစ် သတ်မှတ်ပြီး ဆက်လက် လုပ်ကိုင်နေထိုင်ခွင့် ပေးခြင်းတွေ ဆောင်ရွက်ပါတယ်။

အထက်မြန်မာပြည်မှာ မြေပိုင်ဆိုင်ခွင့် ခွဲခြား သတ်မှတ်ရာမှာ ဘုရင်လက်ထက်က သတ်မှတ်ပေးတဲ့ နည်းလမ်းတွေနဲ့ ရောယှက်ရှုပ်ထွေးနိုင်မှာ ဖြစ်လို့ အထက်မြန်မာပြည် မြေနှင့် အခွန်ဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေမှာ အောက်မြန်မာပြည် မြေခွန်ဥပဒေလို လက်ရှိထားခြင်းတို့၊ လက်ရှိထားပိုင်ဆိုင်ခွင့် (LHR) တို့ကို ရှင်းပြ မသတ်မှတ်တော့ဘဲ မြန်မာဘုရင် ခွဲခြားထားတာတွေနဲ့ လိုက်လျောညီထွေ ဖြစ်အောင် အစိုးရတော်မြေနဲ့ အစိုးရတော် မဟုတ်တဲ့မြေ (ပုဂ္ဂလိကပိုင်+ဝတ္တကံမြေ) နှစ်မျိုးနှစ်စားကိုသာ အဓိက ခွဲခြား သတ်မှတ်လိုက်တာ တွေ့ရပါတယ်။ သို့အတွက် မြန်မာပြည်တစ်ပြည်လုံး မြေအတန်းအစား နှစ်ရပ်တည်းသာ သတ်မှတ်ထားလိုက်တဲ့သဘော ဖြစ်သွားပါတယ်။


.mgyoe.com

mgyoe.com
SAMPLE BOOK

| အထက်မြန်မာနိုင်ငံ | အောက်မြန်မာနိုင်ငံ |
|---|---|
| (က) ဘိုးဘပိုင်မြေ | (က) လက်ဝယ်ထားရှိပိုင်ခွင့်ရှိသောမြေ |
| (ခ) အရာတော်မြေ | (ခ) အစိုးရမြေ |

အထက်မြန်မာပြည်က ဘိုးဘပိုင်မြေနဲ့ အောက်မြန်မာပြည်က LHR မြေတို့ သဘောချင်း အတူတူ ဖြစ်ပါတယ်။ အောက်ပါ အခွင့်အရေးတွေ တူညီစွာ ရရှိပါတယ်။

- ၁ မြေကို လက်ဝယ် လက်ရှိထား ပိုင်ဆိုင်ခွင့် ရှိခြင်း၊
- ၂ မြေပေါ် နေထိုင် အသုံးပြုခွင့်၊ စိုက်ပျိုးခွင့် ရှိခြင်း၊
- ၃ မြေကို ပေါင်နှံနိုင်ခြင်း၊
- ၄ မြေကို ရောင်းချနိုင်ခြင်း၊ လွှဲပြောင်းနိုင်ခြင်း၊
- ၅ မြေကို အမွေ ခွဲဝေပေးနိုင်ခြင်း။

ကျန်တဲ့ အရာတော်မြေ၊ အစိုးရမြေတွေကို လိုင်စင်၊ ဂရန်၊ ပတ္တာတွေနဲ့ မြေအသုံးပြုခွင့် လျှောက်ထားစေပြီး ချထားပေးပါတယ်။ အစိုးရမြေနဲ့ အပိုင်မြေ ဘာကွာသလဲ ဆိုရင် အစိုးရမြေ အရာတော်မြေ လုပ်ကိုင်ခွင့် ရသူတွေဟာ လက်ဝယ်ထားခွင့်၊ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်၊ အမွေဆက်ခံခွင့် ရှိပေမဲ့ စိုက်ပျိုးလုပ်ကိုင်မှု မလုပ်ကိုင်သူကို ဘယ်လို နည်းနဲ့မျှ လွှဲပြောင်းပေးပိုင်ခွင့် မရှိပါဘူး။

အဲဒီလို မြေပိုင်ဆိုင်ခွင့် ခွဲခြားသတ်မှတ်လိုက်တဲ့အခါ အထက်မြန်မာပြည်မှာ ပြဿနာ တော်တော်ကလေး ပေါ်ပေါက်ဟန်ရှိပါတယ်။ ပုဒ်မ ၂၃ ကနေ ပုဒ်မ ၂၈ အထိပါ အရာတော်မြေနဲ့ အရာတော် မဟုတ်တဲ့မြေ သတ်မှတ်ခြင်းနည်းလမ်းတွေနဲ့တင် မလုံလောက်တဲ့အတွက် ၁၉၁၁ မှာ ထုတ်ပြန်တဲ့ အထက်မြန်မာပြည် မြေနှင့် အခွန်အမိန့် ဆင့်ဆိုချက်များမှာ 'အထက်မြန်မာပြည် မြေပိုင်ဆိုင်ခွင့် နည်းလမ်းများ' (Upper Burma Land Tenures) ဆိုပြီး အခန်း (၁၃) အဖြစ် သီးခြားအခန်း ဖွင့်လှစ်ပြီး ဘိုးဘပိုင်မြေ၊ ဓားမဦးချမြေ၊ အမှုထမ်းမြေ၊ အရာတော်မြေမှာ သီးစား လုပ်ကိုင်သူ ပိုင်ဆိုင်ခွင့်၊ ချောင်းတိမ် ကျွန်းမြေမှာ လုပ်သူတွေ ပိုင်ဆိုင်ခွင့်၊ ဝတ္တကံမြေ၊ ကျေးရွာပိုင်မြေတွေရဲ့ ပိုင်ဆိုင်ခွင့်နည်းလမ်းတွေအတွက် ညွှန်ကြားချက် ပြဋ္ဌာန်းပါတယ်။ အရာတော်မြေထဲ ဘယ်အမျိုးအစားတွေ ထည့်ရန်၊ ဘယ်မြေတွေကို ဘိုးဘပိုင်အဖြစ် အခွင့်အရေး ရစေရန် ဆိုတာတွေ ပြဋ္ဌာန်းပြီး ရှင်းလင်း ဖြေရှင်းခဲ့တာ တွေ့ရပါတယ်။ နောက်မှ အဲဒီကိစ္စရပ်ကို သီးခြား အကျယ် ရေးပါဦးမယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အောက်မြန်မာပြည်မှာ သတ်မှတ်တဲ့ မြေကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့် LHR နဲ့ အထက်မြန်မာပြည်က ဘိုးဘပိုင်မြေတွေ အခွင့်အရေး အတူတူ ဆိုတာ အထက်မှာ ပြောခဲ့ပြီးပါပြီ။ အခု ဆက်လက်ပြီး ပိုင်ဆိုင်မှုအခွင့်ရ မြေတွေ၊ အပိုင်ဂရန်တွေ၊ ဘိုးဘပိုင်မြေတွေ ဘယ်လို ရခဲ့ကြသလဲ ဆွေးနွေးတင်ပြပါမယ်။

Free Hold Land အပိုင်မြေလို့ အလွယ် ခေါ်ကြပေမဲ့ အပိုင်မြေ သတ်မှတ်တဲ့ နည်းလမ်းတွေက မတူပါဘူး။ Free Hold Land တွေကို အောက်ပါနည်း လေးမျိုးနဲ့ ရရှိကြပါတယ်။

(က) မြေကို လက်ဝယ်ထားရှိပိုင်ဆိုင်ခွင့် (Landholder's right) ဖြင့် မြေရှင် အခွင့်အရေးရမြေ၊

(ခ) ဘိုးဘပိုင်မြေ၊

(ဂ) အစိုးရမြေကို အပိုင်ဂရန် လျှောက်ထား၍ ပိုင်ဆိုင်လာမြေ၊

(ဃ) အစိုးရမှ ရောင်းချသောမြေကို ဝယ်ယူပိုင်ဆိုင်လာမြေ။

## (က) မြေကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့် (landholder's right)

အောက်မြန်မာပြည် မြို့နှင့် ကျေးရွာများ အက်ဥပဒေ ပုဒ်မ ၄ (၁၀) မှာ ဒီလို ဖော်ပြထားပါတယ်။

"Landholder's right" means a permanent heritable and transferable right of use and occupancy in land in the landholder's possession, subject only -

(a) To the payment of all such revenue, taxes, cesses, rates and other imposition as may from time to time be imposed on such land under any law for the time being in forced;

(b) To the reservation in favour of Government of all mines and mineral products and of all buried treasure, with all the powers conferred by Chapter VIA:

**မြေကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့် (မြေရှင်ဆိုင်ရာဆိုင်ခွင့်)** ဆိုတာ အမွေဆက်ခံခွင့်၊ လွှဲပြောင်းပေးအပ်နိုင်ခွင့်တွေ အစဉ်ထာဝရ တည်ရှိပြီး မြေရှင်အဖြစ် လက်ဝယ် ပိုင်ဆိုင်ခွင့်၊ နေထိုင် သုံးစွဲခွင့်၊ လုပ်ကိုင်ခွင့် ရှိတဲ့ အခွင့်အရေးလို့ ဆိုပါတယ်။

ဒါပေမဲ့ section 4 (10) (a) and 4 (10) (b) တွေအရသာ မြေရှင် အခွင့်အရေး ပိုင်ဆိုင်ခွင့် ရစေမယ်လို့ ထိန်းချုပ်ထားပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

၄ (၁၀) (က)။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ယင်းမြေပေါ်တွင် အခါအားလျော်စွာ စည်းကြပ်သည့် အခွန်အခ၊ ခွဲကြေး ခိုင်းကြေးများ၊ အခြား ကောက်ခံ စည်းကြပ်ငွေများ၊ နှုန်းထားများကို ထမ်းဆောင်ခြင်း။

၄ (၁၀) (ခ)။ မြေပေါ်မြေအောက် သတ္တု၊ တွင်းထွက်၊ ကျောက်မျက်ရတနာများကို အစိုးရဘဏ္ဍာအဖြစ် ခြွင်းချန် အပ်နှံရမည်ဖြစ်ခြင်း။

(မှတ်ချက်- အဲဒီအချက်တွေကို သတိပြု မှတ်သားထားပါ။ နောက်လာမယ့် အပိုဒ်တွေ ရှင်းပြတဲ့အခါ သဘောပေါက်လာပါလိမ့်မယ်။)

မြေရှင်ဆိုင်ရာဆိုင်ခွင့်အတွက် ပိုင်ဆိုင်ခွင့် ရလိုသူက ၁၈၉၈ ခုနှစ် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၁၂ အရ လျှောက်ထားရမှာ ဖြစ်ပြီး အောက်ဖော်ပြပါ ပြဋ္ဌာန်းထားချက်တွေနဲ့ ညီညွတ်ရင် မြေပိုင်အခွင့်အရေးတွေ ရရှိမှာ ဖြစ်ပါတယ်။

မြေရှင်အခွင့်အရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ၁၈၇၆ ခုနှစ် အောက်မြန်မာပြည် မြေနှင့် အခွန်ဥပဒေ ပုဒ်မ ၇ ဖော်ပြချက်က အောက်ပါအတိုင်းဖြစ်ပါတယ်။

LBLR Section 7. Except as provided in section 22, any having been in possession of any culturable land for twelve years continuously, and having during that period regularly paid the revenue due thereon, or held the same under an express exemption from revenue, shall be deemed to have, upon the expriation of that period, acquired the status of a landholder in respect of such land:

ပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သူမဆို စိုက်ပျိုးလုပ်ကိုင်သည့် မြေတစ်စုံတစ်ရာကို ၁၂ နှစ်တိုင်တိုင် အဆက်မပြတ် လက်ရှိပိုင်ဆိုင်၍ ၎င်းကာလအတွင်းလည်း ယင်းမြေကွက်အတွက် ထမ်းဆောင်သင့် အခွန်များ မှန်ကန်စွာ ထမ်းဆောင်သူ သို့မဟုတ် အတိအလင်း ဖော်ပြထားသော မြေခွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ရသူသည် ၁၂ နှစ် ကုန်ဆုံးသောအခါ ယင်းမြေနှင့် စပ်လျဉ်း၍ မြေရှင်အခြေအနေ ရရှိကြောင်း မှတ်ယူရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြေရှင်ဆိုင်ရာ ပိုင်ခွင့်အတွက် Lower Burma Town and Village Lands Act (အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ) ပါ ပြဋ္ဌာန်းချက်တွေကို ဆက်လက်တင်ပြပါမယ်။

မြေပိုင်ဆိုင်ခွင့် **(Right of Land)**

ပုဒ်မ ၇။ အောက်ပါ မြေပိုင်ဆိုင်ခွင့် အခွင့်အရေးများမှအပ အခြား မည်သည့် ဆိုင်ရာဆိုင်ခွင့်ကိုမျှ မြို့နှင့်ကျေးရွာမြေများတွင် မရှိစေရ။

(က) အစိုးရမှ ချထားသည့် အပိုင်ဂရန်အရ ရရှိသည့် ပိုင်ဆိုင်ခွင့်၊

(ခ) ကာလစည်းကမ်းသတ် ဥပဒေ (Limitition Act) အရ ပိုင်ဆိုင်သော အခွင့်အရေး၊

(ဂ) ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့တွင် သတ်မှတ် ဖော်ပြထားသော ပိုင်ဆိုင်ခွင့်၊

(ဃ) အထက် ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့ပါ အခွင့်အရေးကို မူလ ပိုင်ဆိုင်သူထံမှ တရားဥပဒေနှင့်အညီ လွှဲပြောင်းရယူ ခံစားခွင့်။

ပုဒ်မ ၈။ စာရင်းဝင် မြို့များ (Scheduled Town) နှင့် အစိုးရမှ အမိန့်ထုတ်ပြန် ကင်းလွတ်ခွင့်ပေးထားသော မြေများမှအပ အောက်ပါ အချက်များနှင့် ညီညွတ်သူ မည်သူမဆို Landholder's right (မြေရှင်ဆိုင်ရာ အခွင့်အရေး) ကို ရရှိစေရမည်။

(က) မြို့နှင့် ကျေးရွာမြေများ ပြဋ္ဌာန်း အတည်မဖြစ်မီ လွန်ခဲ့သော ၁၂ နှစ်မှ ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့အထိ မြေကို တစ်ဆက်တည်း ပိုင်ဆိုင် လက်ရှိထားလာသူ၊

(ခ) သို့မဟုတ် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ မတိုင်မီ အချို့သောကာလနှင့် ယင်းနေ့နောက်ပိုင်း လက်ရှိ ဖြစ်နေသော ကာလ နှစ်ရပ်ပေါင်း ၁၂ နှစ်ကာလ ပြည့်အောင် မြေကို လက်ရှိထား ပိုင်ဆိုင်လာသောသူ၊

(ဂ) သို့မဟုတ် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နောက်ပိုင်း ၁၂ နှစ် ကာလတိုင် တစ်ဆက်တည်း မြေကို



mgyoe.com

mgyoe.com
SAMPLE BOOK

ပိုင်ဆိုင် လက်ရှိထားလာပြီး ယင်းကာလများ၌ ၎င်းမြေနှင့် သက်ဆိုင်သည့် အရပ်ရပ် မြေခွန်တော်များ၊ အစိုးရသို့ ပေးသွင်းရမည့် အခွန်အခများ (public demands) ကို ထမ်းဆောင်လာသူ။

ပုဒ်မ ၉။ စစ်တွေ၊ ပုသိမ်နှင့် ပြည်မြို့များအတွက်-

(က) စစ်တွေမြေများအတွက် ၁၈၅၂ ဧပြီလ ၁ ရက်မှစ၍ ယခု အက်ဥပဒေ အတည်ဖြစ်သည့် ၁၈၉၉ ခုနှစ်၊ စက်တင်ဘာ လ ၉ ရက်နေ့အထိ အဆက်မပြတ် လက်ရှိဖြစ်နေပါက၊

(ခ) ပုသိမ်မြို့တွင် ၁၈၇၆ ဇန်နဝါရီလ ၁ ရက်မှ စ၍ ယခု အက်ဥပဒေ အတည် ဖြစ်သည့် ၁၈၉၉ ခုနှစ် စက်တင်ဘာ လ ၉ ရက်နေ့ထိ အဆက်မပြတ် လက်ရှိ ဖြစ်နေပါက၊

(ဂ) ပြည်မြို့တွင် ၁၈၇၀ ဇန်နဝါရီလ ၁ ရက်မှ အစပြု၍ ယခု အက်ဥပဒေ အတည် ဖြစ်သည့် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့အထိ အဆက်မပြတ် လက်ရှိ ဖြစ်နေပါက မည်သူမဆို မြေပိုင်အခွင့်အရေး ရရှိစေ ရမည်။

အထက်ပါ ပြဋ္ဌာန်းချက်တွေအရ သတ်မှတ်အရည်အချင်း ကိုက်ညီသူတွေ အတွက် Landholder's Right ကို အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၁၃ အရ မြေရှင်ဆိုင်ရာဆိုင်ခွင့် ရရှိသူ ဖြစ်ကြောင်း ပြဋ္ဌာန်း ကြေညာ (Register) လုပ်ပေးပြီး မြေရှင်ဆိုင်ရာ အခွင့်အရေး ရသူ ဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခဲ့ပါတယ်။ LHR ထုတ်ပေးမှုကို စစ် မဖြစ်မီ ကာလ ၁၉၃၅ ခုနှစ်ခန့်အထိ အောက်မြန်မာနိုင်ငံမှာ ထုတ်ပေးခဲ့ကြောင်း သိ ရပါတယ်။

## (ခ) ဘိုးဘပိုင်မြေ

အထက်မြန်မာပြည် မြေနှင့်အခွန်တော်စည်းမျဉ်းဥပဒေ ထုတ်ပြန်တဲ့အခါ ပုဒ်မ ၂၃ အရ အရာတော်မြေနဲ့ အရာတော် မဟုတ်တဲ့ မြေတွေ ခွဲခြား သတ်မှတ်ပါ တယ်။ မြေပိုင်ဆိုင်ခွင့် ရလိုသူတွေ၊ ဘုရင်ခေတ်က ပိုင်ဆိုင်မှုအတိုင်း သတ်မှတ် ပေးစေလိုသူတွေကိုလည်း UBLR ဥပဒေ ထုတ်ပြန်ပြီး ၁၂ လအတွင်း မိမိတို့


mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်ဆိုင်ခွင့် အခွင့်အရေးတွေကို ပုဒ်မ ၂၄ အရ လျှောက်ထားစေပါတယ်။ နှစ်နှစ်အထိ မလျှောက်ထားတဲ့ မြေကို အရာတော်အဖြစ် သတ်မှတ်ပါတယ်။ မိမိမြေကို အရာတော်မြေအဖြစ် သတ်မှတ်ခံရတာ မကျေနပ်ရင် အယူခံတင်ခွင့် ပေးခဲ့ပါတယ်။

အခွန်အရာရှိတွေက Direction အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်တွေကို မှီငြမ်းပြုပြီး မြေပိုင်ဆိုင်ခွင့်တွေ သတ်မှတ်ပေးတဲ့အခါ ဘယ်သူမျှ အတည်တကျ လုပ်ကိုင်သေးခြင်း မရှိတဲ့မြေကို ကိုယ်တိုင် ခုတ်ထွင် လုပ်ကိုင်လာတဲ့ ၁၀ နှစ်တိုင် အဆက်မပြတ် လက်ရှိထားလာတဲ့ ဓားမဦးချ လုပ်ကိုင်သူတွေ၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက လက်ရှိ လုပ်လာတဲ့အပြင် သားမြေးတွေက လက်ရှိ ဆက်လက် လုပ်ကိုင်နေတဲ့ မြေတွေကို မြေပိုင်ဆိုင်ခွင့် ပေးပါတယ်။ ဘိုးဘပိုင်မြေအဖြစ် အသိအမှတ်ပြုပါတယ်။ (Dir 286)

## (ဂ) အပိုင်ဂရန်မြေ

မြေလွတ်မြေရိုင်းကနေ ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့် ရှိတဲ့မြေ (အရာတော်မြေ) အတွင်းကနေ ဖြစ်စေ အများပြည်သူအကျိုးဖြစ်စေမည့် လုပ်ငန်းတွေ ဆောင်ရွက်ဖို့နဲ့ သာသနာမြေအတွက် အပိုင်ဂရန်တွေ (Instrument of Grant for Religious/ Public Purposes) ချထားပေးပါတယ်။ သာသနာရေးနဲ့ တိုင်းကျိုးပြည်ကျိုးအတွက် ချပေးတဲ့ မြေအပိုင်ပတ္တာစာချုပ်လို့ ခေါ်ပါတယ်။ အောက်မြန်မာပြည် မြေနှင့် အခွန်တော် နည်းဥပဒေ အခန်း (၆)၊ နည်းဥပဒေ ၃၂ ကနေ ၃၆ ပါ ပြဋ္ဌာန်းချက်တွေနဲ့ အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းနည်းဥပဒေ အခန်း (၇) ပါ ပြဋ္ဌာန်းချက်တွေအရ အပိုင်ဂရန်တွေကို ချထားပေးပါတယ်။ နည်းဥပဒေတွေမှာ အပိုင်ဂရန် လျှောက်ထားမှုနဲ့ လျှောက်ထားနိုင်မယ့် နည်းလမ်းတွေ ဖော်ပြထားပါတယ်။ အပိုင်ဂရန်တွေကို Land Revenue / L.B Grant 1 ပုံစံနဲ့ ပေးလေ့ရှိပါတယ်။ အများပြည်သူအကျိုးငှာ ဆိုတဲ့ အဓိပ္ပာယ်မှာ အတည်ပြုချက် လိုအပ်ကြောင်း တွေ့ရပါတယ်။

အများအားဖြင့် အောက်မြန်မာပြည် မြေနှင့်အခွန်ဥပဒေ နည်းဥပဒေ ၃၅ အရ သာသနာရေးနဲ့ တိုင်းကျိုးပြည်ကျိုး ကိစ္စတွေအတွက် အခွန် မစည်းကြပ်တဲ့ အစိုးရ မြေရိုင်းတွေကိုသာ အပိုင်ဂရန် ချထားပေးလေ့ ရှိပါတယ်။ အထက်မြန်မာပြည် မြေနှင့် အခွန်ဥပဒေ နည်းဥပဒေ ၅၂ နှင့် ၅၄ (က) အရ ကောလိပ်


mgyoe.com

mgyoe.com
SAMPLE BOOK

တော် အရာရှိက မြေတန်ဖိုး ၁၀၀ အထိကို ဖြစ်စေ၊ ၁၀၀ ထက် ပိုပြီး ၂၀၀ အထိကို တိုင်းမင်းကြီး၊ ၂၀၀ အထက် ၅၀၀ိ အထိကို ဘဏ္ဍာတော်မင်းကြီး တို့က မြေခွန်လွတ် အပိုင်ဂရန် ချထားပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

အောက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ (၉) မှာ-

'Land granted or leased shall be subjected to the payment of all such revenues, taxes and rates as may from time to time be impose under any law or Rules for the time being in force'

လို့ ဖော်ပြထားချက်အရ အပိုင်ဂရန်အဖြစ် ဖြစ်စေ၊ အငှားဂရန်အဖြစ် ဖြစ်စေ ချထားတဲ့ ဂရန်တွေဟာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခါအားလျော်စွာ စည်းကြပ်ကောက်ခံတဲ့ အခွန်အခတွေကို ထမ်းဆောင်ဖို့ ထိုက်သင့်စေရမှာ ဖြစ်ပါတယ်။

## (ဃ) အစိုးရမှ ရောင်းချသောမြေကို ဝယ်ယူပိုင်ဆိုင်လာသောမြေများ

အခု ဖော်ပြမယ့် မြေအမျိုးအစားအတွက် အနည်းငယ် အိုင်ကျင်း ဇာတ်ခင်းပြီး ပြောမှသာ သဘောပေါက်မှာမို့ ရာဇဝင်ကိုပါ တူးဆွ ဖော်ပြရမှာ ဖြစ်ပါတယ်။

၁၈၅၂ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး အောက်မြန်မာပြည် သိမ်းပိုက်ခံရတာမှာ ရန်ကုန်မြို့လည်း ပါဝင်သွားပါတယ်။ ၁၈၅၃ မှာ ရန်ကုန်မြို့တွင်းရှိ မြေအားလုံးနဲ့ ဆင်ခြေဖုံးဒေသရှိ မြေတွေကို အစိုးရပိုင်မြေ (ဧကရီ ဘုရင်မကြီး ပိုင်မြေ) အဖြစ် ကြေညာခဲ့ပါတယ်။ ဒေါက်တာ ဝီလျံ မောင်ဂိုမာရီရဲ့ အဆိုပြုချက်အပေါ် ကပ္ပတိန်ဂေါ်ဒွင်နဲ့ လက်ဖတင်နင် ဖရေဇာတို့က မြို့အကွက်ချပုံစံ ရေးဆွဲပြီး ရန်ကုန်မြို့ကို ပြန်လည်တည်ဆောက်ပါတယ်။ မြို့တည်ရာမှာ ကုန်ကျမယ့် စရိတ်စကအတွက် မြေကွက်တွေ အကွက်ရိုက် ရောင်းပါတယ်။ ၁၈၇၂ မှာ ရန်ကုန်မြို့မြေကွက်တွေ ရောင်းချခြင်း ပြီးဆုံးခဲ့ပါတယ်။

မြေဝယ်သူတွေကို မြေပိုင်အခွင့်အရေး ပေးပါတယ်။ မြေမဝယ်နိုင်သူများ အတွက် အခနဲ့ ငှားရမ်းတဲ့ မြေငှားစာချုပ်တွေ ထုတ်ပေးပါတယ်။ မြေငှားစာချုပ်နဲ့ မနေနိုင်သူတွေအတွက် squatter အဖြစ် သတ်မှတ်ပြီး မြေငှားခ စည်းကြပ်ခဲ့ပါတယ်။ ရန်ကုန်မြို့မှာ မြေရောင်းပြီး မြေပိုင်အခွင့်အရေး ပေးခဲ့ရတဲ့ မြေကွက်ရော နောက်ပိုင်း အစိုးရမြေကို အပိုင်ဂရန် ပေးခဲ့တဲ့ မြေကွက်ပါ ၂၃၀၀၀ ကျော် ရှိတယ်လို့ သိရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလို ရန်ကုန်မြို့မြေကို အကွက်ရိုက် ရောင်းချတယ် ဆိုတဲ့အတွက် ရောင်းပိုင်ခွင့် ရှိ မရှိ သိလိုသူတွေကို ထပ်ရှင်းပြချင်ပါတယ်။ အစိုးရမြေတွေကို ဘယ်လိုညွှန်ကြားချက်တွေနဲ့ ဘယ်လို စီမံအုပ်ချုပ်တယ် ဆိုတာ သိစေချင်တဲ့အတွက်ဖြစ်ပါတယ်။ Lower Burma Town and Village Lands Manual မှာ နောက်ဆက်တွဲ (၁) Appendix I အဖြစ် ပူးတွဲထားတဲ့ အခွန်တော်၊ စိုက်ပျိုးရေးနှင့်ဘဏ္ဍာရေးဌာနရဲ့ ၁၈၇၂ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့စွဲပါ စီရင်ဆုံးဖြတ်ချက် အမှတ် No.1-141-51 နဲ့ ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နေ့စွဲပါ စီရင်ဆုံးဖြတ်ချက် No. 1-127-51 တွေအရ ထုတ်ပြန်ခဲ့တဲ့ Powers of Government to sell or grant Government Land otherwise than under the Rules မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

**Appendix I.**

Para 3. Land to be disposed of will necessarily divided themselves into two classes: -

(1) Those which are the property of the State;

(2) Those which, under competent authority, have been constituted the property of a municipality or other local body.

Para 4. Lands of the first class may be disposed of in various ways;

(i) By sale at full market value;

(ii) By sale on favourable terms to a public body or association or to an individual for a public purpose;

(iii) By a gift or grant to -

(a) public body or association or to an individual, for a public purpose;

(b) Private individuals in remuneration for public services to be performed;

(c) Private individuals for their private benefit without reference to future services.

နောက်ဆက်တွဲ- ၁

အပိုဒ်(၃)။ မြေများကို စီမံချထားရန်အတွက် နှစ်မျိုးနှစ်စား ခွဲခြား ထားရှိစေရမည်။



mgyoe.com

mgyoe.com SAMPLE BOOK

(၁) အစိုးရမြေများ၊

(၂) အခွင့် အာဏာပိုင် အရာရှိ အမိန့်အရ မြူနီစီပယ်ပိုင် သို့မဟုတ် ဒေသန္တရပိုင်အဖြစ် တည်ထောင် ပြုလုပ်ထား သည့် မြေများ။

အပိုဒ်(၄)။ ပထမ အမျိုးအစား အစိုးရမြေများကို အောက်ပါ နည်းလမ်း များဖြင့် ချထားနိုင်သည်။

(၁) ပေါက်စျေးနှုန်းပြည့်ဖြင့် ရောင်းချခြင်း၊

(၂) အများပြည်သူအကျိုးငှာအတွက် အများပြည်သူတို့ ဖွဲ့စည်း ထားသည့် အသင်းအဖွဲ့ တစ်စုံတစ်ရာသို့ဖြစ်စေ၊ ပုဂ္ဂလိ က တစ်ဦးချင်းသို့ ဖြစ်စေ သင့်လျော်ရာ အဖိုးနှင့် ရောင်း ချခြင်း။

(၃) အောက်ပါ သူတို့ကို ပေးကမ်းခြင်း သို့မဟုတ် အပိုင်ပတ္တာ ပေးအပ် ချထားခြင်း-

(ကက) တိုင်းကျိုးပြည်ကျိုးအလို့ငှာ အများပြည်သူတို့ ဖွဲ့ စည်းသည့် အသင်း တစ်စုံတစ်ရာ သို့မဟုတ် ပုဂ္ဂလိက တစ်ဦးတယောက်၊

(ခခ) အစိုးရ အမှုထမ်း မဟုတ်သူများအား အစိုးရ တာဝန် ထမ်းပေးရန်အတွက် ဆုအဖြစ် ချီးမြှင့် ပေးကမ်းခြင်း၊

(ဂဂ) အစိုးရအမှုထမ်း မဟုတ်သူများအား ရှေ့အဖို့တွင် အစိုးရအမှု ထမ်းပေးရန် မရည်ရွယ်ဘဲ ၎င်းတို့ အကျိုးစီးပွားအလို့ငှာ ပေးကမ်း ချထားခြင်း။

ဒါကြောင့်မို့ ရန်ကုန်မြို့က မြေတွေကို အစိုးရပိုင်မြေ ဖြစ်ကြောင်း ၁၈၅၂ မှာ ကြေညာပြီးနောက်ပိုင်း ၁၈၅၃ ကနေ ၁၈၇၂ အထိ မြေတွေ အကွက်ရိုက် ရောင်းခြင်း၊ အငှားချထားခြင်းတွေ ဆောင်ရွက်နိုင်ခဲ့တာဟာ အောက်မြန်မာ ပြည် မြို့နှင့်ကျေးရွာမြေများ လက်စွဲဥပဒေ နောက်ဆက်တွဲ (၁) အရ ဆိုရင် ဥပဒေအရ ဆောင်ရွက်နိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်မြေများတွင် မြေခွန်စည်းကြပ်ခြင်း

အထက်ပါ အပိုင်အခွင့်အရေး ရတယ် ဆိုတဲ့ မြေတွေကို မြေခွန် စည်းကြပ်မှု အတွက် စိစစ်တွေ့ရှိချက်ကို ဆက်လက် တင်ပြပါမယ်။ မြေခွန်ဆိုတဲ့ စကားရပ်မှာ Land Revenue, Land Tax, Town Land Rent တို့ အပါအဝင် ဖြစ်ပါတယ်။

## L.H.R မြေများနှင့် မြေခွန်

Landholder's right ရတဲ့မြေတွေက အောက်မြန်မာပြည်မှာ ဖြစ်ပါတယ်။ LHR ပေးတဲ့ သက်သေခံလက်မှတ်မှာ မြေခွန်ကင်းလွတ်ခွင့် ပေးတယ်လို့ တိတိလင်းလင်း ဖော်ပြထားတာ မတွေ့ရပါဘူး။

L.H.R အတွက် အဓိပ္ပာယ် ဖွင့်ဆိုရှင်းလင်းတဲ့-

Lower Burma Town and Village Lands Act ရဲ့ ပုဒ်မ ၄ (၁၀) (က) ထဲမှာ-

'Landholder's right' means a permanent heritable and transferable right of use and occupancy in land in the landholder's possession, subject only-

(a) To the payment of all such revenue, taxes, cesses, rates and other imposition as may from time be imposed on such land under any law for the time being in forced;

အဓိပ္ပာယ်ကတော့-

'မြေရှင်ဆိုင်ရာ အခွင့်အရေး ရရှိစေရန် အောက်ပါတို့အရသာ အထောက် အထားပြုမည်-

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ယင်းမြေပေါ်တွင် အခါအား လျော်စွာ စည်းကြပ်သည့် အခွန်အခ၊ ခွဲကြေး၊ ခိုင်ကြေးများ၊ အခြားကောက်ခံသည့် ကြေးငွေအရပ်ရပ်ကို ထမ်းဆောင်ရန်'

လို့ ဖော်ပြထားချက်အရ လည်းကောင်း၊

Lower Burma Land and Revenue Act ပုဒ်မ ၇ မှာ ဖော်ပြ ပြဋ္ဌာန်းထားတဲ့-

'ပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားသည်မှတစ်ပါး မည်သူမဆို စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေတစ်စုံတစ်ရာကို ၁၂ နှစ်တိုင်တိုင် အဆက်မပြတ် လက်ရှိ



mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်၍ ၎င်းကာလအတွင်း ယင်းမြေအတွက် ထမ်းဆောင်ရမည့် အခွန်တော်ကို မှန်ကန်စွာ ပေးဆောင်သူ သို့မဟုတ် အတိအလင်း အခွန်တော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မြေကို လက်ရှိပိုင်ဆိုင်သူတို့မှာ ၎င်း ၁၂ နှစ် စေ့ကုန်သည့်အခါ ယင်းမြေနှင့် စပ်လျဉ်းသော မြေရှင် အခြေအနေကို ရရှိကြောင်း မှတ်ယူရမည်'

ဆိုတဲ့ ပြဋ္ဌာန်းချက်အရ လည်းကောင်း၊

အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ ပုဒ်မ ၈ တွင် ပြဋ္ဌာန်းထားသော-

ပုဒ်မ ၈။ မြေရှင်သည် အောက်ပါအချက်များကိုသာ အမှီသဟဲပြု၍ မိမိပိုင်ဆိုင်ခွင့် ရရှိထားမြေကို အမြဲ နေထိုင်သုံးစွဲခြင်း၊ သူတစ်ပါးသို့ အမွေအဖြစ် ပေးကမ်းနိုင်ခြင်း၊ လွှဲပြောင်းခြင်း အခွင့်များ ရရှိစေရမည်-

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ၎င်းမြေကို အကြောင်းပြု၍ အခါအားလျော်စွာ စည်းကြပ် ကောက်ခံသည့် အခွန်အခများ၊ ခွဲခန့်ကြေးများ ထမ်းဆောင်ရခြင်း။ . . . . .

(ခ) + + + + +

ဆိုတဲ့ ပြဋ္ဌာန်းချက်အရ လည်းကောင်း landholder's right အခွင့်ရသူတွေဟာ မြေကို ၁၂ နှစ်တိုင် တစ်ဆက်တည်း လက်ရှိထား ပိုင်ဆိုင်လုပ်ကိုင်လာရုံမက အခါအားလျော်စွာ သတ်မှတ်တဲ့ မြေခွန်တော်ကိုလည်း မှန်ကန် ပြေကျေစွာ ပေးဆောင်နေမှ L.H.R အခွင့်အရေး ရတယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

## ဘိုးဘပိုင်မြေ

ဘိုးဘပိုင်မြေတွေကို အထက်မြန်မာပြည်မှာ တွေ့ရပါတယ်။ မြန်မာဘုရင်ခေတ်က မြေပိုင်ဆိုင်ခွင့်တွေမှာ ဘုရင်နှင့် မိဖုရားပိုင်မြေ (အရာတော်မြေ) နဲ့ ကျန်မြေတွေကို အရာတော် မဟုတ်တဲ့ မြေလို့ ခွဲခြားကြည့်တဲ့အခါ ဘိုးဘပိုင်မြေဟာ အရာတော် မဟုတ်တဲ့မြေ ဖြစ်ပါတယ်။

ဘိုးဘပိုင်မြေတွေ အခွန်လွတ်သလား ဆိုရင်-

'ဘိုးဘပိုင်မြေမျိုးကို လုပ်ကိုင်သောသူတို့သည် မိမိ စိုက်ပျိုး လုပ်ကိုင်၍ ရရှိသော သီးနှံများမှ ဝေပုံကျ သီးနှံများကို အခွန်တော်အဖြစ် ဘုရင်အား


mgyoe.com

mgyoe.com SAMPLE BOOK

ဆက်သရသည်' (*'မြန်မာ့လယ်ယာမြေသမိုင်း'၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ်*)

လို့ ဖော်ပြထားတာ တွေ့ရသလို-

'အရာတော်မြေ မဟုတ်သည့် လက်ရှိထား လုပ်ကိုင်စားသောက်နေကြသော မြေမှ စားခွန် အမြတ်အတွက် ငွေတွင် ၁၀ ဖို့ ၁ ဖို့ ကောက်ခံရသည်' (*'မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း'၊ ဦးမောင်မောင်တင်*)

လို့ ဆိုတဲ့အတွက် ဘိုးဘပိုင်မြေတွေကို မြန်မာဘုရင် လက်ထက်ကတည်းကပဲ မြေခွန် ကောက်ခံတယ်လို့ မှတ်ယူနိုင်ပါတယ်။ ဘိုးဘပိုင်မြေနဲ့ ဆက်နွယ်တဲ့ နေမြေ၊ စားမြေ၊ သူရဲသူမိုးမြေ၊ အသည်မြေ လေးမျိုးကို ကြည့်တဲ့အခါမှာလည်း မြေခွန် လွတ်တာ မတွေ့ရပါဘူး။ နိုင်ငံခြားသား သံ့ပန်းတွေ၊ နိုင်ငံသား တိုင်းရင်းသားတွေကို ချထားပေးတဲ့ နေမြေ စားမြေ နှစ်မျိုးအတွက် မြေခွန်ကို မိမိတို့ အကြီးအကဲကနေတစ်ဆင့် ပေးဆောင်ရကြောင်း၊ သူရဲသူမိုးမြေ လုပ်ကိုင်စားသောက်ခွင့် ရသူတွေကလည်း သီးနှံအထွက်ရဲ့ ၁၀ ဖို့ တစ်ဖို့ကို မြေခွန်တော်အဖြစ် ဘုရင့်ကျီတော်ကို ပေးသွင်းရကြောင်း၊ အသည်မြေမှာလည်း သီးနှံအတွက် ဒါမှမဟုတ် မြေခွန်တော် တိုင်ကြေးကို ဆိုင်ရာ မြို့သူကြီး၊ ရွာသူကြီး၊ မြေတိုင်ကြီးတို့ကနေတစ်ဆင့် ပေးဆောင်ရကြောင်း တွေ့ပါတယ်။

မြန်မာဘုရင်ခေတ်က ဘိုးဘပိုင်မြေမှာ အခွန်ပေးဆောင်ရတယ်လို့ ဆိုနိုင်ပါတယ်။

ဗြိတိသျှ အုပ်စိုးတဲ့ ကာလမှာလည်း ဘိုးဘပိုင်မြေတွေ အခွန်လွတ်ဟန် မရှိပါဘူး။ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်း ပုဒ်မ ၂၇ မှာ ဒီလို ဖော်ပြထားပါတယ်။

27. (i) All lands, to whatever purpose they may be applied and wherever they may be situate, shall, subject to the other provisions of this section, be liable to the payment of land-revenue to the Government.

ပုဒ်မ ၂၇ (၁) အထက်မြန်မာနိုင်ငံရှိ မြေအရပ်ရပ်အား မည်သည့်နည်း အသုံးချသည် ဖြစ်စေ၊ မည်သည့်အရပ်ဒေသတွင် တည်ရှိသည် ဖြစ်စေ ယခု ပုဒ်မပါ အခြား ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစိုးရသို့ မြေခွန် ထမ်းဆောင်စေရမည်။



mgyoe.com

mgyoe.com
SAMPLE BOOK

Upper Burma Land and Revenue Regulation Dir 15 အမိန့် ဆင့်ဆိုချက် (၁၅) မှာ ဖော်ပြထားတာကတော့-

'မြေလွတ်မြေရိုင်းများကို ဝင်ရောက် တီထွင်စိုက်ပျိုးသူသည် ၎င်းမြေယာကို တစ်ဆယ့်နှစ်နှစ်တိုင်တိုင် လက်ရှိ လုပ်ကိုင်၍ အခွန်ကို ထမ်းဆောင်လျှင် ၎င်းလုပ်ကိုင်သူမှ အမြဲ ဆက်ခံလွှဲပြောင်းနိုင်သည့် မြေရှင်ဆိုင်ရာဆိုင်ခွင့်ကို ရပိုင်ခွင့် ရှိသည်။'

လို့ ဆိုထားတာ တွေ့ရတဲ့အတွက် အောက်မြန်မာပြည်က LHR သဘောမျိုး ဖြစ်ပါတယ်။ ဒီတော့ အစိုးရက မြေချထားစဉ်ကတည်းက မြေခွန် ကင်းလွတ်ခွင့် ပြုတယ်လို့ တရားဝင် ကြေညာထားမှု မရှိရင် အခွန် ဆောင်ရပါမယ်။

## အပိုင်ဂရန်မြေများနှင့် မြေခွန်

အပိုင်ပတ္တာအဖြစ် ချပေးတဲ့ ဂရန်တွေမှာ revenue free grant ရှိသလို သတ်မှတ်ကာလတစ်ခုအထိ ကင်းလွတ်ခွင့် ပေးပြီး ယင်းကာလ ပြည့်မီရင် အခွန်ဆောင်ရတဲ့ အပိုင်ပတ္တာတွေလည်း ရှိပါတယ်။ အများပြည်သူအကျိုးငှာ ချထားပေးတဲ့ ဂရန်တွေကတော့ အများအားဖြင့် အခွန်လွတ် ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ချပေးတဲ့ အပိုင်ဂရန်တွေကတော့ အခွန်ဆောင်ရလေ့ ရှိပါတယ်။ တိုင်းကျိုးပြည်ကျိုးအလို့ငှာ ဆိုပြီး သတ်မှတ်ချပေးတဲ့ အပိုင်ဂရန်တွေမှာ မြေခွန်ကင်းလွတ်ခွင့်ပြုကြောင်း ဂရန်ချစဉ်ကပဲ ဂရန်စာချုပ်မှာ အတိအလင်း ဖော်ပြထားပါတယ်။ ရှေ့အပိုဒ်တွေမှာ ဖော်ပြခဲ့တဲ့ အတိအလင်း ဖော်ပြထားလျှင် ဆိုတာ တရားဝင် ကြေညာဖော်ပြချက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ Instrument of Grant for Religious / Public Purposes သာသနာရေး/တိုင်းကျိုးပြည်ကျိုးအတွက် မြေအပိုင်ပတ္တာစာချုပ်နဲ့ မြေပိုင်ဂရန် ပေးတဲ့အခါ မြေခွန်နဲ့ ပတ်သက်ပြီး အောက်ပါ စာပိုဒ်တစ်ပိုဒ်ကို အတိအလင်း ထည့်ပေးထားပါတယ်။

'ဆိုခဲ့သည့်မြေယာကို ခွင့်ပြုပေးထားသည့် ကိစ္စရပ်အတွက် အသုံးပြုနေသမျှ ကာလပတ်လုံး အစိုးရ၏ မြေခွန်တော်နှင့် အခွန်အရပ်ရပ်မှ လွတ်ငြိမ်းခွင့် ရစေရမည်။'

... That the said premise shall be free of all Government land revenue taxes assessment and dues whatever so long as they are used for the purpose of ....


mgyoe.com

mgyoe.com SAMPLE BOOK

ယခင်က ရော်ဘာ စိုက်ပျိုးဖို့၊ ဝါး စိုက်ပျိုးဖို့ စသဖြင့် အပိုင်ပတ္တာချပေးတဲ့ ဂရန်တွေ ရှိပါသေးတယ်။ အဲဒီအပိုင်ဂရန်ကျတော့ မြေခွန်လွတ်ငြိမ်းခွင့် မရပါဘူး။ သတ်မှတ်ကာလတစ်ခုအထိ ကင်းလွတ်ခွင့် ပေးထားပေမဲ့ သတ်မှတ်ကာလ လွန်တာနဲ့ မြေခွန် စည်းကြပ်ပါတယ်။ ရော်ဘာအတွက် အပိုင်ဂရန်ဆို ဂရန် ထုတ်ပေးတဲ့အချိန်ကစပြီး ရှစ်နှစ်အထိ မြေခွန် ကင်းလွတ်ခွင့် ပြုပါတယ်။

အခွန်လွတ် အပိုင်ဂရန် ပေးတဲ့အခါမှာလည်း ကြိုတင်ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်ဖို့ သတ်မှတ်ချက် ရှိပါသေးတယ်။

Upper Burma Land and Revenue Regulation, Direction အမိန့် ဆင့်ဆိုချက် ၁၁၅ (က) နဲ့ Lower Burma Town and Village Lands Manual, Direction 50 (1) ဖော်ပြချက်တွေအရ-

'ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တိုင်းကျိုးပြည်ကျိုးဆောင်ရွက်ရန် အသင်းအဖွဲ့၊ လမ်း၊ ဆေးရုံ စာသင်ကျောင်း၊ သိမ်၊ သာသနာမြေ အသုံးပြုမြေယာအတွက်-

(က) လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် နှစ်စဉ် မြေခွန်ငွေပေါင်းမှာ ၁၀ ကျပ်ထက် မပိုလျှင် အရေးပိုင် အခွင့်အမိန့်ကို ကြိုတင်ခံယူ၍ လည်းကောင်း၊

(ခ) လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် နှစ်စဉ် မြေခွန်ငွေပေါင်းမှာ ၁၀ ကျပ်ထက် ပို၍ ၂၅ ထက် မပိုလျှင် တိုင်းမင်းကြီး၏ ကြိုတင် ခွင့်ပြုမိန့် ခံယူ၍ လည်းကောင်း၊

(ဂ) လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် နှစ်စဉ် မြေခွန်ငွေပေါင်းမှာ ၂၅ ကျပ်ထက် ပို၍ ကျပ် ၁၀၀ ထက် မပိုလျှင် ဘဏ္ဍာတော်မင်းကြီး၏ ကြိုတင်ခွင့်ပြုမိန့် ခံယူ၍ လည်းကောင်း

လျှောက်ထားခွင့်ပြုပါ ကိစ္စရပ်များ အသုံးချထားသမျှ ကာလပတ်လုံး မြေခွန် စည်းကြပ်ခြင်းမှ လွတ်ကင်းချမ်းသာခွင့် ရစေရမည်။'

ဆိုပြီး ပြဋ္ဌာန်းချက် တွေ့ရပါတယ်။

## အစိုးရမှ ရောင်းချသောမြေကို ဝယ်ယူပိုင်ဆိုင်လာသောမြေများနှင့် မြေခွန်

အခု ဖော်ပြမယ့် မြေအမျိုးအစားအတွက် မြေခွန် ထမ်းဆောင်ထိုက်သလား မေးရင် အရင်တုန်းက မြေခွန် ဆောင်ဖူးသလား ဆိုတာ ပြန်ကြည့်ရမှာ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်မြို့ မြေတွေကို state land အဖြစ် ကြေညာပြီး အကွက်ရိုက် ရောင်းခဲ့ပါတယ်။ ဝယ်သူတွေကို မြေပိုင်အခွင့်အရေး ပေးခဲ့ပါတယ်။ ဒါပေမဲ့ မြေခွန်လွတ် အပိုင်ပေးတဲ့သဘော မတွေ့ရပါဘူး။ မြေငှားခ ပေးဆောင်ရန်အလို့ငှာ သဘောမျိုး မြေခွန်တော် ထမ်းဆောင်စေခဲ့ပါတယ်။ အင်္ဂလိပ်ခေတ်မှာ ရန်ကုန်မြို့က အပိုင်မြေတွေကို တစ်နှစ်မှာ တစ်ဧကေ ခုနစ်ကျပ်နှုန်းနဲ့ မြေခွန် ပေးဆောင်စေခဲ့တာ တွေ့ရပါတယ်။ အပိုင်မြေမှအပ ကျန်အိမ်ရာမြေတွေကိုတော့ schedule town ဖြစ်တာနဲ့အညီ တစ်စတုရန်းပေကို one and half pie ကောက်ခံခဲ့ပါတယ်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်း မြေငှားခွန်နှုန်းတွေ တိုးတက်ပြောင်းလဲခဲ့ပေမဲ့ မြေပိုင်တွေအပေါ် ကောက်ခံတဲ့ တစ်ဧကေ ခုနစ်ကျပ်နှုန်းကိုတော့ ဆက်မကောက်ဘဲ ဆိုင်းငံ့ ရပ်ဆိုင်းထားတယ်လို့ ကြားဖူးပါတယ်။ ဒီဘက်ခေတ်မှာတော့ ရန်ကုန်က အပိုင်မြေတွေအပေါ် မြေခွန်ကောက်ခံခြင်း ဆိုင်းငံ့ထားရာကနေ ပြန်လည် ကောက်ခံတော့မယ်လို့ ကြားသိရပါတယ်။ Reaction တွေလည်း ရှိနေပါတယ်။

အထက်ပါအတိုင်း အစိုးရမြေများကို ရောင်းချခြင်း၊ မြေဝယ်သူတွေကို အပိုင်ဂရန် ပေးခြင်းတွေမှာ မြေခွန် လွတ် မလွတ် ဆိုတာ ဆန်းစစ်ကြည့်မိပါတယ်။ အစိုးရ မြေတွေကို ရောင်းနိုင်တယ်လို့ ညွှန်ကြားခဲ့တဲ့ Lower Burma Town and Village Lands Manual, Appendix I ကို ပြန်လေ့လာကြည့်ကြရအောင်ပါ။ အောက်ခြေမှတ်စုတွေပါ လေ့လာပါမယ်။

**Foot Note 1.** Lands disposed of under this resolution remain liable to the payment of land revenue, subject to the provisions of section 22 of the Act, unless the land has been exempted by competent authority under the order in Direction 50.

'ယခု ဆုံးဖြတ်စီရင်ချက်အရ အစိုးရက စီရင်ချထားခဲ့သောမြေများ (မြေရောင်းပြီး အပိုင်ပေးခဲ့သော မြေများ အပါ) သည် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ ဥပဒေ အမိန့်ဆင့်ဆိုချက် ၅၀ နှင့် တည်ဆဲအမိန့်များအရ အခွင့်အာဏာပိုင် အရာရှိက မြေခွန်ထမ်းဆောင်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့် အတိအလင်း ခွင့်ပြုမထားလျှင် အက်ဥပဒေ ၂၂ အရ သတ်မှတ်သည့် မြေခွန်အား ဆက်လက်ထမ်းဆောင်ရန် ထိုက်သင့်သည်'


mgyoe.com

mgyoe.com SAMPLE BOOK

လို့ နောက်ဆက်တွဲ (၁) ပါ ယင်းညွှန်ကြားချက်ရဲ့ အောက်ခြေမှတ်စုမှာ မှတ်ချက်ပြုထားတာ တွေ့ရပါတယ်။

ဆိုလိုချင်တာကတော့ နောက်ဆက်တွဲ (၁) ပါ စီရင်ပြဋ္ဌာန်းတော်မူချက်အရ စီမံချထားသည့်မြေ (ရောင်းချ/အပိုင်ဂရန် ပေးမြေများ) မှာ တည်ဆဲအမိန့်များအရ မြေခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့် မရလျှင် မြေခွန်တော် ဆက်လက်ထမ်းဆောင်ရမည်လို့ အဓိပ္ပာယ်ရပါတယ်။

အရောင်းမြေတွေနဲ့ ပတ်သက်လို့ ပိုရှင်းသွားအောင် ထပ်ပြီး တင်ပြချင်ပါတယ်။

Lower Burma Town and Village Lands Manual, Appendix I နောက်ဆက်တွဲ (၁) Para 3 မှာ Land to be disposed of will necessary divide into two classes: ဆိုပြီး ခွဲခဲ့တဲ့ မြေ နှစ်မျိုးအနက် ပထမ အမျိုးအစား အစိုးရမြေတွေကို-

Appendix.1. Para 4.

Land of the first class may disposed of in various ways;

(i) × × × × ×

(ii) × × × × ×

(iii) by a gift or grant to -

(a) × × × × ×

(b) × × × × ×

(c) Private individuals for their private benefit without reference to furture servives.

ဆိုပြီး အစိုးရ အမှုထမ်း မဟုတ်တဲ့ အရပ်သားတွေ အကျိုးစီးပွားအတွက် ပုဂ္ဂလိကတွေဆီ မြေရောင်းချခြင်း၊ အပိုင်ဂရန်ပေးခြင်းတွေ ဆောင်ရွက်မှုအတွက် အောက်ခြေမှတ်စုမှာ ဒီလို ဖော်ပြထားတာ တင်ပြချင်ပါတယ်။

**Foot Note 2.** Under this head are included sales of land on favourable terms to individuals for their private benefit without reference to public services to be performed by them, e.g., sales of extra stripes of land in unauthorized occupation to occupiers of neighbouring freeholds in Rangoon [see government of India Resolution No. 653 (Land Revenue and Settlements), dated the 31st August 1877]. The



mgyoe.com

mgyoe.com SAMPLE BOOK

sanction of the Government, unless specifically declared to be unnecessary in certain cases, must be obtained to all such alienations.

'ဤအချက်တွင် အစိုးရ အမှုတော်ကို ထမ်းရွက်စေရန် မရည်ရွယ်ဘဲ ကိုယ်ကျိုးစီးပွားအလို့ငှာ လူတစ်ဦးတစ်ယောက်သို့ သင့်လျော်ရာ အဖိုးအခနှင့် မြေယာ ရောင်းချသည်များလည်း ပါဝင်သည်။ ဥပမာအားဖြင့် ရန်ကုန်မြို့ ဂရန်ပိုင်မြေ လက်ရှိ ဖြစ်သူတို့က ဆက်စပ်သည့် မြေစွန်းမြေစများကို အခွင့်အမိန့် မရှိဘဲ လက်ရှိလုပ်ကိုင် နေထိုင်သည် ဖြစ်၍ ၎င်းမြေစွန်းမြေစများကို ၎င်းတို့သို့ ရောင်းချခြင်းများကဲ့သို့ ဖြစ်သည်။'

ရန်ကုန်မြို့ အစိုးရ အရောင်းမြေတွေဟာ ဝယ်သူကို အပိုင် ပေးခဲ့ပေမဲ့ မြေခွန် ကင်းလွတ်ခွင့်ကို တစ်ပါတည်း မပေးဘဲ သီးခြား စဉ်းစားတဲ့သဘော တွေ့ရပါတယ်။ အပိုင်ဂရန် ပေးတဲ့အခါမှာလည်း ဥပဒေအရကိုက သာသနာရေးနဲ့ တိုင်းကျိုးပြည်ကျိုး အများအကျိုးအတွက် ဆောင်ရွက်မယ့် အသင်းအဖွဲ့/ပုဂ္ဂိုလ်တွေအတွက်သာ အခွန်လွတ်ပေးလေ့ ရှိတဲ့အတွက် ရန်ကုန်မြို့မှာ မြေဝယ်ခဲ့တဲ့ ပုဂ္ဂလိကတွေကို မြေပိုင်ရှင် အခွင့်အရေးသာ ပေးခဲ့ပြီး အခွန်လွတ်အပိုင်ဂရန် မပေးခဲ့လို့သာ တစ်နှစ်မှာ တစ်ကြိမ်ကို ခုနစ်ကျပ်နှုန်း ကောက်ခံခြင်း ဖြစ်မယ်လို့ ယူဆနိုင်ပါတယ်။ ကော်လိပ်တော်ဟာ မြေတန်ဖိုးအပေါ် မူတည်ပြီး မြေခွန် လွတ်ငြိမ်းအမိန့် ထုတ်ပေးနိုင်ပေမဲ့ အထက်အရာရှိတွေရဲ့ သဘောတူညီချက်ကို တင်ပြရယူပြီးမှသာ ကင်းလွတ်ခွင့်ပြုနိုင်ပါတယ်။ ဒါကြောင့် မြေပိုင်ရှင်ဖြစ်ကြောင်း သက်သေခံလက်မှတ် ရရုံနဲ့ မပြီးဘဲ အခွန်လွတ် ရရှိအောင် လျှောက်ထားခွင့်ပြုမှသာ အပိုင်မြေတွေ မြေခွန် လွတ်ငြိမ်းခွင့် ရလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။

## နိဂုံး

အထက်မှာ တင်ပြ ရှင်းလင်းခဲ့တာတွေကို ပြန်ချုပ်ရရင် မြေပိုင်မြေ ရထားတယ်ဆိုတိုင်း မြေခွန် ကင်းလွတ်ခွင့် မရနိုင်ပါဘူးလို့ ပြောရပါမယ်။ နိုင်ငံတော်နဲ့ အခွန်အာဏာပိုင် အရာရှိက အခု ချပေးတဲ့ မြေအမျိုးအစားကို မြေခွန် ကင်းလွတ်ခွင့် ပြုတယ်လို့ အတိအလင်း တရားဝင် ကြေညာသတ်မှတ်ထားချက်တွေ၊ အမိန့်တွေ မရှိခဲ့ရင် ယင်းမြေအတွက် ထိုက်သင့်မြေခွန် ထမ်းဆောင်ဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။


mgyoe.com


mgyoe.com SAMPLE BOOK

တိုင်းကျိုးပြည်ကျိုးနဲ့ သာသနာအတွက် ချပေးတဲ့ အပိုင်ဂရန်တွေမှာ ဖော်ပြထားသလို ယခုကိစ္စရပ် အသုံးပြုနေသမျှ မြေခွန် လွတ်ငြိမ်းခွင့် ပြုသည်လို့ တရားဝင် ဖော်ပြသတ်မှတ်ပေးမှ မြေခွန် လွတ်ငြိမ်းခွင့် ရရှိနိုင်ပါတယ်။ မိမိတို့ကို ချပေးတဲ့ ပိုင်ဆိုင်ခွင့်ရမြေမှာ အဲဒီလို သတ်မှတ်ပေးချက် မရှိရင်တော့ အစိုးရ သတ်မှတ်တဲ့ မြေခွန်ကို ထမ်းဆောင်ဖို့ အချက်က အားသာမှာ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။



mgyoe.com

mgyoe.com SAMPLE BOOK



ပဲခူးမြို့
အရေးပိုင်မင်း ရုံးတော်
၁၉၃၀-၃၁-ခု မြို့မြေ(ပြ) နံပါတ်-၁၃၃၇
၁၉၃၁-ခု နိုဝင်ဘာလ ၂၇-ရက်

သို့ ပဲခူးမြို့ မြို့တွင်း အရှေ့ပိုင်း ရပ်နေ မောင်ရန်အောင် သိစေရေးသည်မှာ။

မောင်မင်း လျှောက်ထားသော မြို့တွင်း အရှေ့ရပ်ကွက် နံပါတ်-၁၇- ၁၉၃၀-၃၁-ခု မြေကွက်နံပါတ်-၄၁၀၇-ကို လျှောက်ချက်အတိုင်း မြေပိုင်ပေးလိုက်ကြောင်း သိစေရန် အမိန့်ချလိုက်သည်၊

SEAL OF THE DISTRICT REVENUE OFFICER, PEGU

(ပုံ) အရေးပိုင်မင်း
ပဲခူးမြို့

မြေပိုင်ပေးသော အမိန့်စာ



mgyoe.com

mgyoe.com

SAMPLE BOOK

L.R.II–L.B. CERTIFICATE I.

မြေခွန် ၂– အောက်ပိုင်း။ သက်သေခံလက်မှတ် ၁။

မြေရှင်ဖြစ်ကြောင်းပြဋ္ဌာန်းချက်သက်သေခံလက်မှတ်။
[နည်းဥပဒေ ၁၃၃။]

ကျောဘက်တွင်ပါရှိသည့် လက်ခံအတိုင်းဖြစ်သော မြေရှင်အဖြစ်သို့ ရောက်ကြောင်းပြဋ္ဌာန်းချက်ကို ၁၈၇၆ ခုနှစ်၊ မြေယာနှင့် အခွန်အကံဥပဒေအရ သတ်မှတ်သည့်မှတ်ပုံစာအုပ် ............... တွဲ၊ စာမျက်နှာနံပါတ် ............ တွင် ၁၉......... ခုနှစ်၊ ............ လ ................. ရက်နေ့က ရေးမှတ်တင်သွင်းပြီးကြောင်း သက်သေခံလက်မှတ် ပေးအပ်သည်။

.............. စီရင်စုနယ်အခွန်ရုံး၊ ၁၉..... –၁၉ .... ခုနှစ်ဆိုင်ရာအမှုတွဲနံပါတ်။

ကွင်းနံပါတ်။ ။

ဧရိယာ ဧက။ ဒသမ၊

(လက်မှတ်)

(ရာထူးအမည်)

[ကျောဘက်၌]

(မြေခွန် ၁၊ အောက်ပိုင်း၊ မြေရာမှတ်ပုံစာအုပ် ၂ ပုံစံ) အရ မြေရှင်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်မှုရင်းခွဲလက်ခံ။

(လက်ခံအမှန်)

(လက်မှတ်)

(ရာထူးအမည်)

L.H.R သက်သေခံလက်မှတ်
(၁၈၇၆ အောက်မြန်မာပြည် မြေနှင့်အခွန်တော်လက်စွဲ ဥပဒေ)



mgyoe.com

mgyoe.com
SAMPLE BOOK

L.R.I.–L.B. LAND REGISTER 2.
မြေခွန် ၁– အောက်ပိုင်း။ မြေရာမှတ်ပုံစာအုပ် ၂။

မြေရှင်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ဆိုင်ရာ မှတ်ပုံစာအုပ်။
[နည်းဥပဒေ ၁၃၃။]
(မျက်နှာဘက်နှင့်ကျောဘက်)

၁၉....–၁၉...... ခုနှစ်၊ အခွန်အမှုတွဲနံပါတ် ............ တွင် စစ်ဆေးမေးမြန်းပြီးလျှင် ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော် (အောက်ပိုင်း) မြေရာနှင့်အခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ............ စီရင်စုနယ် အရေးပိုင် (အမည်ကိုဖော်ပြ) ............ က။ ............ စီရင်စုနယ် ............ မြို့နယ် ............ မြို့/ရွာ နေ ............ ၏သား ............ သည် ၁၉.....–၁၉....... ခုနှစ်အတွက် နောက်ထပ် မြေတိုင်းမြေပုံနှင့် ဦးပိုင်မှတ်ပုံစာအုပ်တွင် ............ ၏အမည်နှင့်ရှိသည့် ၁၉........–၁၉ ....... ခုနှစ်၊ ဦးပိုင်နံပါတ် ............ ရှိမြေ $\frac{\text{အားလုံး}}{\text{တစ်စိတ်တစ်ဒေသ}}$ ဖြစ်သော လယ်ကွက် * ............ ကွက်များပါဝင်သည့် ............ စီရင်စုနယ် ............ မြို့နယ်ကွင်းနံပါတ် ............ အတွင်းတည်ရှိသော မြေရှင်အဖြစ်သို့ရောက်ကြောင်းပြဋ္ဌာန်းသည်။ ယခု ပြဋ္ဌာန်းချက်မှာ ဧရိယာ ............ ဧက (စာနှင့်ရေး) ဧက ဒသမ ............ နှင့်သက်ဆိုင်သည်။ ယခုပြဋ္ဌာန်းချက်တွင်ပါဝင်သည်။ မှတ်ပုံစာအုပ်စာမျက်နှာနံပါတ် ............ နှင့် မျက်နှာချင်းဆိုင် မြေပုံ၌ ရေးသားဖော်ပြသည့် လယ်ကွက်နံပါတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

........................ မြို့။
၁၉.... ခုနှစ်၊ ............လ ........ ရက်နေ့။

(လက်မှတ်)
အရေးပိုင်။

မြေပိုင်ရှင်အား မှတ်တမ်းတင်စာအုပ်
(၁၈၇၆ အောက်မြန်မာပြည် မြေနှင့်အခွန်တော်လက်စွဲ ဥပဒေ)

mgyoe.com

mgyoe.com
SAMPLE BOOK

L.R.II–GRANT 1 & 1 *(a)*
ဒေမြခွန် ၂– အပိုင်ပတ္တာ ၁ နှင့် ၁ (က)။

မြေရာမှတ်ပုံစာအုပ် ၁ (.......တွဲ) တွင် ၁၉.... –၁၉....ခုနှစ် ဆိုင်ရာ နံပါတ်စဉ် ........... နှင့်ရေးသွင်းပြီးဖြစ်သည်။

........... ရုံး ၁၉....–၁၉..... ခုနှစ်၊ အခွန်မှုနံပါတ် ...........။

သာသနာရေးသာသနာမှူ / တိုင်းကျိုးပြည်ကျိုး အတွက် မြေအပိုင်ပတ္တာစာချုပ်။

[မြန်မာနိုင်ငံအထက်ပိုင်း။ နည်းဥပဒေ ၅၅ နှင့် အမိန့်ဆင့်ဆိုချက် ၃၀။]
[မြန်မာနိုင်ငံအောက်ပိုင်း။ အမိန့်ဆင့်ဆိုချက် ၃၀။]

ခရစ်သက္ကရာဇ် ၁၉....... ခုနှစ်၊ .......... လ .......... ရက်။ မြန်မာသက္ကရာဇ် ၁၂ .......... ခုနှစ်၊ .......... လ၊ .......... ရက်နေ့ နိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီးချုပ်နှင့် .......... တို့ ချုပ်ဆိုကြသည်မှာ။

................ အတွင်းရှိ ပူးတွဲပါနယ်ပုံတွင် ............... ရောင်ဆေးရေးချယ်၍ နယ်နိမိတ်ပိုင်းခြားသတ်မှတ်လျက်ပါသည့် ....... ဧကခန့်မြေအားလုံးကို ကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီးချုပ်က ယခုစာချုပ်အရ ဖြစ်ပွားစေသည့် ယုံမှတ်အပ်နှံမှု တွင် (ရှေ့တွင် ယုံမှတ်အပ်နှံ ခံရသူခေါ်တွင်စေရမည့်) .......... တို့နှင့် ၎င်းတို့အနက် တစ်ဦးဦးသေဆုံးလျှင် ကျန်ရှိရစ်သူ သို့မဟုတ် အခြားသူ တို့သို့ ယခုစာချုပ်အရ ပေးအပ်ချထားသနားတော်မူသည်။ ၎င်းမြေရာ ကို*.............. အလို့ငှာ အောက်ပါကင်းလွတ်ခွင့်များနှင့်တကွ စည်းကမ်းအချက်များကို အထောက်အထားပြုပြီးလျှင် ယုံမှတ်အပ်နှံ သည့်မြေရာအဖြစ်နှင့် လက်ရှိထားခွင့်ရစေမည်။ ၎င်းကင်းလွတ်ခွင့် များနှင့် စည်းကမ်းအချက်များမှာ–

(၁) ဆိုခဲ့သည့်မြေရာကို ........... ကိစ္စအတွက် အသုံးပြု သည့်အခါကာလပတ်လုံး နိုင်ငံတော်သို့ အရပ်ရပ် မြေခွန်မှစ၍ အခွန်အတုတ် တစ်စုံတစ်ရာ ပေးဆောင် ခြင်းမှ ကင်းလွတ်စေရမည်။

(၂) ဆိုခဲ့သည့်မြေရာကို မြေရာပေးအပ်ချထားရာ သီးသန့် ပိုင်းခြားသတ်မှတ်သည့်ကိစ္စ များမှတစ်ပါး အခြားကိစ္စ


mgyoe.com

mgyoe.com SAMPLE BOOK

# ဘိုးဘပိုင် လယ်ယာမြေများတွင် ပိုင်ဆိုင်မှု အခွင့်အရေး ကျန်ရှိပါသေးသလား

၁၉၆၃ သီးစားချထားရေး ဥပဒေအရ မြေကို ကိုယ်တိုင်မလုပ်နိုင်တဲ့၊ မလုပ်ကိုင်တဲ့ လယ်ပိုင်ရှင်တွေထံက မြေတွေ သီးစားတွေထံ ရောက်သွားစေပါတယ်။ မြေပိုင်ရှင်တွေ ပပျောက်သွားပြီး မြေကို ကိုယ်တိုင်လုပ်သူတွေသာ အစိုးရထံ သီးစားမှတ်ပုံတင်ပြီး မြေပေါ် ကျွန်ခဲ့ရတဲ့ အနေအထား ဖြစ်သွားပါတယ်။ ရှေးထီးဆောင်းခဲ့တဲ့ ဘိုးဘပိုင် လယ်ယာမြေတွေ ထီးဖြူကနက် ချိုးနှက်ခံရတဲ့ အနေအထား ဖြစ်သွားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဘိုးဘပိုင် လယ်ယာမြေများတွင် ပိုင်ဆိုင်မှု အခွင့်အရေး ကျန်ရှိပါသေးသလား

ကျွန်တော့်ကို မိတ်ဆွေတစ်ယောက် မေးထားတဲ့မေးခွန်းကလေးတစ်ခုက စိတ်ဝင်စားဖို့ ကောင်းတာမို့ ဘိုးဘပိုင်မြေ ပိုင်ဆိုင်ခွင့်တွေကို သိချင်တဲ့ အများပြည်သူ စိတ်ဝင်စားသူများ၊ ရှေးယခင်က ဘိုးဘွားပိုင် လယ်ယာမြေကို အမည်ပေါက် ပိုင်ဆိုင်ခဲ့သူတွေ လေ့လာ သိရှိနိုင်အောင် ထပ်ဆင့် ရေးသား တင်ပြချင်ပါတယ်။

ဘိုးဘွားပိုင်မြေတွေထဲက လယ်၊ ယာ၊ ဥယျာဉ်မြေမျိုးပေါက်နေတဲ့ လယ်ယာ စိုက်ပျိုးမြေတွေကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေ သိချင်တာက ဘိုးဘပိုင်မြေ အဖြစ် သတ်မှတ်ပြီး အခွင့်အရေး ရထားခဲ့တဲ့၊ မြေစာရင်းဌာနရဲ့ မြေပုံစာရင်းတွေမှာ ယနေ့အထိ ဘိုးဘပိုင်လို့ မှတ်သားထားဆဲ ဖြစ်တဲ့ လယ်ယာမြေတွေမှာ စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိရင် နိုင်ငံတော်က ပြန်လည် သိမ်းယူနိုင်ခွင့် ရှိ မရှိနဲ့ ဘိုးဘပိုင် လယ်ယာမြေတွေရဲ့ အခွင့်အရေး ယနေ့ကာလမှာ ကျန်ရှိနေပါသေး သလား သိချင်လို့ မေးတာ ဖြစ်ပါတယ်။ ဘိုးဘပိုင်မြေနဲ့ ပတ်သက်ပြီး ဆောင်းပါး ရှင် ဦးမိုယ်း-လယ်ဝန်က ဇန်နဝါရီလ တတိယပတ်လောက်က ထွက်ခဲ့တဲ့ ပြည်သူ့ အရေးဂျာနယ်မှာ ရေးသား ဖော်ပြခဲ့တဲ့ ဆောင်းပါးမှာလည်း အဲဒီကိစ္စအပေါ် သုံးသပ်ယူဆချက် တချို့ကို တင်ပြထားတာ လေ့လာ ဖတ်ရှုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့တော့ အချို့နေရာတွေမှာ အမြင်မတူ အယူအဆ ကွဲပြားတာကလေး တွေ ရှိနေပါတယ်။

မြန်မာနိုင်ငံကို သိမ်းပိုက် ရရှိသွားတဲ့ အင်္ဂလိပ်က မြေနဲ့ အခွန်တော်ဥပဒေ တွေ ပြဋ္ဌာန်းပြီး မြန်မာပြည်ရဲ့ မြေယာစနစ်ကို ပြင်ဆင် သတ်မှတ်လိုက်တဲ့အခါ ဘိုးဘပိုင်မြေတွေ၊ ဓားမဦးချ လုပ်ကိုင်ခဲ့တဲ့ မြေတွေ၊ ၁၂ နှစ်တိုင် လက်ရှိထား



mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကိုင်လာတဲ့မြေတွေ၊ ဘေးဘိုးစဉ်ဆက်မှသည် သားမြေးအထိ တစ်ဆက်တည်း လုပ်ကိုင်လာတဲ့ မြေတွေကို မြေပိုင် အခွင့်အရေး၊ ဘိုးဘပိုင် အခွင့်အရေး ပေးပါတယ်။ ဘိုးဘပိုင်မြေရဲ့ ပိုင်ရှင်၊ LHR (Landholder's Right) ရထားတဲ့ မြေပိုင်ရှင်တွေ အနေနဲ့ အဲဒီမြေနဲ့ မပတ်သက် မဆက်စပ်တော့တာ နှစ်နှစ်ရှိပြီ ဖြစ်တဲ့ မြေတွေ၊ လက်ရှိထားခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းလည်း မရှိ၊ မြေကနေ စွန့်လွှတ်သွားတာလည်း နှစ်နှစ်တိုင် ရှိနေတဲ့ မြေတွေကို မူလ ပေးထားတဲ့ မြေပိုင်ရှင် အခွင့်အရေး လက်လွှတ်သွားပြီလို့ သတ်မှတ်ပြီး အပိုင်မြေအဖြစ်က ပယ်ဖျက်ပြီး အစိုးရမြေ (state land) အဖြစ် ပြောင်းလဲ သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းခဲ့ပါတယ်။ (LBTVL Section 11; UBLR Section 23;)

မြေပိုင်ဆိုင်မှု အခွင့်အရေးတွေကို Tenure ခေါ်ပါတယ်။ Tenure ဟာ သီးစား မဟုတ်ပါဘူး။ ပိုင်ဆိုင်မှုပါ။ Tenancy ကမှ သီးစား ဖြစ်ပါတယ်။ မြေစာရင်းဌာနရဲ့ အစဉ်အလာအရ ကွင်းတစ်ကွင်းမှာ ရှိတဲ့ လုပ်ကွက်တွေကို မြေပုံတစ်ချပ်အဖြစ် တိုင်းတာ ပုံထုတ်ပြီးရင် ဦးပိုင် ခွဲခြင်း ဒါမှမဟုတ် ပိုင်ဆိုင်မှု ခွဲခြားခြင်း ဆိုတဲ့ လုပ်ငန်း လုပ်ရပါတယ်။ ဘယ်မြေကွက်တွေကို ဘယ်သူက ဘယ်လို ပိုင်ဆိုင်ထားတယ် ဆိုတဲ့ စာရင်း ပြုစုရပါတယ်။ ဦးပိုင် စုံစမ်းခြင်း (tenure enquiries) လို့ ခေါ်ပါတယ်။

ဒီနေရာမှာ ဦးပိုင် (holding) ဆိုတာ ရှင်းပြချင်ပါတယ်။ မြေစာရင်းလက်စွဲ ဥပဒေ အပိုဒ် (၅၂၃) မှာ ဒီလို ဖွင့်ဆိုပါတယ်။

> 'ကွင်း သို့မဟုတ် အကွက်တစ်ကွက်အတွင်းရှိ မြေမျိုး တစ်ရပ်တည်းအတွက် တစ်ဦးတစ်ယောက်တည်းက နယ်နိမိတ် တစ်ဆက်တစ်စပ်တည်း ပိုင်ဆိုင်ပြီး လုပ်ကိုင်ခွင့် အမျိုးအစားမှာလည်း တစ်မျိုးတစ်စားတည်းသာ ဖြစ်သည့် မြေယာအဝန်းအဝိုင်းကို ဦးပိုင် တစ်ဦးပိုင်ဟု သတ်မှတ်ကြောင်း'

ဆိုပြီး ဖော်ပြထားပါတယ်။

> Burma Land Records Manual : Para 523.
> 'Holding'
> 'A holding ordinarily consists of all the land of the same main kind enclosed within one continuous boundary in the same kwin and village - tract held by one person or a number of persons jointly on the same tenure and the same title'

ရှင်းအောင် ပြောရမယ် ဆိုရင် ဦးပိုင်တစ်ခု ဖြစ်ဖို့-

(၁) ကွင်းတစ်ကွင်းအတွင်း


mgyoe.com

mgyoe.com SAMPLE BOOK

(၂) (လယ်/ယာ/ကိုင်းကျွန်း/ဓနိ/တောင်ယာ စသည့် မြေမျိုးများထဲမှ) မြေမျိုး တစ်ရပ်တည်း အတွင်းတွင်

(၃) နယ်နိမိတ်တစ်ခုအတွင်း တစ်ဆက်တစ်စပ်တည်း တည်ရှိနေပြီး

(၄) ယင်းအဝန်းအဝိုင်းကို တစ်ဦးတစ်ယောက်တည်းက အမည်ပေါက် ပိုင်ဆိုင်နေသော နယ်နိမိတ် ဖြစ်ရမည်။

အဲဒီ ဦးပိုင်တွေအတွက် ပိုင်ဆိုင်မှုစာရင်း ပြုစုတဲ့အခါ ပိုင်ဆိုင်မှုနည်းလမ်း (tenure system) ပါ ရေးသွင်း မှတ်တမ်းတင်ရပါတယ်။ မြေပိုင်ဆိုင်မှုနည်းလမ်း (tenure system) ကိုတော့ ဒီလို သတ်မှတ် ခွဲခြားထားပါတယ်။

Tenure means = Non-State, Landholder's Right, Boba - Paing, Grant, Lease, License, Squatter, State Tenant, or as the case may be

လို့ ဆိုထားချက်အရ အစိုးရပိုင် မဟုတ်တဲ့မြေ၊ မြေရှင်အခွင့်ရမြေ၊ ဘိုးဘပိုင်မြေ၊ အပိုင်ဂရန်မြေ၊ အငှားဂရန်မြေ၊ အခွင့်အမိန့် မရဘဲ နေထိုင်အသုံးပြုမြေ၊ အစိုးရမှ အခဖြင့် ချထားမြေ စသဖြင့် ခွဲခြားရပါတယ်။

ဒီတော့ tenure ဆိုတာ မြေပိုင်ဆိုင်မှု နည်းလမ်း ဖြစ်ပြီး ဆိုင်ရာနည်းလမ်းအလိုက် သတ်မှတ်ထားတဲ့ အခွင့်အရေးတွေအတိုင်း ပိုင်ဆိုင်ခွင့် ရကြတာ ဖြစ်ပါတယ်။ ဘိုးဘပိုင်ဆို ဘိုးဘပိုင် အခွင့်အရေးပေါ့။ Grant ဆိုရင် grant အခွင့်အရေးပေါ့။ ဆိုင်ရာ tenure နည်းလမ်းအမျိုးအစားရဲ့ နောက်မှာ ကပ်ပါလာတဲ့ သတ်မှတ်အခွင့်အရေးတွေအတိုင်းပဲ ခံစားရမှာ ဖြစ်ပါတယ်။ ဘိုးဘပိုင် လယ်ယာမြေ ရရှိထားတဲ့ တောင်သူလယ်သမားတွေ ရရှိမယ့် အခွင့်အရေးကတော့ -

- လယ်ယာမြေကို လက်ဝယ်ထားရှိနိုင်ခြင်း၊
- လယ်ယာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိခြင်း၊
- လယ်ယာမြေကို ပေါင်နှံနိုင်ခြင်း၊
- လယ်ယာမြေကို ရောင်းချနိုင်ခြင်း၊ ပေးကမ်းလှူဒါန်းနိုင်ခြင်း၊
- လယ်ယာမြေကို အမွေပေးနိုင်ခြင်း၊
- လယ်ယာမြေကို အခြားသူသို့ လွှဲပြောင်းနိုင်ခြင်း၊ ချထားနိုင်ခြင်း

တို့ ဖြစ်ပါတယ်။

အင်္ဂလိပ်ခေတ်က ဘိုးဘပိုင် အခွင့်အရေးပေးခဲ့တဲ့ မြေတွေထဲမှာ မြို့မြေတင်မက လယ်ယာမြေတွေလည်း ပါပါတယ်။ မြို့မြေတွေမှာ ယနေ့အထိ ဘိုးဘပိုင်မြေအတွက် ပေးအပ်ထားတဲ့ အခွင့်အရေးတွေ မဆိတ်သုဉ်းသေးပေမဲ့ လယ်ယာစိုက်


mgyoe.com

mgyoe.com
SAMPLE BOOK

ပျိုးမြေတွေမှာ အဲဒီ အခွင့်အရေးတွေ ဆက်လက် တည်ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုတာ မြေယာ ဥပဒေ ပညာရှင်တွေအကြား အငြင်းပွားရတဲ့ ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်မှာ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ ပြဋ္ဌာန်းပြီး လယ်ယာမြေဧက အမြောက်အမြား ပိုင်ဆိုင်နေတဲ့ မြေပိုင်ရှင်ကြီးတွေထံက မြေတွေ ပြန်လည်သိမ်းယူပြီး မြေမဲ့ယာမဲ့နဲ့ မြေယာချို့တဲ့တွေကို ဝေငှတဲ့အခါ မူလပိုင်ဆိုင်မှုတွေကို ဖျက်သိမ်းပြီး အခြားသူတွေဆီ ဝေငှ ပိုင်ဆိုင်စေတာ ဖြစ်တဲ့အတွက် ၁၉၅၃ ခုနှစ် လယ်/နိုင် အက်ဥပဒေအရ လယ်ယာမြေမှာ ရှိတဲ့ ဘိုးဘပိုင်မြေ ဆိုတဲ့ ပိုင်ဆိုင်မှု အမျိုးအစား ပျောက်ကွယ်သွားပြီလို့ တချို့က မှတ်ယူပါတယ်။

၁၉၅၃ လယ်/နိုင်လုပ်ငန်း ဆောင်ရွက်ရာမှာ မသိမ်းဘဲ ချန်လှပ်ပေးခဲ့တဲ့ ဧရိယာတွေလည်း ရှိခဲ့ပါတယ်။ ရွာမြေ၊ စက်ရုံမြေ၊ အခြားနည်း အသုံးပြုနေတဲ့ မြေတွေ၊ သာသနာ၊ ကျောင်း၊ ကန်၊ ဇရပ်အဖြစ် သုံးနေတဲ့ မြေတွေကို သိမ်းယူခြင်းကနေ ကင်းလွတ်ခွင့် ပေးတဲ့အပြင် လယ်ယာမြေပိုင်ရှင်တွေဆီက မြေကိုလည်း အကုန် သိမ်းယူတာ မဟုတ်ပါဘူး။ လယ်မြေ ဆိုရင် ဧက ၅၀၊ ယာမြေဆို ၂၅ ဧက၊ ကိုင်း/ကျွန်းနဲ့ ကြံစိုက်မြေဆို ၁၀ ဧကထက် ကျော်လွန်မှသာ သိမ်းယူပြီး အဲဒီ ဧရိယာဧက အတိုင်းအတာတွေအထိကို မူလပိုင်ရှင်ထံမှာ မသိမ်းဘဲ ချန်ထားပေးခဲ့ပါတယ်။ သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ရမြေလို့ ခေါ်ပါတယ်။

ဒါကြောင့်မို့ တချို့ကတော့ လယ်/နိုင်လုပ်ငန်းဟာ တစ်ပြည်လုံးမှာ ရှိတဲ့ လယ်ယာမြေ အားလုံးကို သိမ်းယူနိုင်ခဲ့တာ၊ ပြန်ဝေငှနိုင်ခဲ့တာ မဟုတ်ဘူး၊ ကင်းလွတ်ခွင့်ရမြေတွေ ရှိသလို လယ်/နိုင်လုပ်ငန်းကြီးသည်ပင် ၁၉၅၃-၁၉၅၄ မှာ စတင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ငါးနှစ်အကြာ ၁၉၅၇-၁၉၅၈ မှာ လုပ်ငန်းရပ်ဆိုင်းလိုက်ရတဲ့အတွက် မသိမ်းယူဘဲ ကျန်ခဲ့တဲ့မြေတွေ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆို အများကြီး ကျန်ရှိတဲ့အခါ ယင်းမြေများရှိ ဘိုးဘပိုင် အခွင့်အရေးတွေ မပျက်သုဉ်းဘဲ ကျန်ခဲ့ရပေမယ်လို့ ဆိုကြပါတယ်။

ဒီနေရာမှာ ဆွေးနွေးစရာ ရှိတာက ၁၉၅၃ လယ်/နိုင် လုပ်ငန်းကြီးက မြန်မာပြည်ရဲ့ တစ်ခုဖြစ်တဲ့ မြေပိုင်ရှင် ဆိုတဲ့ အခွင့်အရေးကို ပိတ်ပင်ပစ်လိုက်နိုင်တဲ့ အနေအထား ရှိသလား၊ မရှိသလား ဆိုတာပါ။ ကျွန်တော့်အမြင်တော့ ၁၉၅၃ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးဥပဒေဟာ မြေပိုင်ရှင်စနစ်ကို ချုပ်ငြိမ်းစေခဲ့တဲ့ အသွင်အပြင် မရှိခဲ့ပါဘူးလို့ ယူဆပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ၁၉၅၃ လယ်/နိုင် အက်ဥပဒေပါ ပြန်လည် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ရမြေ၊

mgyoe.com

mgyoe.com SAMPLE BOOK

အဝေခံရမြေတွေအတွက် စည်းကမ်းချက်တွေ၊ အခွင့်အရေးတွေကို စိစစ်ကြည့်တဲ့အခါ မြေပိုင်ဆိုင်မှုကို ဆက်လက် အခွင့်ပေးထားသေးတဲ့ စကားရပ်တွေ၊ ပြဋ္ဌာန်းချက်တွေကို တွေ့ရတဲ့အတွက် ဖြစ်ပါတယ်။

၁၉၅၃ လယ်/နိုင် ဥပဒေဟာ မြေပိုင်ရှင်တွေထံက သတ်မှတ် အတိုင်းအတာထက် ပိုမိုတဲ့ ဧရိယာတွေကို နိုင်ငံတော်က ပြန်လည် သိမ်းယူပြီး လယ်ယာမဲ့တွေကို ပြန်လည်ဝေငှပေးတဲ့သဘောသာ ရှိပြီး မြေပိုင်ရှင်တွေရဲ့ အခွင့်အရေးတွေကို တိတိလင်းလင်း ရုပ်သိမ်းခဲ့မှု မရှိပါဘူး။ မသိမ်းယူဘဲ ချန်လှပ်ခဲ့တဲ့ မူလ ဘိုးဘပိုင် လယ်ယာမြေ (ဥပမာ- ဧက ၅၀ အောက် လယ်မြေ) တွေမှာသာမက အဝေခံမြေတွေမှာပါ ပိုင်ဆိုင်ခွင့်ပုံစံသဘော အခွင့်ဆက်ပေးတာတွေကို တွေ့ရပါတယ်။

လယ်/နိုင်ဥပဒေ ပုဒ်မ ၉ မှာ (သိမ်းယူခြင်းမှ) ကင်းလွတ်ခွင့်ရမြေအတွက် အခွင့်အရေးတွေ ပြဆိုထားပါတယ်။ သတ်မှတ်စည်းကမ်းချက်နဲ့ ညီညွတ်ရင် မြေကို လက်ရှိ ထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်၊ လုပ်ကိုင်ခြင်းက ရတဲ့ အကျိုးအမြတ်တွေ ခံစားနိုင်ခွင့်၊ အာဏာပိုင်ရဲ့ ခွင့်ပြုချက်ဖြင့် မြေကို ခွဲစိတ် လဲလှယ်နိုင်ခွင့်၊ ပေးလှူနိုင်ခွင့်၊ ရောင်းချပေးကမ်းနိုင်ခွင့်၊ အမွေဆက်ခံခွင့်တို့ ပေးထားမှုတွေ တွေ့ရှိရသလို မိမိဘာသာ သီးစား မချဘဲ အာဏာပိုင် ခွင့်ပြုချက်နဲ့ ချနိုင်ခွင့် (ဥပမာ- သာသနာမြေ) ပေးထားမှုတွေ တွေ့ရပါတယ်။ အထိန်းအကွပ်ကလေးပါလာတာက လွဲလို့ အရင်မူလ အခွင့်အရေးတွေနဲ့ ဘာမျှမကွာပါဘူး။

ဒါ့အပြင် သိမ်းယူမြေတွေကို ဝေငှတဲ့အခါ လယ်ယာမြေကို အဝေခံ ရရှိသူတွေအတွက် အခွင့်အရေးကိုလည်း ပုဒ်မ ၁၀ မှာ ပြဋ္ဌာန်းထားပါတယ်။ အဲဒီအခွင့်အရေးတွေထဲမှာ သီးစားမချရဘဲ မိမိကိုယ်တိုင်သာ လုပ်ကိုင်ရမှာ ဖြစ်ကြောင်း သတ်မှတ်ချက်က လွဲပြီး ပေးအပ်ထားတဲ့ ပိုင်ဆိုင်ခွင့်တွေဟာ မသိမ်းဘဲ ချန်ထားခဲ့တဲ့ ကင်းလွတ်ခွင့်ရ မြေရှင်တွေအတွက် ပေးထားတဲ့ ပုဒ်မ ၉ ပါ အခွင့်အရေးတွေအတိုင်း ဖြစ်ကြောင်း တွေ့ရပါတယ်။

ဘိုးဘပိုင် လယ်ယာမြေမှာ မြေပိုင်ရှင် အခွင့်အရေးတွေအကြောင်း ကျွန်တော် ရှေ့မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

- မိမိတို့ ထာဝရ အမည်ပေါက် လက်ရှိထားခွင့်ရှိခြင်း၊ လုပ်ကိုင်နေထိုင်ခွင့်ရှိခြင်း၊
- အခြားသူအား လွှဲပြောင်း ပေးကမ်းနိုင်ခြင်း၊
- ရောင်းချနိုင်ခြင်း စတဲ့ အခွင့်အရေးများ ပူးတွဲ ပိုင်ဆိုင်ခြင်း ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

● သီးစားချနိုင်တာလည်း မြေရှင်ရဲ့ အခွင့်အရေး ဖြစ်ပါတယ်။

လက်ရှိ ထားပိုင်ခွင့် ရှိခြင်း (in possession) ဆိုတဲ့ အဓိပ္ပာယ်ဟာ အတော်တန်ဖိုးရှိပါတယ်။ မြေပိုင်တွေ ဘိုးဘပိုင်တွေဟာ မြေကို လက်ရှိထားပိုင်ခွင့်ရခြင်း ဆိုတဲ့ စကားရပ်ဟာ တန်ဖိုးမသေးလှပါဘူး။ နည်းတဲ့ အခွင့်အရေး မဟုတ်ပါ။ လက်ရှိထားခြင်း ဆိုတာ မြေကို မြေရှင်ကိုယ်တိုင်က နေထိုင်လုပ်ကိုင်နေဖို့ မလိုပါဘူး။ ဒါပေမဲ့ ပိုင်ဆိုင်မှု ရှိတယ် ဆိုတာ ပြဆိုပါတယ်။ အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ LBLR ပုဒ်မ ၃၊ ပုဒ်မခွဲ (က) (ခ) အရ-

'ယင်းမြေတွင် ပိုင်ရှင်ကိုယ်တိုင်က ဖြစ်စေ၊ ၄င်း၏ အလုပ်သမား၊ အစေခံ၊ ကိုယ်စားလှယ်၊ သီးစားချခံရသူ၊ ၄င်းထံမှ အပေါင်ခံ ရရှိထားသူတို့က ဖြစ်စေ၊ ၄င်းတို့က တစ်ဆင့် လွှဲပြောင်းချထားသူက ဖြစ်စေ လက်ရှိလုပ်ကိုင်နေထိုင်လျှင် လက်ရှိထား ပိုင်ဆိုင်သည်ဟု မှတ်ယူရမည်။'

လို့ ဆိုထားတဲ့အတွက် မြေကို လက်ရှိထား ပိုင်ဆိုင်ခွင့် ရထားသူဟာ အဲဒီမြေကို မည်သူ့ကိုမဆို ပေါင်နှံ လွှဲပြောင်း ချထားပိုင်ခွင့်တွေ ရထားတာ တွေ့ရပါတယ်။

၁၉၅၃ လယ်/နိုင်ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို စိစစ်ကြည့်တဲ့အခါ ၁၉၅၃ လယ်/နိုင်အက်ဥပဒေ ပုဒ် ၉ နဲ့ ပုဒ်မ ၁၀ မှာ ပေးအပ်ထားသော အခွင့်အရေးတွေအရ ကင်းလွတ်ခွင့်ရမြေနဲ့ ဝေငှခံမြေ ရရှိသူတွေဟာ မြေကို လက်ရှိထားခွင့် ဆက်လက်တည်ရှိနေတာ တွေ့ရပါတယ်။ လွှဲပြောင်းပေးကမ်းခြင်း၊ အမွေဆက်ခံခြင်းတွေကို (အာဏာပိုင်ရဲ့ ခွင့်ပြုချက်နဲ့) လုပ်ကိုင်နိုင်သေးတာ တွေ့ရပါတယ်။ မူလ မြေရှင်အခွင့်အရေးနဲ့ လုံးလုံးကြီး ကွာခြားသွားခြင်း မရှိပါဘူး။ အဓိက စာသားတစ်ရပ်ကိုတော့ ခြွင်းချက်ပေးရပါမယ်။

အဲဒါက သီးစား မချရ၊ ကိုယ်တိုင် လုပ်ရမယ် ဆိုတဲ့ စည်းကမ်းချက် ဖြစ်ပြီး အဲဒါကလည်း တကယ်တော့ အသက်မဝင်တဲ့ သတ်မှတ်ချက်သာ ဖြစ်ပါတယ်။ မြေရှင်တွေဟာ ၁၉၅၃ လယ်/နိုင်ဥပဒေ ပြဋ္ဌာန်းပြီး နောက်ပိုင်းမှာလည်း ၁၉၅၀ သီးစားခ စံနှုန်းဥပဒေ၊ ၁၉၅၄ သီးစားခစံနှုန်း (ပြင်ဆင်ချက်) ဥပဒေ၊ ၁၉၆၃ သီးစားခစံနှုန်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေတွေအရ သီးစား ချပိုင်ခွင့်၊ သီးစားခ ရပိုင်ခွင့်တွေ ဆက်လက် ရရှိနေခဲ့ပါတယ်။ ဒီတော့ မြေရှင်ဆိုင်ရာဆိုင်ခွင့်နဲ့ မြေရှင် သဘောသဘာဝတွေဟာ ၁၉၅၃ လယ်နိုင်ဥပဒေကြောင့် ပျောက်ပျက်မသွားခဲ့ဘူးလို့ ဆိုရမှာ ဖြစ်တယ်။

မြေယာဥပဒေပညာရှင်တွေ အလေးအနက်ထား သုံးသပ်ပြီး အကျယ်တဝင့် ဆွေးနွေးသင့်တဲ့ ၁၉၆၃ ခုနှစ် သီးစား ချထားရေး ဥပဒေနဲ့ ၁၉၆၅ ခုနှစ်


mgyoe.com

mgyoe.com SAMPLE BOOK

သီးစားချထားရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ နှစ်ရပ်နဲ့ ဝိသေသတွေကသာ ဘိုးဘပိုင် လယ်ယာမြေနဲ့ မြေရှင်စနစ်ကို ရိုက်ချိုးခဲ့နိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ လေ့လာ စိစစ်ကြည့်ရအောင်ပါ။

၁၉၅၃ လယ်/နိုင်ဥပဒေမှာ ဆက်လက် အသက်ဝင်နေသေးတဲ့ မြေပိုင်ရှင်စနစ်နဲ့ မြေရှင်အခွင့်အရေးတွေကို အဲဒီ ဥပဒေ နှစ်ရပ်က လွင့်စင် ပပျောက်သွားစေပါတယ်။

၁၉၆၃ သီးစားချထား ဥပဒေက မြေရှင်တွေကို စတင် ထိန်းချုပ်ပါတယ်။

၁၉၆၅ ဥပဒေက မြေရှင်စနစ်ရဲ့ ရေသောက်မြစ်ကို ဖြတ်ပစ်လိုက်ပါတယ်။

၁၉၆၃ သီးစားချထားရေး ဥပဒေ ပြဋ္ဌာန်းစဉ်မှာ မြေရှင်၊ သီးစား၊ သီးစားခဆိုတဲ့ ဝေါဟာရတွေကို [၁၉၆၃ သီးစားချထားရေး ဥပဒေ ပုဒ်မ ၂ (၁) (ဂ)၊ (င)၊ (စ)] မှာ ဖွင့်ဆိုရှင်းလင်းခဲ့မှုအရ တော်လှန်ရေးအစိုးရ တက်ခါစမှာ မြေရှင်နဲ့ မြေရှင်စနစ် တည်ရှိနေသေးကြောင်း၊ မြေရှင်က သူ့မြေတွေကို သီးစားချနေကြောင်းနဲ့ သီးစားက မြေရှင်ကို သီးစားခ ပေးနေရကြောင်း သိသာတဲ့အချက်ဖြစ်ပါတယ်။ တော်လှန်ရေးအစိုးရ တက်လာစဉ်မှာ မြေရှင်စနစ် တည်ရှိနေသေးတဲ့ သက်သေ အထောက်အထား ဖြစ်ပါတယ်။ သို့ပေမဲ့ တော်လှန်ရေးအစိုးရက ၁၉၆၃ သီးစားချထားရေး ဥပဒေ ပုဒ်မ ၃ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းပြီး မြေရှင်တွေရဲ့ အရှိုက်ကို ထိုးနှက်လိုက်ပါတယ်။

**၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ**

**ပုဒ်မ ၃။** ။ အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်လယ်ယာမြေကိုမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြထားသည့်နေ့ရက်မှ စ၍ သီးစား ချထားမည်ဟု ကြေညာနိုင်သည်။ ထိုသို့ ကြေညာသည့်အခါ ထိုလယ်မြေနှင့် သက်ဆိုင်သည့် မြေရှင်၏ သီးစားချထားနိုင်သည့် အခွင့်အရေးသည် ရပ်စဲရမည်။

သီးစားပုဒ်မ ၃ ဟာ မြေရှင်တွေအတွက် တကယ် ပြင်းထန်တဲ့ ထိုးနှက်ချက်ဖြစ်ပါတယ်။ မြေရှင်ရဲ့ အစဉ်အလာ ရရှိ ခံစားလာခဲ့တဲ့ အခွင့်အရေးကို ထိပါးလာပါပြီ။ ဒါနဲ့ မပြီးသေးပါဘူး။ မြေရှင်တွေအတွက် အခြေအနေ ပိုဆိုးသွားစေတာက ၁၉၆၅ ခုနှစ် သီးစားချထား ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေအရ ၁၉၆၃ သီးစားချထားရေး ဥပဒေမှာ ပုဒ်မ ၄ အဖြစ်-


mgyoe.com

mgyoe.com SAMPLE BOOK

'လယ်ယာမြေများပေါ်တွင် အစိုးရက ချထားသော သီးစားများသည်
သို့မဟုတ် မြေရှင်များက ချထားသော သီးစားများ ကျန်ရှိနေသေးလျှင်
ထိုသီးစားများသည် မြေရှင်အား သီးစားခ ပေးရန် မလို။'

လို့ ထည့်သွင်း ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်ပါတယ်။

၁၉၆၃ သီးစားချထားရေး ဥပဒေ ပေါ်ထွက်လာတဲ့အခါ ပုဒ်မ ၇ အရ အစိုးရက ခန့်အပ်ဖွဲ့စည်းတာဝန်ပေးတဲ့ ပုဂ္ဂိုလ်တွေ (မြေယာကော်မတီ) ကသာ သီးစား ချထားရေး ဥပဒေနဲ့အညီ သီးစားချပိုင်ခွင့် ရှိပြီး မြေရှင်က သီးစား မချနိုင်တော့ပါဘူး။ သီးစားခလည်း မရတော့ပါဘူး။ မြေရှင်က သီးစား ချခဲ့သော် သီးစား ပုဒ်မ ၁၀ အရ အရေးယူခံရမှာ ဖြစ်ကြောင်း ပြဋ္ဌာန်းချက်တွေအရ လယ်ယာမြေပေါ်မှာ ရှိတဲ့ မြေရှင်ဆိုင်ရာဆိုင်ခွင့်တွေ ထိန်းချုပ်ခံရပါတော့တယ်။ မြေရှင်စနစ် အသက်ရှူပေါက် မရတော့ဘဲ တဖြည်းဖြည်း ချုပ်ငြိမ်းစ ပြုလာရပါတယ်။

မြေပိုင်ဆိုင်ခွင့် မြေရှင်အခွင့် ရတဲ့ ဘိုးဘပိုင် လယ်ယာမြေတွေလည်း ပိုင်ဆိုင်မှု အခွင့်အရေးကို ရှေ့တန်းတင်လို့ မရတော့ပါဘူး။ ပိုင်ဆိုင်မှုအတွက် အသိအမှတ်ပြု မခံရတော့ပါဘူး။

သီးစား ချထားရေးနည်းဥပဒေများ၊ သီးစားချထားရေးဥပဒေကို ရှင်းလင်းချက်များအရ မြေရှင်ကိုယ်တိုင် အစိုးရထံမှာ မိမိမြေ လုပ်ကိုင်ဖို့အတွက် သီးစား မှတ်ပုံတင်ရပါတော့တယ်။ သို့မှသာ လုပ်ကိုင်ခွင့် ရပါတော့တယ်။ မြေရှင်ကိုယ်တိုင်လည်း အစိုးရက သီးစား ချမှသာ မိမိမြေကို လုပ်ခွင့်ရတဲ့သဘော ဖြစ်သွားပါပြီ။ မိမိထံရှိ ပိုင်ဆိုင်ခွင့် ဆိုတဲ့ အခွင့်အရေးက မှေးမှိန်သွားပါပြီ။ မိမိမြေကို တခြားသူကို လွှဲပြောင်းခြင်း၊ တစ်ဆင့် ချထားခြင်းတွေကို မိမိသဘောအလျောက် ဆောင်ရွက်ခွင့် မရှိတော့ဘူး။ မြေပိုင်ရှင် ဆိုပြီး လက်ဝယ်ထားခွင့်လည်း မရှိတော့ဘူး။ အရင်က ရထားတဲ့ ထာဝရ ပိုင်ဆိုင်ခွင့် လက်ရှိထားခွင့် ဆိုတဲ့ in possessing အခွင့်အရေး ပျောက်ကွယ်သွားပါပြီ။ မြေကို ကိုယ်တိုင် လုပ်မှသာ မြေပေါ် ဆက်နေခွင့်၊ လုပ်ကိုင် စားသောက်ခွင့် ရပါတော့တယ်။

၁၉၆၃ သီးစားချထားရေးဥပဒေအရ မြေယာစနစ်တော်လှန်ရေး ဆိုတဲ့ အဟုန်ကြောင့် လယ်လုပ်သူသာ လယ်လုပ် ပိုင်ခွင့် ရရှိစေရမယ် ဆိုတဲ့ မူဝါဒ ထွန်းကားလာပါတယ်။ မြေယာမူခင်း ဖြစ်ရင်လည်း ပိုင်ဆိုင်မှုကို ဦးစားမပေးဘဲ လုပ်ကိုင်မှုကိုသာ ဦးစားပေးပြီး မြေကို ဘယ်သူ လုပ်နေလဲ၊ လက်ရှိလက်ငုတ် ဘယ်သူလဲ ဆိုတဲ့ လုပ်ကိုင်နေတဲ့ အခြေအနေအရသာ မူတည် စဉ်းစားဆောင်


mgyoe.com

mgyoe.com SAMPLE BOOK

ရွက်ပေးပါတယ်။ ဘိုးဘပိုင်တွေ ဘာတွေ လုံးဝ ထည့်သွင်းစဉ်းစားသုံးသပ်မှု မပြုတော့တာကြောင့် ပိုင်ဆိုင်မှုအစား လုပ်ကိုင်မှုအတွက်သာ ဆုံးဖြတ်ပေးတဲ့ လမ်းကြောင်း ဖြစ်လာပါတယ်။

လယ်ယာမြေကို အမွေပစ္စည်းတစ်ရပ်အဖြစ် မမှတ်ယူရ ဆိုတဲ့ ညွှန်ကြားချက်တွေအရ လယ်ယာမြေအပေါ် အမွေ ဆက်ခံခွင့်ကို အလေးမပေးတော့ပါဘူး။ လယ်ယာမြေကို အမွေဆက်ခံခွင့် ပျောက်သွားစေပါတယ်။ ၁၉၆၃ သီးစားချထားရေး ဥပဒေအရ မြေကို ကိုယ်တိုင် မလုပ်နိုင်တဲ့၊ မလုပ်ကိုင်တဲ့ လယ်ပိုင်ရှင်တွေထံက မြေတွေ သီးစားတွေထံ ရောက်သွားစေပါတယ်။ မြေပိုင်ရှင်တွေ ပပျောက်သွားပြီး မြေကို ကိုယ်တိုင်လုပ်သူတွေသာ အစိုးရထံ သီးစားမှတ်ပုံတင်ပြီး မြေပေါ် ကျန်ခဲ့ရတဲ့ အနေအထား ဖြစ်သွားပါတယ်။ ရွှေထီးဆောင်းခဲ့တဲ့ ဘိုးဘပိုင် လယ်ယာမြေတွေ ထီးဖြူကနက် ချိုးနှက်ခံရတဲ့ အနေအထား ဖြစ်သွားပါတယ်။

ဒါကြောင့်မို့ ဘိုးဘပိုင်လယ်ယာမြေတွေ ပိုင်ခွင့်၊ မြေပိုင်ရှင်တွေရဲ့ မြေပိုင်ဆိုင်မှု အခွင့်အရေးတွေဟာ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေအရ ချုပ်ငြိမ်းပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ကြောင်း ကျွန်တော့်အမြင်အရ သုံးသပ်ယူဆပါတယ်။

ဒါဖြင့် ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူဟာ သားစဉ်မြေးဆက် အဆက်ဆက် လုပ်ကိုင်ခွင့် ရရှိစေမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တောင်သူလယ်သမားတွေအနေနဲ့ မိမိတို့ လုပ်ကိုင်နေတဲ့ လယ်ယာမြေတွေအတွက် မြေပိုင်ဆိုင်ခွင့် ပြန်ရရှိပါပြီလား၊ ပုံစံ (၇) ရတဲ့အတွက် မိမိတို့ အမည်ပေါက် မြေပိုင်လို့ ပြောနိုင်ပါသလား မေးရင်တော့ လက်ရှိ လုပ်ပိုင်ခွင့်မှတ်ပုံတင်တဲ့ စနစ် (land register system) နဲ့ ပုံစံ (၇) စည်းကမ်းချက်တွေရဲ့ အားနည်းချက်တွေအရ လောလောဆယ် ဖြေရ ခက်ပါသေးတယ်။ Land title ကို ဘယ်လို မူချမှတ်ပြီး ဘယ်လို နည်းလမ်းနဲ့ ပေးသင့်တယ် ဆိုတဲ့ သဘောတရားတွေ အကျေအလည် ညှိနှိုင်း၊ အကျယ်တဝင့် စဉ်းစားပြီး ဆက်လုပ်သင့်တာတွေ အများကြီး ရှိပါတယ်။ ဗဟိုလယ်/စီအဖွဲ့ကြီးအနေနဲ့ သူ ထုတ်ပေးလိုက်တဲ့ ပုံစံ (၇) တွေရဲ့ title အတွက် အမွေဆက်ခံမှုနဲ့ မြေပိုင်ဆိုင်ခွင့်တွေမှာ တရားရုံး လုပ်ပိုင်ခွင့်တွေနဲ့ ဆက်စပ် ညှိနှိုင်းရမှာတွေ တစ်ပုံတစ်ပင် ကျန်ရှိနေသေးသလို ထပ်မံရှင်းလင်းညွှန်ကြားဖို့ ကိစ္စရပ်များစွာ ကျန်ရှိနေသေးတယ်လို့ တွေ့မြင်ရပါကြောင်း ဆွေးနွေး တင်ပြလိုက်ရပါတယ်။

*(ပြည်သူ့အရေး-အတွဲ-၂၊ အမှတ် ၇၆၊ ၈-၁၄ မတ်၊ ၂၀၁၆)*



mgyoe.com

mgyoe.com SAMPLE BOOK

# လူခွန်တော်နှင့် The SCHEDULED TOWN စာရင်းဝင်မြို့

စာရင်းဝင်မြို့အဖြစ် မြို့အမည် ဖော်ပြ သတ်မှတ်ထားတဲ့ မြို့များမှာ နေထိုင်သူ မှန်သမျှ အောက်မြန်မာပြည်မှာ Capitation Tax လို့ ခေါ်ပြီး အထက်မြန်မာပြည်မှာ Thathameda Tax လို့ ခေါ်တဲ့ လူခွန်တော် မထမ်းဆောင်ရဘဲ လူခွန်အစား သတ်မှတ်ထားတဲ့ မြေခွန်တော် (အိမ်ရာခွန်၊ မြေယာခွန်) ပဲ ပေးဆောင်စေတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ သို့ပို့ကြောင့် စာရင်းဝင်မြို့ ဆိုတာ လူခွန် မထမ်းဆောင်ရတဲ့ မြို့များစာရင်း ဖြစ်ပါကြောင်း။

mgyoe.com

mgyoe.com SAMPLE BOOK

# လူ့ခွန်တော်နှင့် The SCHEDULED TOWN စာရင်းဝင်မြို့

တစ်နေ့က ညီငယ် မြေစာရင်းအရာရှိကလေးတစ်ယောက်က တခုတ်တရ မေး လာရှာပါတယ်။

"စာရင်းဝင်မြို့ (The SCHEDULED TOWN) ဆိုပြီး မြို့နှင့် ကျေးရွာမြေ များ ဥပဒေ၊ မြေနှင့်အခွန်တော် ဥပဒေများမှာ ဖော်ပြထားတာ တွေ့ရပါတယ် ဆရာ၊ ကျွန်တော် ကောင်းကောင်း နားမလည်ဘူး၊ ဘာကြောင့် The Scheduled Towns စာရင်းဝင်မြို့လို့ ခေါ်တာပါလဲ၊ Scheduled Towns မြို့တွေက Lower Burma Town and Village Land Act မှာ ဖော်ပြတဲ့ မြို့အရေအတွက်နဲ့ Lower Burma & Upper Burma Land and Revenue Manual တွေမှာ ဖော်ပြထားတဲ့ မြို့အရေအတွက်ကလည်း မတူပါလား၊ ကျေးဇူးပြုပြီး နည်းနည်း လောက် ရှင်းပြပေးပါလား" တဲ့။

သူ မေးတဲ့ မေးခွန်းကလေးကတော့ တိုတိုကလေးပါ။ The SCHEDULED TOWN ဆိုတာ ဘာလဲပေါ့။ လွယ်လွယ်ဖြေရရင် Lower Burma Town and Village Land Act section (4), clause (4) မှာ ဖော်ပြထားတဲ့ Scheduled Town" means a town specified in the schedule: ဆိုတဲ့အတိုင်း LBTVL မှာ အမည်စာရင်းနဲ့ သတ်မှတ် ဖော်ပြထားတဲ့ မြို့တွေပေါ့ကွလို့ ဖြေလိုက်ရင် ပြီးတာပေါ့။ ဒါပေမဲ့ Scheduled Town ကို နားလည်အောင် ရှင်းပြပေးချင်တယ်။ တိုတို မဖြေချင်ဘူး။ ကျွန်တော်တို့ လူငယ်ဘဝကလည်း သူ့လိုပဲ scheduled town ဆိုတာ ယောင်ဝါးဝါးသာ ဖြစ်ခဲ့ရတဲ့ အတွေ့အကြုံ ရှိခဲ့တော့ ကိုယ်ချင်းစာ တယ်။ နောက်ပိုင်း လုပ်သက်ရင့်လာ၊ စာဖတ်နာလာမှသာ ရှင်းရှင်းလင်းလင်း



mgyoe.com

mgyoe.com
SAMPLE BOOK

နားလည်လာခဲ့ရတာ ဆိုတော့ Scheduled town ဆိုတာ ဘယ်လို အမျိုးအစား ဆိုတာ သဘောပေါက်အောင် ရှင်းပြပေးချင်တယ်။ တကယ်တော့ ရှင်းမယ်ဆို လူခွန်တို့ မြေခွန်တို့ကစပြီး ဆက်စပ်ရှင်းပြမှသာ သဘောပေါက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ခေါင်းလာစားခိုင်းတဲ့ တပည့်ကျော်ကို ပါးစပ်လှုပ် အသံတိတ် ဆဲမိ လိုက်ပါသေးတယ်။

ကဲ ... အခု မြေခွန်က စပြီး အကျဉ်း ရှင်းပြရပါမယ်။

နယ်ချဲ့တို့ရဲ့ ကျူးကျော်စစ် ဖြစ်တဲ့ 1st Anglo-Burma War ဟာ ခရစ်သက္ကရာဇ် ၁၈၂၄ မှာ စတင်ခဲ့ပြီး ၁၈၂၆ မှာ ပြီးဆုံးသွားတဲ့အခါမှာတော့ ရခိုင်နဲ့ တနင်္သာရီနယ်တွေကို အင်္ဂလိပ်က သိမ်းယူ ရရှိသွားပါတယ်။ တနင်္သာရီ ဒေသမှာ ၁၈၂၇ နှစ်နဲ့ ရခိုင်ဒေသမှာ ၁၈၂၈ နှစ်တွေကစပြီး အခွန်တော် စတင် ကောက်ခံတာကို တွေ့ရပါတယ်။ ရခိုင်မှာ အိမ်ခွန်အဖြစ် လည်းကောင်း၊ ဝင်ငွေခွန်အဖြစ် လည်းကောင်း ကောက်ခံပြီး တနင်္သာရီဒေသမှာတော့ မြန်မာမင်းတွေလက်ထက် အခွန်ကောက်တဲ့စနစ်အပေါ် အခြေခံပြီး သီးနှံအထွက်အရ လည်းကောင်း၊ စိုက်ပျိုးထားတဲ့ အပင်အရေအတွက်အရ လည်းကောင်း အခွန်ကောက်ခံတာ တွေ့ရပါတယ်။

အဲဒီအချိန်ကစပြီး ဗြိတိသျှတို့ဟာ သူတို့ရဲ့ မြန်မာကိုလိုနီဒေသမှာ မြေခွန် စတင် စည်းကြပ်နေပြီ ဖြစ်ပေမဲ့ လက်ရှိ ကြေးတိုင်စနစ်လို ပီပီပြင်ပြင် ကြေးတိုင် စိုက်၊ မြေမျိုးခွဲ၊ မြေအဆင့်အတန်း ခွဲပြီး အခွန်နှုန်း သတ်မှတ် စည်းကြပ်ခြင်း မဟုတ်သေးပါဘူး။ မြန်မာမင်းလက်ထက်ကလို သီးနှံ စိုက်ပျိုးမှုနဲ့ သီးနှံအထွက် (Gross Produce) အပေါ် မူတည်ပြီး မြေခွန်စည်းကြပ်နှုန်း အမျိုးမျိုးကို အသုံးပြုနေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ စပါးတင်း ၁၀၀ ထွက်ရင် ၁၀ တင်းနှုန်း စတဲ့ သီးနှံခွန်နဲ့ ကောက်ခံတဲ့သဘော တွေ့ရသလို သီးနှံအထွက်ရဲ့ ရာခိုင်နှုန်း ၂၀ ကနေ ၂၅ ရာခိုင်နှုန်းအထိ ကောက်ခံတဲ့ ကိစ္စရပ်တွေလည်း ရှိနေပါတယ်။ နောက်ပိုင်း သီးနှံနဲ့ ကောက်ခံတာအစား ကျသင့်သီးနှံကို လက်ရှိ ပေါက်ဈေးနဲ့ ငွေကြေးတန်ဖိုးသင့်ပြီး ကောက်ခံတာကိုလည်း တွေ့ရပါတယ်။

၁၈၃၁ ခုနှစ်မှာ သုံးနှစ် ကြေးတိုင်တွေ စစိုက်ပါတယ်။ သီးနှံအထွက်ရဲ့ ငါးပုံ တစ်ပုံကို မြေခွန်အဖြစ် သတ်မှတ်ပြီး သုံးနှစ်တိုင် အဲဒီနှုန်းနဲ့ တစ်သမတ်တည်း ပေးစေခြင်း ဖြစ်ပါတယ်။ ဒါလည်း အခွန်တော် တစ်နှစ်ထက် တစ်နှစ် ပိုပိုတိုးလိုချင်တဲ့ အင်္ဂလိပ်အဖို့ သိပ်အဆင်မပြေပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

## After the 2nd Anglo-Burma War

၁၈၅၂ မှာ 2nd Anglo-Burma War ထပ်မံ ဖြစ်ပွားပြီး ပဲခူးနဲ့ မုတ္တမဒေသတွေ အသိမ်းခံရပြန်ပါတယ်။ ပထမစစ်ပွဲတုန်းက သိမ်းပိုက်သွားတဲ့ တနင်္သာရီနဲ့ ရခိုင်ဒေသကို ဒုတိယစစ်ပွဲမှာ ထပ်မံသိမ်းပိုက် ရရှိတဲ့ ပဲခူး၊ မုတ္တမဒေသတွေနဲ့ တွဲပြီး ၁၈၆၂ ခုနှစ်မှာ ဗြိတိသျှ မြန်မာပြည်လို့ ခေါ်တွင်စေပြီး အိန္ဒိယရဲ့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ အပြီးကစပြီး ဗြိတိသျှ မြန်မာပြည် (အောက်မြန်မာပြည်) လို့ ဖြစ်တည်လာချိန်အတွင်း မြေခွန်စည်းကြပ်မှု ပုံသဏ္ဌာန်အသစ်တွေ စတင် ကျင့်သုံးလာတာ တွေ့ရပါတယ်။

၁၈၆၂ နောက်ပိုင်း စပါးစိုက်ပျိုးမှု ဧရိယာတွေ တစ်ဟုန်ထိုး တိုးချဲ့လာတာနဲ့ အမျှ မြေခွန် တိုးတက်ကောက်ခံ ရရှိဖို့ ဗြိတိသျှ အစိုးရက စီစဉ်ဆောင်ရွက်လာပါတယ်။ ကွင်းအလိုက် မြေခွန်နှုန်းတွေ သတ်မှတ်ပြီး သုံးနှစ်ကနေ ၁၀ နှစ်သက်တမ်းရှိ မြေငှားစနစ်နဲ့ မြေခွန်တော် ကောက်တဲ့စနစ်ကို ၁၈၆၃-၁၈၆၄ ခုကစပြီး အောက်မြန်မာပြည်မှာ ကျင့်သုံးလာတာကို တွေ့ရပါတယ်။ အထက်ပါစနစ်ဟာ စပါးစိုက် ဧရိယာတွေ တိုးတက်လာပေမဲ့ ပုံသေမြေငှားခသာ ရရှိပြီး မြေခွန်တော် တိုးတက်မှု မရှိတာကြောင့် မြေနဲ့ ပတ်သက်တဲ့ အခွန်တော်တွေ စနစ်တကျ ပြဋ္ဌာန်း သတ်မှတ် ကောက်ခံနိုင်ဖို့ ၁၈၇၆ အောက်မြန်မာပြည် မြေနဲ့ အခွန်ဥပဒေ စတင် ပြဋ္ဌာန်းပါတယ်။ ၁၈၇၆ အောက်မြန်မာပြည် မြေနဲ့ အခွန်တော် ဥပဒေမှာ မြေခွန်တော်၊ တောင်ယာခွန်၊ သဿမေဓခွန်နဲ့ အခြားအခွန်တော်တွေကို စည်းကြပ် ကောက်ခံတဲ့ စနစ်တွေကို စုစည်း ပြဋ္ဌာန်းထားပါတယ်။

## After the 3rd Anglo-Burma War

အထက်မြန်မာပြည်ကို ၁၈၈၅ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ထပ်သိမ်းပိုက်ပြီးတဲ့အခါ မြန်မာတစ်ပြည်လုံး သူ့ကျွန်ဘဝ ရောက်သွားပါတယ်။ အင်္ဂလိပ်က အထက်မြန်မာပြည် သိမ်းပြီးတဲ့အခါ ၁၈၈၉ ခုနှစ် အထက်မြန်မာပြည် မြေနှင့် အခွန်တော်စည်းမျဉ်း ဥပဒေ ထပ်ပြဋ္ဌာန်းလိုက်ပြီး မြန်မာတစ်နိုင်ငံလုံးက မြေတွေကို အထက်/အောက် မြေနဲ့ အခွန်တော် ဥပဒေနှစ်ရပ်နဲ့ စီမံအုပ်ချုပ်ခြင်း၊ မြေယာချထားခြင်း၊ အခွန်ကောက်ခံခြင်းတွေ ဆောင်ရွက်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## လူခွန်တော်

၁၈၇၆ မြေနှင့် အခွန်ဥပဒေ ပြဋ္ဌာန်းစဉ်ကစပြီး ဗြိတိသျှတွေဟာ မြန်မာ ကိုလိုနီနယ်တွေမှာ မြေခွန်အပြင် အခွန်သစ်တွေ ထပ်ပြီး သတ်မှတ်ပါတယ်။ အဲဒီထဲမှာ ထူးခြားတဲ့ အခွန်တွေ ပါဝင်လာပါတယ်။

ပထမအခွန်က တောင်ယာခွန် ဖြစ်ပါတယ်။ ဓားခွန်လို့လည်း ခေါ်ကြပါတယ်။

တောင်ယာစိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုတဲ့ တောင်တန်းဒေသသားတွေ၊ တိုင်းရင်းသား မျိုးနွယ်စုတွေ၊ အိမ်ထောင်စုတွေအတွက် ကောက်ခံခြင်းဖြစ်ပါတယ်။ ကရင်နဲ့ တနင်္သာရီမှာ အင်္ဂလိပ်လက်အောက် ရောက်ပြီး မကြာမီမှာပဲ တောင်ယာခွန်အဖြစ် ဓားတစ်လက်၊ လူတစ်ယောက် မည်မျှ ဆိုပြီး ကောက်ခံနေတယ်လို့ သိရပါတယ်။ တောင်ယာစိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုမယ့် တိုင်းရင်းသား ပြည်သူတွေကို အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၂၁ အရနဲ့ အထက်မြန်မာပြည် မြေခွန်တော်ဥပဒေ နည်းဥပဒေ ၇၀-၇၄ ပြဋ္ဌာန်းချက်တွေအရ သင့်လျော်ရာ အရပ်ဒေသတွေမှာ တောင်ယာခုတ်ဖို့ မြေနေရာတွေ သတ်မှတ်ချထားပေးပါတယ်။ အဲဒီနောက် ယင်းမြေနေရာတွေမှာ စိုက်ပျိုးလုပ်ကိုင်တဲ့ မိသားစုတွေ၊ မျိုးနွယ်စုတွေကို အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေပုဒ်မ ပုဒ်မ ၃၃ အရ မြေခွန်အစား တောင်ယာခွန် စည်းကြပ်ပါတယ်။ အိမ်ထောင်စုအလိုက် သော်လည်းကောင်း၊ တစ်ဦးချင်းအနေနဲ့ သော်လည်းကောင်း ထမ်းဆောင်ရမယ့် တောင်ယာခွန်တွေ သတ်မှတ်ပါတယ်။ တောင်ယာခွန် ပေးဆောင်ရမယ့် နှုန်းထားကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အသက် ၁၈ နှစ် ပြည့်ပြီးတဲ့ ယောကျ်ားတစ်ယောက်ကို နှစ်ကျပ် (2 rupee) သို့မဟုတ်
- အိမ်ထောင်စု တစ်စုကို နှစ်ကျပ် သတ်မှတ်ပါတယ်။

ဒုတိယ အခွန်က လူခွန်တော် ဖြစ်ပါတယ်။

အထက်မြန်မာပြည်မှာ သဿမေဓခွန် (Thathameda tax) လို့ ခေါ်ပြီး အောက်မြန်မာပြည်မှာတော့ Capitation tax လို့ သုံးစွဲပါတယ်။ Thathameda tax ရော Capitation tax ရော tax နှစ်ခုစလုံးဟာ လူခွန်တွေသာ ဖြစ်ပါတယ်။ အဲဒီအခွန်တွေဟာ အခေါ်အဝေါ် ကွဲပေမဲ့ အမှန်အားဖြင့် တစ်မျိုးတည်း ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်အစိုးရက မြေပေါ်မှာ နေတဲ့ ပြည်သူတွေဆီကနေ ရနိုင်သမျှ အခွန်ကို နည်းမျိုးစုံ ခြစ်ကုတ် တောင်းခံတဲ့သဘောပါ။ တစ်ခု ကံကောင်းတာက လူခွန်တော် ပေးဆောင်ရတာ မိန်းမသားတွေ မပါဘဲ ယောကျ်ားသားတွေသာ ပေးရခြင်းပါ။

လူခွန်တော် ထမ်းဆောင်ရမယ့် အမျိုးသားတွေကတော့ အသက် ၁၈ နှစ် အတွင်းကနေ အသက် ၆၀ အတွင်းရှိ အမျိုးသားတွေ ဖြစ်ပါတယ်။ ထမ်းဆောင်ရတဲ့ နှုန်းထားက အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အိမ်ထောင်ရှိ ယောကျ်ားသားတွေကတော့ တစ်နှစ်ကို ငါးကျပ် (5 rupee) ထမ်းဆောင်ဖို့နဲ့
- အိမ်ထောင်မရှိ လူပျိုလူလွတ် ယောကျ်ားသားတွေအတွက် တစ်နှစ် နှစ်ကျပ်ခွဲ (2 rupee and 8 annas) ထမ်းဆောင်ဖို့ သတ်မှတ်ထားပါတယ်။

## မြေခွန်နဲ့ ဆက်စပ်တဲ့ စာရင်းဝင်မြို့

အောက်မြန်မာပြည် မြေခွန်တော် ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့် အခွန် စည်းမျဉ်းတွေ ပြဋ္ဌာန်းခါစမှာ တစ်ပြည်လုံး စနစ်ကျနတဲ့ ကြေးတိုင် စိုက်ခြင်း၊ မြေမျိုး အတန်းအစားအလိုက် မြေခွန်နှုန်းထားတွေ သတ်မှတ် ကောက်ခံခြင်း မပြုရသေးပါဘူး။ မြေကို အသုံးချပြီး စိုက်ပျိုးလုပ်ကိုင် နေထိုင်နေတဲ့သူအားလုံး ထံက အခွန်တော် မလစ်လပ်လေရအောင် အချို့နေရာတွေမှာ မြေခွန်၊ အချို့နေရာတွေမှာ သီးနှံခွန်၊ အချို့နေရာမှာ လူခွန်တွေ ကောက်ခံရာမှာ scheduled town စာရင်းဝင်မြို့အဖြစ် သတ်မှတ်ထားတဲ့ မြို့တွေမှာ နေထိုင်သူတွေကို တော့ အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) နဲ့ အထက်မြန်မာပြည် မြေခွန်တော်စည်းမျဉ်း အမိန့်ဆင့်ဆိုချက် (၁၈၄) အရ လူခွန် မထမ်းဆောင်စေရပါဘူး။ လူခွန်အစား မြေခွန်ကိုသာ ထမ်းဆောင် စေပါတယ်။

Scheduled Towns in which land-rate in lieu of capitation-tax is levied:-

ဒါကြောင့် စာရင်းဝင်မြို့ ဆိုတာ လူခွန်အစား မြေခွန်သာ ကောက်ခံဖို့ စာရင်းထုတ်ပြန်ထားတဲ့မြို့တွေလို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။

လူခွန်အဖြစ် ထမ်းဆောင်ရမယ့် တစ်ယောက်ကို ငါးကျပ်၊ နှစ်ကျပ် ၅၀ ပြား ကျသင့်မယ့် အခွန်ငွေကို မကောက်ခံဘဲ မြေခွန်အဖြစ် ဘယ်လို ကောက်ခံ



mgyoe.com

mgyoe.com SAMPLE BOOK

သလဲ ဆိုတော့ အောက်မြန်မာပြည် မြေခွန်တော် အက်ဥပဒေ ပုဒ်မ ၃၅ မှာ သတ်မှတ်ထားတဲ့အတိုင်း ကောက်ခံပါတယ်။

- စာရင်းဝင် မြို့တွေမှာ နေထိုင်သူတွေအတွက် အိမ်ရာ ဆောက်လုပ်နေထိုင်သူ ဖြစ်လျှင် တစ်စတုရန်းပေကို တစ်ပိုင်ခွဲ။ (one pie and a half per square foot) (၁ စ/ပေ = ၁ ပြားခွဲ)
- အိမ်ရာ ဆောက်လုပ်နေထိုင်ခြင်း မရှိသူအတွက် တစ်ဧကလျှင် သုံးကျပ် (3 rupee)။

**မှတ်ချက်။** အင်္ဂလိပ် ကိုလိုနီခေတ်က Rupee သုံးပါတယ်။ ၁ ရူပီး = ၁ ကျပ်ပါ။ တစ်ကျပ်မှာ ၆၄ ပြား သို့မဟုတ် ၁၆ ပဲ (Annas) ရှိပါတယ်။ ရှေးတုန်းကတော့ အိန္ဒိယမှာ သုံးနေတဲ့အတိုင်း 1 Rupee = ၆၄ ပြား ထားဟန်ရှိပါတယ်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်း decimalization ဥပဒေအရ ဆယ်လီစိတ်လုပ်တော့မှ ၁ ကျပ် = ၁၀၀ ပြား ပြန်သတ်မှတ်တာ ဖြစ်ပါတယ်။ ဘာကြောင့်ဆို ရေကြီးကွင်း မြေလပ်ခွန်ကို မြေခွန်တော်ဥပဒေမှာ (၂ ပဲ) 2 Annas လို့ သတ်မှတ်ထားတာ ဥပဒေအရ ဆိုရင် ၁ ပဲ = ၄ ပြားနှုန်းအရ ၂ ပဲ အတွက် ၈ ပြားသာ မြေခွန် စည်းကြပ်ရမယ့်အစား လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၃ ပြားနှုန်း စည်းကြပ်ရတဲ့အတွက် ဖြစ်ပါတယ်။ ထိုစဉ်က 1 rupee was devided into 16 annas=64 paise လို့ ဆိုတဲ့အတွက် အရင်တုန်းက pai ကနေ ပြား ပြောင်းပြီး 16 annas=64 paise အစား 16 annas=100 pyas ဖြစ်သွားပါတယ်။

## စာရင်းဝင်မြို့ ဘယ်နှမြို့ ရှိသလဲ

စာရင်းဝင်မြို့ အရေအတွက်က သုံးမျိုး ဖြစ်နေပါတယ်။

(က) ၁၈၇၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေမှာ ဖော်ပြထားတဲ့ စာရင်းဝင်မြို့က အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) Rangoon (ရန်ကုန်)၊
(၂) Thayetmyo (သရက်မြို့)၊
(၃) Toungoo (တောင်ငူ)၊



mgyoe.com

mgyoe.com SAMPLE BOOK

(၄) Kyaukpyu (ကျောက်ဖြူ)၊
(၅) Bassein (ပုသိမ်)၊
(၆) Prome (ပြည်)၊
(၇) Akyab (စစ်တွေ)၊
(၈) Henzada (ဟင်္သာတ)။

(ခ) ၁၈၈၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အထက်မြန်မာပြည် မြေနှင့် အခွန်တော် စည်းမျဉ်းဥပဒေ၊ အမိန့်ဆင့်ဆိုချက် (၁၈၄) (Direction- 184) မှာတော့ ဒီလို ဖော်ပြထားပါတယ်။

(၁) Rangoon (ရန်ကုန်)၊
(၂) Thayetmyo (သရက်မြို့)၊
(၃) Toungoo (တောင်ငူ)၊
(၄) Kyaukpyu (ကျောက်ဖြူ)၊
(၅) Bassein (ပုသိမ်)၊
(၆) Prome (ပြည်)၊
(၇) Akyab (စစ်တွေ)၊
(၈) Henzada (ဟင်္သာတ)၊
(၉) Moulmein (မော်လမြိုင်)၊
(၁၀) Mandalay (မန္တလေး)။

(ဂ) ၁၈၉၈ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေ များ အက်ဥပဒေမှာကျတော့ စာရင်းဝင်မြို့တွေကို အောက်ပါအတိုင်း ဖော်ပြ ထားပြန်ပါတယ်။

(၁) Rangoon (ရန်ကုန်)၊
(၂) Bassein (ပုသိမ်)၊
(၃) Moulmein (မော်လမြိုင်)၊
(၄) Prome (ပြည်)၊
(၅) Akyab (စစ်တွေ)။

အားလုံးသော စာရင်းဝင်မြို့တွေဟာ လူခွန် မထမ်းဆောင်ရဘဲ မြေခွန်သာ ထမ်းဆောင်ရပါတယ်။ အခွင့်အရေး အတူတူပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

## တရင်းဝင်မြို့အတွက် ဥပဒေ ပြဋ္ဌာန်းချက်

The Scheduled Town တရင်းဝင်မြို့ ဆိုတာကို 1876 LowerBurma Land Revenue Act မှာ ဒီလို ဖော်ပြထားပါတယ်။

Towns in which land-rate in lieu of capitation-tax is levied: -

**Section 34:** A capitation-tax shall be payable by all males between the ages of eighteen and sixty years, at search rates as the Governor may from time to time by notification direct:

Provided that such rates shall not exceed the following, that is to say:-

- on married men,_ five rupees a year;
- on men who have no wives,_two rupees and eight annas a year;

Provided also that this tax shall not be payable-

(a) by the residents of any of the towns mentioned in the schedule here to annexe:

(b) by the residents of any town on which the Governor may impose a land-rate under section 35.

**Section 35:** In the towns mentioned in the schedule hereto annexed, and in such other towns as the Governor may from time to time by notification direct, there shall be levied, instead of the capitation-tax, an annual rate upon land, to be fixed from time to time by the Governor by notification, but not to exceed the following, that is to say:-

- on land covered with buildings,_ one pie and a half per square foot;
- on land not covered with buildings,_three rupee per acre.

The boundaries of the towns in which such rate is leviable shall be fixed from time to time, for the purpose of this section, by the Governor by notification, and may be so fixed as to include any suburbs of such towns.


mgyoe.com

mgyoe.com SAMPLE BOOK

Explanation.- The rate leviable on any land under this section shall be in addition to any land-revenue payable thereon.

ဥပဒေမှာ ဖော်ပြထားချက်အရဆိုရင် စာရင်းဝင်မြို့အဖြစ် မြို့အမည် ဖော်ပြ သတ်မှတ်ထားတဲ့ မြို့များမှာ နေထိုင်သူမှန်သမျှ အောက်မြန်မာပြည်မှာ Capitation Tax လို့ ခေါ်ပြီး အထက်မြန်မာပြည်မှာ Thathameda Tax လို့ ခေါ်တဲ့ လူခွန်တော် မထမ်းဆောင်ရဘဲ လူခွန်အစား သတ်မှတ်ထားတဲ့ မြေခွန်တော် (အိမ်ရာခွန်၊ မြေယာခွန်) ပဲ ပေးဆောင်စေတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ သို့မို့ ကြောင့် စာရင်းဝင်မြို့ ဆိုတာ လူခွန် မထမ်းဆောင်ရတဲ့ မြို့များစာရင်း ဖြစ်ပါ ကြောင်း ရှင်းလင်း တင်ပြလိုက်ပါတယ်ခင်ဗျား။


mgyoe.com

mgyoe.com SAMPLE BOOK

# မြေယာမှုခင်းများ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဗဟိုလယ်/စီ၏ ညွှန်ကြားချက်များ ပြည့်စုံရန် လိုအပ်ခြင်း
## အပိုင်း (၁)

၂၀၁၂ လယ်ယာမြေ ဥပဒေအရ ဆိုရင်တော့ မြေပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်တွေ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရတော့မှာ ဖြစ်တဲ့အတွက် ဖြစ်ပေါ်လာမယ့် မြေယာမှုခင်း အမျိုးအစား ပြောင်းလဲသွားမှာ ဖြစ်သလို မှုခင်းအပေါ် စဉ်းစားသုံးသပ် ဆုံးဖြတ်ပေးရမယ့် အချက်တွေကလည်း ရှေးက ဆောင်ရွက်ခဲ့တဲ့ မြေယာမှုခင်း စစ်ဆေးရာမှာ အခြေခံရမယ့် မှုကြီး ၁၀ ချက်နဲ့ အများကြီး ကွဲလွဲသွားမှာ ဖြစ်ပါတယ်။ ဗဟိုလယ်/စီအဖွဲ့ အနေနဲ့ ဒီအချက်ကို မြင်တတ်ဖို့ အရေးကြီးပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြေယာမှုခင်းများ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် ဗဟိုလယ်/စီ၏ ညွှန်ကြားချက်များ ပြည့်စုံရန် လိုအပ်ခြင်း အပိုင်း (၁)

## မြေယာတရားရုံးများ

လယ်ယာမြေ စီမံခန့်ခွဲရေးမှာ ယခင် ကျင့်သုံးခဲ့တဲ့မူက မြေပေါ် အမှန်တကယ် လုပ်ကိုင်နေသူသာ လုပ်ကိုင်ခွင့် ရရှိရေး ဖြစ်ပါတယ်။ နိုင်ငံရေးဆန်ဆန် ပြောရရင် လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့်ရရှိရေး ဖြစ်ပါတယ်။ လယ်ယာမြေ အငြင်းပွားမှုတွေကို သီးစားမှုခင်းလို့ ခေါ်ပါတယ်။ မြေကို လုပ်ကိုင်ခွင့် ရရှိရေးအတွက် ကျေးရွာမြေယာကော်မတီထံ သီးစားမှတ်ပုံတင်စဉ်မှာ သူ့အမည်နဲ့ လုပ်ခွင့်ပေးပါ၊ ငါ့အမည်နဲ့ လုပ်ခွင့်ပေးပါ ဆိုပြီး လုပ်ကိုင်ခွင့် အငြင်းပွားတဲ့အခါ ဘယ်သူ့ကို သီးစားအမည် တင်သင့်တယ်၊ ဘယ်သူ့ကို ငြင်းပယ်သင့်တယ်လို့ မြေယာကော်မတီတွေက စစ်ဆေး ဆုံးဖြတ်ရာက သီးစားမှုခင်းလို့ လွယ်လွယ်ခေါ် လိုက်တာပါ။ အမှန်ကတော့ မြေယာမှုခင်းပဲ ဖြစ်ပါတယ်။ Land dispute case ပါ။

မြေယာအမှု (မြေယာမှုခင်း) တွေ၊ လယ်ယာမြေနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို စစ်ဆေးစီရင်ရတဲ့ ဗဟိုမြေယာကော်မတီနဲ့ အဆင့်ဆင့်သော မြေယာကော်မတီတွေကို နိုင်ငံတော်သမ္မတက ၁၉၅၃ လယ်/နိုင် အက်ဥပဒေ ပုဒ်မ ၁၄၊ ၁၅ နဲ့ ၁၆ မှာ အပ်နှင်းထားတဲ့ အခွင့်အာဏာနဲ့အညီ ဖွဲ့စည်းတာဝန်ပေးအပ်ပါတယ်။ ဒါ့အပြင် ၁၉၅၃ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၂၃ အရ တရားမ တရားရုံး (Civil Court) ရဲ့ အချို့အာဏာတွေ အပ်နှင်းထားသမို့ လယ်ယာမြေ လုပ်ကိုင်ခွင့် အငြင်းပွားမှု ဖြစ်ရင် တရားရုံးတစ်ရုံး



mgyoe.com

mgyoe.com
SAMPLE BOOK

လို စစ်ဆေး ဆောင်ရွက်နိုင်တာကြောင့် မြေယာကော်မတီရုံးတွေကို မြေယာ တရားရုံးများလို့ အမည်တပ်နိုင်ပါတယ်။

## မြေယာတရားရုံးများမှ ကိုင်စွဲကျင့်သုံးရသည့် ဥပဒေ

မြေယာကော်မတီတွေဟာ သူတို့ကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အရ မူလမှုခင်း၊ အယူခံမှုခင်းတွေ စစ်ဆေး ဆုံးဖြတ်ရတဲ့အခါ စနစ်ကျနတဲ့ စစ်ဆေး ဆုံးဖြတ်မှု၊ ဖြောင့်မတ် မှန်ကန်ပြီး ဥပဒေနဲ့ ညီညွတ် မျှတတဲ့ စီရင်မှုတွေ ဖြစ်ဖို့အတွက် သူတို့ချည်း မစွမ်းဆောင်နိုင်ပါဘူး။ အဆင့်ဆင့်သော မြေယာကော်မတီတွေရဲ့ လုပ်ဆောင်မှုတွေ စနစ်တကျ ရှိစေရေး၊ တရားမျှတတဲ့ ဆုံးဖြတ်မှုတွေ ဖြစ်စေရေးအတွက် ဟိုတစ်ခေတ်က တည်ရှိခဲ့တဲ့ ဗဟိုမြေယာကော်မတီဟာ သူ့ခေတ် သူ့အခါအနေနဲ့ ကြည့်ရင် ပြောစရာ မလိုအောင်ကို အတော် အာရုံစိုက် လုပ်ပေးခဲ့တာ တွေ့ရပါတယ်။

မြေယာ စီမံခန့်ခွဲရေးမှာ လက်ကိုင်ထား အသုံးပြုရမယ့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၅၄ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး နည်းဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို မြေယာကော်မတီတွေက လိုက်နာ ကျင့်သုံးရပါတယ်။ ဗဟိုမြေယာကော်မတီဟာ မြေယာစီမံခန့်ခွဲသူတွေ၊ အဆင့်ဆင့်သော မြေယာကော်မတီ အဖွဲ့ဝင်တွေ၊ ဗမာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံး (ဗ-တ-လ-စ) အဖွဲ့ဝင်တွေ၊ လူထုပညာရေးမှူးတွေ၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးဌာနက ဝန်ထမ်းတွေအနေနဲ့ အဆိုပါ ဥပဒေတွေကို ကျေကျေညက်ညက် သဘောပေါက် နားလည်သိရှိကျွမ်းကျင်စေဖို့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းမြို့မှာ သင်တန်းကျောင်း ဖွင့်ပြီး တစ်ပြည်လုံးက သင်တန်းသားတွေကို မြေယာသင်တန်းတွေ အကြိမ်ကြိမ် လေ့ကျင့် သင်ကြားပေးပါတယ်။

ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံးမှာလည်း ရန်ကုန်မြို့ မင်္ဂလာဒုံ ဗဟိုနိုင်ငံရေး တက္ကသိုလ်မှာ လမ်းစဉ်ပါတီဌာနချုပ်နဲ့ ဗဟိုတောင်သူလယ်သမား အစည်းအရုံးတို့ရဲ့ ဦးဆောင်မှုနဲ့ မြေယာသင်တန်းတွေ အဆက်မပြတ် ပို့ချပေး၊ လေ့ကျင့်ပေးခဲ့တာ ၁၉၈၈ အရေးအခင်း ဖြစ်ချိန်အထိပါပဲ။


mgyoe.com